
www.burmeseclassic.com



www.burmeseclassic.com


ပြည်သူ့သဘောထား

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


BURMESE CLASSIC .com

# သျှင်မ

# ထို့ကြောင့် သည်အရာ ဤသို့ရှိသော

(အချစ်မေတ္တာဘွဲ့လုံးချင်းဝတ္ထုသန့်သန့်)

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၇၉၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၀၅၀၉၀၉
ထုတ်ဝေခြင်း
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်
ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်
အမှတ်(၁၀၆)၊ တာမွေလမ်း။
တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - L လင်း
ကွန်ပျူတာ - ဝါဝါနိုင်
ဖြန့်ချိရေး - မြတ်မာမာမင်း၊ မင်းလေး။
အတွင်းဖလင် - ကိုအောင်ကျော်
စာအုပ်ချုပ် - သစ္စာမွန်
သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။

၈၉၅ . ၈၃
သျှင်မ
ထို့ကြောင့် သည်အရာဤသို့ရှိသော် / သျှင်မ ။ - ရန်ကုန်
ရဲအောင်စာပေ၊ ၂၀၀၉။
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ထို့ကြောင့် သည်အရာဤသို့ရှိသော်

'အစက အိမ်မှာ ဒီလိုဘယ်ဟုတ်လိမ့်မလဲ'

ဟု ဒေါ်သန္တာပြောပြီဆို ဂမုန်း ဘယ်ချောင်ပြေးကပ်ရမှန်းမသိ ဖြစ်ရသည်သာ။

အိမ်မှာ ဂမုန်းကို မွေးပြီးပြီးချင်း အမေဆုံးသွားတာ။

အမေဆုံးသွားပြီးတဲ့နောက်မှာ စီးပွားရေးတွေ သိသိသာသာကျကာ ခုဆိုအိမ်ခေါင်မိုးပေါက်ပြနေတာတောင် မမိုးနိုင်သေးတာ…။

ရပ်ကွက်ထဲမှာ ဆန်ပေး ဆီပေး သွားပြေးတိုး အဲဒါ ရမလာ ကြည့်… အားလုံးသော မကောင်းခြင်းတွေဟာ ဂမုန်းကြောင့်ပဲ ဖြစ်လာသည်။

တကယ်တော့ ဒေါ်သန္တာဟာ မိထွေးဆိုပေမယ့် ဂမုန်းတို့ရဲ့အမေ ဒေါ်စန္ဒာရဲ့ညီမအရင်း ဖြစ်သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိတွေးဟာ အဒေါ်မိတွေးပါပဲ…

ဒါပေမယ့် တူမတွေမို့ ဒေါ်သန္တာ မိတွေးမပီသတဲ့ အထဲမှာ ဂမုန်းမပါပေ။

ဒေါ်လေးက ဂမုန်းကိုဆို အသားလွတ်မုန်းသည်။

ဂမုန်းကို ငယ်ငယ်လေးကတည်းက ထိန်းရင်း ဂမုန်းသုံးနှစ်သမီးလောက်မှာ အဖေနဲ့လူကြီးတွေကပဲ ပေးစားခဲ့သည်ဟု ဆိုသည်။

'အဲဒီ ကောင်မလေးကြောင့် ငါ့အစ်မသေတာ'

ဟု ဟိုတုန်းကဆို မကြာခဏပြောတတ်၍ ဂမုန်း အိမ်ခန်းထဲပြေးဝင်၍ ငိုလိုက်ရတာ တစ်ခါတလေ ထမင်းပင် ထွက်မစားဝံ့တဲ့အထိပင်။

အရွယ်တွေ ရောက်လာတော့လည်းကြည့် အစ်ကို တစ်ယောက်၊ အစ်မနှစ်ယောက် ရှိသည်။

တစ်ယောက်မှ ပညာရေးမှာ မထူးခွန်ကြပေ။ ဂမုန်းကျမှ အတန်းတိုင်းမှာ ဆုရသည်။ ဆုကိုပင် ဒေါ်သန္တာမကျေမောရမှန်း မသိလောက်အောင် ဂမုန်းရဲ့တန်ဖိုးကို မျက်ကွယ်ပြုခဲ့သည်။

'ငါ့သမီးက… တော်သားပဲ'

ဟုအဖေက ချီးမွမ်းလျှင်…

'အမလေး သူတက်တဲ့ကျောင်းကိုက သိပ်တော်တာမှမရှိဘဲ အနူတောတော့ လူချောပေါ့'





ဒေါ်သန္တာက မချီးမွမ်းတတ်ပါ။

အစ်ကိုကတော့ စစ်တပ်ထဲဝင်သွားကာ သူ့ရဲ့ပထမဆုံးလစာကို ပို့ပေးခဲ့လေသည်။

မမမိုးကလည်း ရောဝတီသင်္ဘောသားတစ်ယောက်နဲ့ အိမ်ထောင်ကျသွားခဲ့သည်။

မပြည့်ကတော့ ချစ်သူနှင့် လက်ထပ်တော့မည့်ဆဲဆဲ လောလောဆယ် ဖယောင်းတိုင်စက်ရုံမှာ အလုပ်လုပ်နေတယ်။

ဘာမှမလုပ်ဘဲ ကျောင်းတက်ရင်း လက်ဝါး ဖြန့်နေရသူက ရှစ်တန်းကျောင်းသူ ဂမုန်းပဲ ဖြစ်လေသည်။

'ဘယ်နှယ့်… ကျောင်းကလည်း တောင်းလှချည်လား၊ ဟိုတလောကပဲ သုံးရာပေးလိုက်ရတာယ်၊ အခုနှစ်ရာ ဘာကြေးတွေလဲ'

အိမ်မှာ အဖေရှိစဉ်ကဆို ဂမုန်းမှာ အားကိုးစရာရှိသေးတယ်။ မမမိုးကလည်း ယောက်ျားသင်္ဘောနဲ့ လျှောက်လိုက်နေ၍တစ်မျိုး။

ကိုကြီးလည်း မရှိ။

မပြည့်က အိမ်ထောင်သည် မဟုတ်တော့ ကိုယ်တိုင်ငွေရှာနေပေမယ့် ငွေမကိုင်ရသေး။

ဂမုန်း ဒေါ်လေးရဲ့ မျက်စောင်းအဆူအဆောင့်တို့ ခေါင်းငုံ့ခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစိမ်းဝတ်စုံဆိုလည်း လတ်လတ် တစ်စုံသာ ရှိသည်။ ကျောင်းကပြန်တော့ ချွတ်လျှော်၊ ပြေးလှမ်း တစ်ခါတစ်ရံ အလုပ်များသွား၍ လျှော်ချိန်နောက်ကျသွားလျှင် ကျောင်းသွားချိန်မှာ မခြောက်တော့ပေ။

မခြောက်ပေမယ့်လည်း အစိုအတိုင်းပဲ ဝတ်သွားရတဲ့အခါရှိသည်။ ဂမုန်းပညာလိုချင်လွန်းသောကြောင့် 'ငါကျောင်းတက်နေရရင် ပြီးတာပဲ'ဟု သဘောပိုက်ကာ စာသင်ခန်းထဲရောက်ဖို့ကို ဘယ်လိုပုံစံနဲ့ပဲ သွားရသွားရ သွားခဲ့ပါသည်။

ထိုတစ်ခုတော့ ကျေးဇူးဟင်ရပါမည်။

ဒေါ်လေးဟာ ဆင်းရဲကျပ်တည်းနေတဲ့ကြားက ဂမုန်းကိုလည်း မုန်းတီးနေပါလျက်နှင့် ကျောင်းတော့ဖြင့် မတက်နဲ့လို့ မတားဆီးခဲ့ဖူးပေ။ ဂမုန်း ပညာတော်တာ အရပ်က အသိအမှတ်ပြုထားကြသည်လည်း ပါပါလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ဒေါ်လေး ဘယ်လိုပဲသဘောထားထား ဂမုန်း ဒေါ်လေးကို မမုန်းပါ။ ခုလည်း ကျောင်းမှာ ကထိန်အတွက် တစ်ယောက် နှစ်ရာတောင်းသည်။ တောင်းကြည့်တော့ ဒေါ်လေး ဆူလေသည်။

ထို့ကြောင့် ရှိတဲ့သံတိုသံစတွေ၊ ဒန်အစုတ်အပဲ့တွေ ဂမုန်း လိုက်စုသည်။ စုတ်ပြတ်နေသော ဝတ္ထု၊ မဂ္ဂဇင်းစာအုပ်ပြဲတွေပါသည်။ ကုလားဆိုင်မှာ သွားရောင်းလိုက်၏။





အားလုံးတစ်ရာ့ရှစ်ဆယ်ရသည်။ နှစ်ဆယ်တောင်းတော့ ဒေါ်လေး ဒေါသထွက်ပြန်ပါသည်။

'မိနက်မ··· ညည်းဟာလေ ငယ်ငယ်ကတည်းက ဒုက္ခပေးလာတာ ခုထိမနားသေးဘူး၊ ဘယ်သူမှ··· ငါ့ကို ဒုက္ခမပေးဘူး၊ ညည်း··· ခုထိနှိပ်စက်တုန်း စနေတွေ ဘယ်စနေမှ မကောင်းဘူး၊ ပြောတော့ ငါက မိတွေးမို့ပြောတယ်ဖြစ်ရော၊ ငါ့မှာ··· မုဆိုးမဖြစ်နေရတာတောင် သင်းတို့က နှိပ်စက်တုန်း'

မခံနိုင်တော့သည့် ဆူပြောခြင်းများကို ဂမုန်း ကျောခိုင်းထွက်လာခဲ့သည်။

ဂမုန်းနက်တဲ့···။ စနေကိုမုန်း၍ စနေသမီးပေမယ့် စနေနံကို ရှေ့ကမတင်ဘဲ နောက်ကပိတ်ထားတာဟု ပြောကြဖူးသည်။ ဂမုန်းကို အားလုံးက ဂမုန်းဟု ခေါ်ကြသည်။

ဒေါ်သွန္တာကတော့ ဒေါသတွေထွက်လာတိုင်း 'မိနက်မ' ဟု ခေါ်လေသည်။ ဒေါသကလည်း ဂမုန်းကိုမြင်တိုင်းထွက်တတ်တာကြောင့် 'မိနက်မ'ဆိုတာ ဒေါ်လေးတစ်ယောက်တည်းရဲ့ ခေါ်စရာနာမည် ဖြစ်နေခဲ့သည်။

○



www.burmeseclassic.com

www.burmeseclassic.com

‘ဂမုန်းရေ’

‘ရှင် မမိုး လာပြီ’

ကမ်းနားမှာ မမိုးတို့ သင်္ဘော ဆိုက်နေတယ်ဆိုတာကို ကြားပြီးသား၊ မမိုးအသံကြားတော့ ဂမုန်းကျောင်းဝတ်စုံလျှော်နေရင်းက ဖျတ်ခနဲ ထပြေးခဲ့သည်။

‘မမိုး’

‘နင် ဘာလုပ်နေတာလဲ’

‘အဝတ်လျှော်နေတာ မမိုးရဲ့၊ မမိုး ဘာတွေပါလဲ’

ဆပ်ပြာမစင်သေးသည့် ချွဲတဲတဲလက်ကို တင်ပါးစောင်းမှာ ပွတ်သုတ်၍ မျက်လုံးက မမိုးရဲ့ ဟမ်းဘက်အိတ်ကြီးဆီ ရောက်မိ၏။

‘ဟွဲ့… ဘာမှမပါဘူးလား’

‘အောက်ပိုင်းက တက်လာတာ၊ ငါးပိ၊ ငါးခြောက်ပဲပါ ကာပေါ့ ဒေါ်လေးရဲ့’





ဒေါ်သန္တာ အနားရောက်လာကာ ဂမုန်းခြေလှမ်း မြင်ထားသည့် မမိုးအိတ်ကြီးကို ကောက်ဖွင့်လေသည်။

‘အဲဒါ… မိုးရဲ့အဝတ်တွေပါ၊ စောင်နဲ့ခြင်ထောင်ပါ ထည့်ထားတာ’

‘သင်္ဘောပေါ်မှာ ညည်းယောကျ်ားက ဆလင်ကြီးပဲ၊ ဒီစောင်တွေ ခြင်ထောင်တွေက အသွားအပြန်သယ်နေရသလား’

‘မဟုတ်ပါဘူး ဒေါ်လေးရယ်၊ သင်္ဘောပေါ်မှာ စောင်၊ ခြင်ထောင်တွေက အပိုရှိတယ်လေ၊ ဂမုန်းမှာ ခြင်ထောင်မရှိလို့ ထည့်ယူလာတာ၊ စောင်ပါ ပါလာတာ’

‘အမလေး… ညည်းညီမခြင်ထောင် ကျုပ်က ရွေးပေးမှာပါအေ၊ မပြေလည်လို့ ခဏပေါင်ထားတာပါ’

မမိုးက ဂမုန်းပခုံးလေးကို ဖက်၍ရယ်ကာ…

‘ပြောတော့မယ်၊ ဒေါ်လေးကလည်း မိုးက ဒီသဘောနဲ့ ယူလာပြတာမဟုတ်ပါဘူး၊ ဟိုမှာပိုနေတာ ကိုယ်မယူလည်း ဒီပြင်အရာရှိကတော်တွေ စည်းကမ်းမရှိတဲ့ သင်္ဘောသားတွေက ယူထောင်ကြ၊ သုံးကြမှာပဲ၊ ဒါကြောင့်… ကိုယ်ပဲ ဦးအောင် ယူလာတာ၊ မိုးတို့… မောင်နှမတွေကို အဖေမရှိတဲ့ နောက်ပိုင်း ဒေါ်လေးပဲ မိဘလို စောင့်ရှောက်လာတဲ့ဟာ၊ မိုးတို့က ဘာပြောစရာ လိုမလဲ’

ဒေါ်သန္တာ ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးနှီးနဲ့လုပ်ထားသည့် ငါးခြောက်ခြင်းကို မရှဲ မီးဖိုထဲဝင်သွား၏။

'ဂမုန်း နင် စာမေးပွဲ ဖြေနိုင်လား'

'ဖြေနိုင်တယ် မမမိုး၊ ဂမုန်း… အဆင့်တစ်က လုံးဝ မကျဘူး'

'အေး… ကြိုးစားနော်၊ ငါကလည်း သင်္ဘောထွက်ပြီဆို နှစ်လ၊ သုံးလကြာမှ အိမ်ပြန်ကပ်ဖြစ်တာ၊ ပြီးတော့… ကိုအောင်မိဘတွေက သင်္ဘောထိ ငွေလိုက်သိမ်းတာဟ၊ သင်္ဘောထွက်တုန်းငါ… သင်္ဘောအတွက် ဝယ်ပေးခြမ်းပေးရတဲ့စရိတ်လေးတွေထဲကပဲ မုန့်ဖိုး ပဲဖိုးကျန်တာ'

မမမိုးက ဂမုန်းလက်ထဲကို ငွေတစ်ထောင် ထုတ်ပေးသည်။ ဂမုန်း ဝမ်းသာလွန်း၍ လက်တွေတုန်နေတော့သည်။

'အဲဒါ… မုန့်ဝယ်မစားနဲ့နော်၊ ကျောင်းက ဘာကြေးညာကြေး တောင်းရင် ကိုယ့်ဟာကိုယ် ပေးနိုင်အောင်ကိုင်ထား'

'ဟုတ်ကဲ့ပါ…'

'တော်ကြာ… နင့်ကို ဒေါ်လေးကျောင်းထုတ်လိမ့်မယ်၊ မိပြည့်က လာခထုတ်ရင် နင့်ကို မုန့်ဖိုး မပေးဘူးလား'

'ဘယ်လိုလုပ်ပေးလို့ရမလဲ မမမိုးရယ်၊ လခ ဘယ်လောက်ရတယ်ဆိုတာ ဒေါ်လေးသိနေတာပဲ နောက်ပြီးတော့'

ဂမုန်းမျက်နှာလေး ညှိုးကျသွားကာ…





'မပြည့်က… သူ့အလုပ်ချိန် မရှိတဲ့အချိန်လည်း ဖီးလိမ်းပြီး ကိုနောင်နဲ့စကားပြောဖို့ပဲ စိတ်ဝင်စားတာပါ၊ ဂမုန်းနား မကပ်ပါဘူး'

မိုး စိတ်မကောင်းဖြစ်သွားမိသည်။

မိုးလင်းတယ်ဆို ဒေါ်လေးက ခြေရင်းကတိုက်မှာ ပဲရွှေးသွား၊ မရှိ ရှိတာလေးနဲ့ချက်ပြုတ်၊ လျှော်ဖွပ်၊ စာဖတ်။

ကျောင်းခေါင်းလောင်းထိုးခါနီးမှ ဖုတ်ဖက်ခါ၍ လွယ်အိတ်ဆွဲပြေး၊ ကျောင်းနဲ့အိမ်နဲ့က နီးပါသည်။

ကျောင်းသွားတဲ့လမ်းတစ်လျှောက်မှာ ချက်ပြုတ်လျှော်ဖွပ်ရင်း ကျက်ထားရတဲ့စာတွေကို ပြန်ရွတ်။ ရှေ့မှာ လူရှိရှိ၊ ကားရှိရှိ၊ ခြေထောက်တို့က ရှောင်ရှား သွားကြလျက် ဂမုန်းတို့အတွေးအာရုံက စာမှစာ။

ကျောင်းသွားတာ သနပ်ခါးမပါ၊ မုန့်ဖိုးမရှိ။ ဂမုန်းမှာ ဘာမှမပါပေမယ့် ဦးနှောက်ထဲမှာ စာအပြည့် ပါသည်။

ထမင်းဆာတိုင်း စာကျက် …

ဒေါ်လေးဆူတိုင်း စာကျက် …

ကျောင်းမှာ သူများတွေ မုန့်စားနေကြတဲ့အခါ စားသောက်ဖွယ်ရာ မုန့်ရနံ့တွေကို ဥပေက္ခာထားနိုင်အောင် စာကျက်။

သူမတစ်ကိုယ်လုံး စီးမျှောနေသည့် သွေးများကပါ စာတွေချည်း ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဂမုန်း ဆင်းရဲပေမယ့် အတန်းထဲမှာ မျက်နှာမငယ်ခဲ့ပါ။ အမြဲတမ်း အဆင့်တစ်ဆိုသောဂုဏ်ကို ထိန်းနိုင်တဲ့သူ။

ဆရာ၊ ဆရာမတွေ ဘာမေးမေး မရတာမရှိတဲ့သူ။

သူငယ်ချင်း အချင်းချင်းလည်း အထင်ကြီးသည်။

ဆရာမတွေကလည်း ချစ်သည်။

ဒါကြောင့် ဂမုန်းကို ကျွေးမွေးမည့် သူငယ်ချင်း မရှားပေ။

စာအုပ်၊ ဘောပင်နဲ ဘာလိုသလဲ။

ချေးငှားပေးကမ်းမည့် သူငယ်ချင်း ရှိသည်။

တကယ်ဆို စာအုပ်၊ ဘောပင်နကအစ လိုအပ်တိုင်းသာ ဒေါ်လေးဆီမှာ တောင်းခဲ့ပါလျှင်။

'သူ့ခမျာလည်း မုဆိုးမကိုး ဂမုန်းရယ်၊ မကျေနပ် မဖြစ်ပါနဲ့၊ ငါတို့မောင်နှမတွေကိုက ကံမကောင်းကြတာ၊ ဒါကြောင့် နင့်ကို ငါ ပညာပဲ ကြိုးစားစေချင်တာပေါ့၊ ငါ့ကို အခု လူတွေက ပြောကြတယ်၊ အိမ်ထောင်ကျ ကံကောင်းတယ်တဲ့၊ ဘယ်မှာ ကံကောင်းလို့လဲ၊ ဘာဖြစ်လို့လဲ သိလား ငါမှ ပညာမတတ်ဘဲ၊ ယောက်ျားကချစ်တာက ချစ်တာပဲ၊ ဒါပေမယ့် ပညာတတ်တော့ ပညာဂုဏ်မောက်တယ်၊ ယောက္ခမက သားအရှိန်နဲ့ ပညာနဲ့ဖိ၊ ငွေနဲ့နှိမ်၊ ငါသာ ပညာတတ်ရင် ဒီလိုလူတွေကို အနိုင်ခံမလား ဂမုန်းရယ် ငါ့ပညာနဲ့ငါ လက်မထောင်နိုင်တာပေါ့'





ဂမုန်း ငေးငေးလေး နားထောင်နေသည်။

'ပညာကြိုးစားပါ ဂမုန်းရယ်၊ ငါလေ. . . ငါ့မှာ ပညာမတတ်တော့ မျက်နှာငယ်လိုက်တာ ထင်သလို မသုံးရ၊ စားချင်တာမစားရ၊ နင့်ကို. . . ဘာတိုရတယ် ပေးချင်တယ်၊ ငါ့ပညာနဲ့ ကိုယ်ပိုင်ငွေ မရှိတော့ မပေးနိုင်ဘူး၊ ဒီလိုလူမျိုးနဲ့ကွဲလို့ မဖြစ်ဘူး ဟဲ့ဆိုပြီး အဆင်ပြေ သင့်မြတ်အောင်နေနေရတာ ယောက္ခမကို အားခံလို့လည်းမဖြစ်ဘူးလေ၊ ငါ့နောက်မှာ ပြန်အားကိုးစရာ ဘာမှ ကျောထောက်နောက်ခံ မရှိတာ'

'စိတ်ချပါ မမမိုးရယ် ဂမုန်းသိပါတယ်'

တစ်ညပဲအိပ်ပြီး မမမိုးပြန်သွားခဲ့သည်။

'ဂမုန်း. . . နင့်ကို မမမိုး ဘာတွေကျိတ်ပေးသွားလဲ'

'ဘာမှမပေးပါဘူး၊ ခြင်ထောင်နဲ့စောင်ပဲ ပေးသွားတယ်'

ဂမုန်း ညာလိုက်သည်။

'ဟင်း. . . ဒါတွေဘာလုပ်ဖို့လဲ၊ ခါးဝတ်ခါးစားလေး ဘာလေး ဝယ်ခြမ်းပေးတယ် မရှိဘူး၊ မသကာ ကျောင်းစိမ်း ထဘီလေး ဘာလေး ဝယ်မပေးပဲ့လား၊ ထဘီက လျှော်ရလွန်းလို့ ပါးလှပ်ပြီး မှုန်ဖြစ်နေပြီ၊ အဲ့ဒီတစ်ယောက်ဟာ သူဌေးနဲ့ ညားပြီး အလကား ဖွတ်ပဲ'

ပြည့်က ရှုံ့ရှုံ့မဲ့မဲ့ပြော၍ အင်္ကျီချွတ် ထဘီရင်ရှားလျှင်း နောက်ဖေး ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့… ဂမုန်း အထဲမှာလား'

'ရှင်… ရှိတယ် ဒေါ်လေး'

'ဒီမှာ… ဆန်တွေမှောက်ကျကုန်လို့ မြေကြီးတွေနဲ့ ရောကုန်ပြီ၊ သေချာပြန်ကျုံးစမ်း၊ နောက်ကျန်တာတွေကို တစ်ခွေ ချင်းပြန်ကောက်၊ ထပ်ဝယ်စရာ ပိုက်ဆံ မရှိဘူးနော်၊ ဆန်လျှော့ ရင် ထမင်းလျှော့မှာပဲ၊ ဝဝစားချင်ရင် ရအောင်ပြန်ကောက်၊ ငါ ပိုးတန်းထဲသွားဦးမယ်၊ ကြက်သွန်ရွေးတာ ပိုက်ဆံပိုရတယ် ပြောလို့'

ဟုပြောရင်း ဖိနပ်စီး၍ ထွက်သွားလေသည်။

သချင်္ချာဆယ်ပုဒ်နဲ့ စာစီစာကုံးတစ်ပုဒ် ရေးရဦးမည်။

သမိုင်းနှစ်ပုဒ်က တစ်ပုဒ်ပင် မရသေးပေ။

မြေသားပွပွထဲမှာ ဆန်ကောစောင်းကျကာ မှောက်ကျ နေသော အပေါ်ယံ ဆန်ပုံလေးကို အသာကျုံးထည့်ပြီး ရသမျှ ခြင်ကောက်လိုက်၏။ ပြီးတော့ မီးပြေးမွှေးပြီး ထမင်းအိုး တည် လိုက်သည်။ ထမင်းကျက်မှ ဒေါ်သန္တာပြန်ရောက်လာကာ လက် ထဲမှာ ဝက်ခေါင်းသုပ်အထုပ်လေး ပါလာ၏။

ဆန်မှောက်ထားသည့်နေရာမှာ ဘာတစ်စမှမကျန်အောင် ရှင်းလင်းနေတာကို ငုံ့ကြည့်ကာ ထမင်းအိုးကို ဖွင့်ကြည့်၏။

'ဟဲ့… ထမင်းချက်ထားတာ နည်းလှချည်လား၊ မိနက်မ'





'ရှင်… '

ဂမုန်းစာအုပ်ချ၍ ပြေးလွှားရပြန်သည်။

'ညည်း… ဆန်တွေကုန်အောင် ပြန်မကျုံးဘူး မဟုတ် လား ပြောစမ်း၊ အဲဒီစာပဲ ကျက်နေလို့ ဝသလား'

'ကျုံးပါတယ်… ဒေါ်လေးရဲ့၊ ဂမုန်းဗိုက်ဆာလို့စားနှင့် လိုက်လို့ ကုန်သွားတာပါ'

'ဘာ… ညည်း စားပြီးပြီ'

'ဟုတ်ကဲ့'

'ဟင်… ဘာမှမရှိဘဲနဲ့ ဘာနဲ့စားလဲ'

'ပုလင်းထဲက ဆီအကာပ်လေးဆမ်းပြီး ဆားနဲ့နယ်တယ်၊ ကြက်သွန်နီနဲ့ မြုပ်စားပစ်လိုက်တယ်'

'သြော်အေ… ညည်းနှယ်'

ထိုညစာမှာ ဂမုန်း အူဟောင်းလောင်းနှင့်စာကျက်ရလျှက် အောင့်တက်လာသည့်ဗိုက်ကို ဘယ်လက်နဲ့အသာဖိကာ စာစီ စာကုံး ရေးခဲ့ရလေသည်။

ဘဝအဆက်ဆက် ဆင်းရဲခြင်းမှ ကင်းလွတ်ရပါလို၏။

○



www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့… ဘယ်ကိုလဲ'

'ဘုရားထဲ သွားမလို့ ဒေါ်လေး၊ သိမ်းပိုက်ကသူ့မွေးနေ့ ဆိုလို့'

'အေး… အေး… သွား၊ မနက်ကလည်း ငါ့ကို သူ့အမေ ကြာဆံချက်ခေါ်ကျွေးလိုက်သေးတယ်၊ မုန့်တွေ အများကြီး ကျွေးရင် ငါ့ဖို့ရောယူခဲ့ဦး'

ဂမုန်း ခေါင်းမညိတ်မိခဲ့ပါ။

သုံးယောက်ထဲမှာ လက်ချည်းသက်သက်သမား။

'ဂမုန်း'

'ရှင်'

'ဩော်… ဘယ်လိုကြီးလုပ်သွားတာလဲအေ… အေးလူ မြင်လို့မှ မကောင်း၊ ထဘီက နောက်ကအကွဲနဲ့ ပြဲနေတာများ မသိဘူးလား၊ မိန်းကလေးက နမော်နမဲ့နဲ့'

အိမ်ပေါ်မှ ဆင်းပြီးမှ ဂမုန်း ပြန်ဝင်လာကာ…





'သိတယ်ဒေါ်လေးရဲ့၊ လှည့်စရာက မရှိတော့ဘူး၊ ဒီထဲမှာလည်း မမမိုးတို့သဘော်ပေါ် တစ်ခေါက်လိုက်သွားတုန်းက ခက်ဆီတွေပေလာတဲ့ အကွက်ကြီး ရှိသေးတယ်၊ နေပါစေ ဒေါ်လေးရာ၊ ဒီနားနဲ့ဟိုနားပဲ'

'မဟုတ်တာအေး နေဦး… ငါ့ပါတိတ်ထဘီ တစ်ထည် လဲသွား'

'မလဲတော့ဘူး ဒေါ်လေး'

ဒေါ်သန္တာက အပြင်ထွက်လျှင် ထဘီအပေါက်အပြဲနဲ့ ထွက်တာလည်း မကြိုက်တဲ့သူပါ။

ဒါပေမယ့် ဂမုန်း သူများအဝတ်အစား မဝတ်တတ်ပေ။

ဒေါ်လေး ထပ်ပြောနေမှာ စိုး၍ ခပ်သုတ်သုတ် ထွက်လာခဲ့လေသည်။

ဘုရားကြီးကုန်း ခေါ် (မုနိမဟာရံသီ)ဘုရားကြီးက ပိုး အရှေ့ရပ်ကွက်ရဲ့ ထိပ်ဦးကမ်းနားဘက်မှာ ရှိပါသည်။

ဂမုန်းတို့က ပိုးအရှေ့ရပ်ကွက်မှာ နေတာမို့ အိမ်… ထွက်တာနဲ့ ဘုရားမုခ်ဦးကို လှမ်းမြင်ရလေသည်။

ဆင်ဖြူကျွန်းမြို့မှာ ဘုရားစေတီတွေ အများကြီး ရှိသည်။

သူမ မကြာခဏရောက်နေတတ်သည်က ဘုရားကြီး ကုန်း (မုနိမဟာရံသီ)ဘုရားကြီးထဲကိုသာ ဖြစ်သည်။

'ကြွလာပါပြီ မေခလာနတ်သမီး'



www.burmeseclassic.com

www.burmeseclassic.com

ဘုရားစောင်းတန်းမှာ ခြေချလိုက်သည်နှင့် စီခနဲထွက်လာသည်က သိမ်းပိုက်ချမ်းရဲ့အသံ။

တန်ဆောင်းမုန်ဝရဲ့ လက်ျာဘက် အာရုံခံကြီးမှာ သိမ်းပိုက်ချမ်းက စက္ကူထုပ်တစ်ထုပ်ကို ကိုင်၍ရပ်နေသည်။

ဟေမာန်က ကောဇော‌လှလှလေးခင်းထားသည့်ပေါ်မှာ စားစရာတွေပြင်ရင်း အလုပ်ရှုပ်နေ၏။

သိမ်းပိုက်ချမ်းပြောမှ ဟေမာန်ခေါင်းထောင်ကြည့်ကာ

'နောက်ကျလိုက်တာ ဂမုန်းရယ်၊ ဒီမှာငါတို့ ရောက်နေတာ ကြာလှပြီ၊ သိမ်းပိုက်… နင့်ကို သွားခေါ်မလို့ လုပ်နေတာ၊ ငါတစ်ယောက်တည်း မနေရဲလို့'

'လာပါ မေခလာ ဒီဘက်ကိုကြွပါ'

'ဘာလဲ နင်က ငါ့ကို ဘာမေခလာလဲ'

'ပုံထဲမှာ မြင်ဖူးတယ်လေ မေခလာနတ်သမီးက ရေမှာ ဘာလဲ တွဲလောင်းကြီးချထားတဲ့ဟာ၊ ရင်ဘတ်တွေ ပခုံးတွေမှာရော အချွန်အတက်တွေနဲ့ နင်ကျတော့'

'ငါက… ဘာတွေဖြစ်နေလို့လဲ'

'မကြာခင် ဖြစ်တော့မှာပါ'

သိမ်းပိုက်ချမ်းက သူမနား ကပျာကယာပြေးလာကာ ဂမုန်းကို တစ်ပတ်ပြေးပတ်သည်။

'တွေ့လား နင့်ထဘီမှာ တစ်နေရာရာမှာတော့ အကွဲ





တစ်ခုခု ပါတာပဲ၊ ရန်ကုန်မြို့ကြီးမှာဆို မိန်းမတွေ စကတ်တွေကို ရှေ့ကခွဲ၊ နောက်ကခွဲနဲ့ လမ်းလျှောက်တော့ ဖွေးခနဲ၊ ဖွေးခနဲ အတွင်းသားတွေက လျှပ်စီးလက်သလိုပဲတဲ့၊ အဲဒါကြောင့် သူတို့ကို တချို့က နတ်သမီးတွေလို့ခေါ်တာ'

ပြော၍ သိမ်းပိုက်ချမ်းက ဟားခနဲ ရယ်သည်။

ဂမုန်းမျက်နှာလေး နီလာ၏။

'သိမ်းပိုက် နင်သိမ့်စတာပဲဟာ သူများအားနည်းချက်ကို အဲဒီလို မစပါနဲ့'

ဟေမာန်ဝင်ပြောကာ အံကြိတ် မျက်ရည်ဝဲနေသည့် ဂမုန်းကို ပြေးဖက်သည်။

'အလကား ဒီကောင် ဗရုတ်ပါဟယ်၊ သူ ဒီလိုပဲပြောတတ်တာ သိသားနဲ့ သူငယ်ချင်းချင်း စိတ်ဆိုးမနေပါနဲ့'

'ရပါတယ်၊ သူပြောတာတွေ ငါ့အတွက် သိမ်းထားစရာတွေ ရတာပေါ့၊ စိတ်မဆိုးပါဘူး'

ဂမုန်းမျက်နှာ အေးစက်စက်သို့ ပြောင်းသွားကာ သိမ်းပိုက်ချမ်းကို စိုက်ကြည့်ပြီးမှ မျက်နှာလွှဲ၏။

သိမ်းပိုက်ချမ်းက အရယ်မပျက်။

'ငါက… နင့်ကို ဆင်းရဲလို့ ကျပ်တာမဟုတ်ဘူး ဆံနီမရဲ့၊ နင့်အဒေါ်က မိထွေးဆိုပေမယ့် အဒေါ်အရင်းပဲ၊ ပြီးတော့ မမိုးတို့၊ မပြည့်တို့လည်း သူ့ကို ရှာဖွေထောက်ပံ့ပေးနေတာပဲ၊ နင့်ကို… ဒီလောက် ပစ်ထားတာ လွန်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းက ဘာမှမပြောဘဲ ဘုရားရှေ့မှာ သွားထိုင်၍ လက်အုပ်လေးချီကာ အတန်ကြာ ဆုတောင်းပြီးမှ ရှိခိုးသည်။

ပြီးတော့ ဆုတောင်းပြည့်ဘုရားလေးဆီ ထွက်လျှောက်သွားကာ ရှိခိုးနေပြန်သည်။

ဟေမာန်က မုန့်ပွဲတွေ စောင့်နေရလျက် သိမ်းပိုက်ချမ်းက ဂမုန်းနောက်က တကောက်ကောက်လိုက်နေကာ...

'ကဲ မပြီးတော့ဘူးလား ဆံနီမရာ'

'ဘုရားကို လာတာပဲ ဘုရားဖူးမှာပေါ့၊ နင်က ဘာလိုက်လုပ်နေတာလဲ'

'ဟာ... ငါတို့က ဘုရားဖူးဖို့လာတာမဟုတ်ဘူး၊ မွေးနေ့ပျော်ပွဲစားဖို့ လာကြတာ၊ ဒီဘုရားမှာ ငါတို့ အရွဲဆိုကတည်းက ဘုရားဖူးဖို့ သတိမရဘဲ၊ ပြေးဝင်ပြေးထွက်နဲ့ ဆော့လာခဲ့ကြတာ၊ ခုမှ ...'

'ခုမှ... ဖူးတယ် ဘာဖြစ်လဲ'

'ကဲ... ဖူး...ဖူး ဘယ်အာရုံခံထဲမှာ သွားဖူးဦးမလဲ၊ ဂန္ဓကုဋီတိုက်ကြီးထဲမှာ သွားဖူးဦးမလား'

ဂမုန်းက ဘုရားဖူးပြီး အေးတိအေးစက်ပဲ ထရပ်သည်။

သိမ်းပိုက်ချမ်းဆိုသည့်ကောင်ဟာ ဒီလိုပါပဲ။

ပြောချင်တာပြော၊ ဘယ်သူ ဘယ်လို ခံစားသွားရသွားရ စမည်။





သူပြောတာ လွန်သွားမှန်းသိလျှင် သူ့ကို စိတ်ဆိုးမဆိုး စကားတွေ လိုက်ကပ်ပြောမည်။

'ငါပြောတာ လွန်သွားတယ်၊ တောင်းပန်ပါတယ်' ဆိုတာမျိုးတော့ ဘယ်တော့မှ ဝန်မချပေ။

သူပြောသမျှ မြားချက်တွေလို စူးခနဲ၊ အောင့်ခနဲ၊ ခံစားခဲ့ရတဲ့ ဒဏ်ရာတွေက ဂမုန်းနှလုံးသားမှာ ပြည့်နှက်လို့ပါ။

ခင်တာက သပ်သပ်။

သိမ်းပိုက်ချမ်းကို ဂမုန်း မုန်းပါသည်။

'ရော့... ဒီမှာ နင့်အတွက်'

ပေးပုံက ကြည့်။

ကျုံ့ကျုံ့လေးထိုင်နေသည့် ဂမုန်းရင်ခွင်ထဲကို ဘုတ်ခနဲ ဝစ်ချပေးလိုက်များ လန့်ဖျပ်သွားရတဲ့အထိ။

'ယူလိုက် ဂမုန်း၊ အဲဒါ... သူကိုယ်တိုင်သွားဝယ်လာတာ၊ စိန်မှုံကျောင်းစိမ်းလေး သိပ်လှတာပဲ၊ ရယ်ဒီမိတ် အင်္ကျီအဖြူတစ်ထည် ပါသေးတယ်'

'ငါ... မလိုချင်ဘူး'

'ဟင်... ဘာဖြစ်လို့လဲ'

'သူများပေးတာကမ်းတာကို ကိုယ်ပေါ်တင်ပြီး လှောင်ပြောင်ခံရတာထက် ငါ့ကိုယ်ပေါ်က အစုတ်အပြဲလေးတွေက အေးချမ်းတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဘာလဲ ဆံနီမ၊ နင်က… ငါ့ကို မကျေနပ်ဘူးပေါ့'

ဂမုန်းက တစ်ဖက်လှည့်ပစ်သည်။

'နင်… သူများကို ထင်သလို လက်ညှိုးထိုးလျှော်ပြောင်ပြီး အခုမှ သနားသဖြင့် ဖွန့်ကြဲတာကို ငါက ဝမ်းသာအားရ ယူမှာပဲလို့ထင်ရင် နင်မှားသွားပြီ သိမ်းပိုက်၊ ဆားဖြူး စားနေရပေမယ့် ဂမုန်းနက်မှာ မာနရှိတယ်'

'အေး… နင့်လိုပဲ ငါ့မှာလည်း မာနရှိတယ်၊ ငယ်ငယ်ကတည်းက သူငယ်ချင်းမို့၊ ငါတို့ထဲမှာ အဆင်းရဲဆုံးမို့၊ ငါ ခင်တွယ်ပြီး ချော့မော့ပေါင်းနေတာ၊ သိမ်းပိုက်တို့က ဘယ်ကောင်မှ ဗိုလ်မထားဖူးဘူး သဘောပေါက်'

'သိမ်းပိုက် နင်တောင်းပန်တာကလည်း၊ လေသံကိုလျှော့ဦး'

ဟေမာန်က ဝင်တားသည်။

'ဘာလို့ လျှော့ရမှာလဲ၊ ငါက… မောင်နှမလို သဘောထားပြီး တရင်းတနှီးစတာ၊ အဲဒါလည်း သူ့ကို ကရုဏာဒေါသဖြစ်လို့ ပြောတာ၊ ဒီလို အထက်စီးက ပြောချင်တာနဲ့ ဆင်းရဲသားကို နှိမ့်ဖွဲ့ပြောဖို့ဆို ဆင်းရဲသားတွေအများကြီးပဲ၊ ကိုယ်ကကျတဲ့ ခါးဝတ်ခါးစားပဲပေးရုံနဲ့ နင်ပဲငဆပြောပစ်လို့ရတယ်'

'အေး… သွားပြော ငါကတော့ မခံနိုင်ဘူး'

ဂမုန်း ဆတ်ခနဲ ထရပ်လိုက်သည်။





'ဂမုန်း…ဟာ… နင်ကလည်း သူငယ်ချင်းချင်း ပြောဆိုများဖြစ်ရင်တောင် သည်းခံရဦးမှာ၊ သူ… ရှင်းပြနေသားနဲ့ဟာကို၊ နင့်ကို ပေးချင်လွန်းလို့ သူကျောင်းတောင် နောက်ကျတယ်၊ မနက်အစောကြီးသွားဝယ်ထားတာ'

'ဟော့အေး… ငါ မယူဘူး၊ ငါ ဒီကိုလာကတည်းက သူများမွေးနေ့မှာ စားချင်သောက်ချင်လို့ မဟုတ်ဘူး'

'တောက်… '

ဂမုန်း ဘောက်ဆတ်ဆတ်လျှောက်ထွက်သွားသည်နှင့် သိမ်းပိုက်ချမ်းက စားစရာတွေ ခင်းကျင်းထားသည့် ကော်ဇောကို အနားစကကိုင်၍ ဆွဲရုတ်ပစ်လိုက်သည်။

'ဟဲ့… ဟဲ့… ဟော့တော်'

'ဒုန်း… ခွမ်… ချလွမ်'

စားစရာတွေ မုန့်တွေ ဖိတ်စင် ပေါက်ပြဲကုန်လေသည်။

'ဒုက္ခပါပဲဟယ်… '

ဟေမာန် ညည်းညူသံလေးကို ဂမုန်းကြားသည်။

ဒါပေမယ့်…

○



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်မှစ၍ သိမ်းပိုက်ချမ်းနှင့်ဂမုန်း မခေါ်မပြော ဖြစ်ခဲ့တာ ကိုးတန်းစာသင်နှစ် ပြန်တက်ကြရတဲ့ထိ…

ခုနှစ်တန်းမှစ၍ သူတို့နှစ်ယောက်က ဘီခန်း၊ ဂမုန်းက အေခန်း၊ ရှစ်တန်းတုန်းကလည်း အေနှင့်ဘီပဲဖြစ်ကာ ကိုးတန်းမှာတော့ ဟေမာန်တစ်ယောက်ပဲ ကျန်ခဲ့ကာ သိမ်းပိုက်ချမ်း အေခန်း ဝင်ခဲ့သည်။

သူတို့ Bio ယူကြတာချင်းလည်းတူကာ ဟေမာန်ကတော့ Eco ပဲယူခဲ့သည်မို့ အခန်းချင်းက အများကြီးကွာသွား၏။

'ဘယ်နှယ့်လဲ ဂမုန်း နင်နဲ့ဟိုကောင် တေည့်ကြသေးဘူးလား'

'မခေါ်ပါဘူး၊ သူ… အေခန်း ရောက်လာတာနဲ့ ခေါ်စရာလား'





'ငါက… အိမ်ချင်းကပ်လျက်မို့သိတယ်၊ ဒီကောင်… ...ပဲ့ မခေါ်ကာမှ တအားကြိုးစားတာ သိလား၊ နင့်ကို… ပြိုင်ဖို့ ...တ်တူးရှိတယ် ထင်တယ်'

'ပြိုင်ပြိုင်ပေါ့'

'လာဟာ… ငါတို့သွားရအောင်၊ နင်ဗိုက်မဆာဘူးလား ...နဲ့ဆိုင်သွားမယ်'

'မဆာပါဘူး ဟေမာန်ရယ်၊ အကျင့်ပါနေပြီဥစ္စာ၊ ငါ့ကို အကျင့်ပျက်အောင် မလုပ်ပါနဲ့'

မုန့်စားသွားတိုင်း ဟေမာန်က မုန့်ဈေးတန်းသွားဖို့ သူ့ကို လာခေါ်တတ်သည်ပင်။ ကိုးတန်းနှစ်မှာတော့ ဂမုန်း ပိုက်ဆံလေး ကိုင်နိုင်လာ ပါသည်။

ဒါပေမယ့် ဂမုန်းမစားမသောက်ဘဲ ကိုင်ထားခဲ့သည်။ လိုအပ်လျှင် ဒေါ်လေးကိုမပြောဘဲ ဝယ်ခြမ်းနိုင်အောင်၊ ပေးနိုင်အောင်။ မရှိတော့လည်း မရှိလို့ သူများဟာ စားရမှာ လိပ်ပြာငယ်ခဲ့ရသည်။ ကိုယ့်မှာရှိတော့လည်း ကိုယ့်ပိုက်ဆံကိုတော့ ဆုပ်ထားပြီး သူများဝယ်ကျွေးတာကို စီးစီးပိုးပိုးမစားချင်ပါ။

'ဒါဆို… ငါလည်း သွားမစားတော့ဘူး'

ဟေမာန်က ပြော၍ ကော်ရစ်ဒါမှာ ရပ်နေတော့ ...ရုံး လက်စစာအုပ်ကို ဖိတ်လိုက်ရသည်။

'ဟေမာန်… နင် မုန့်သွားဝယ်မလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အစတော့သွားမလို့ပဲ ဂမုန်းမလိုက်ဘူးဆိုလို့ မသွားတော့ဘူး၊ နင်သွားမလို့လား၊ ရော့ပါဟ… ငါ့အတွက်ပါ ဝယ်ခဲ့ပေးစမ်းပါ'

'ဘာဝယ်ခဲ့ရမလဲ…'

'အကြော်တစ်ရာဖိုး ဝယ်ခဲ့'

သိမ်းပိုက်ချမ်း ပြန်ထွက်သွားမှ…

'ဟဲ့… ငါ့ကို ဟိုနေ့က အန်တီသိမ်းသိမ်း ပြောတယ် သိလား၊ ညည်းတို့သူငယ်ချင်း ဂမုန်းကတော့ တော်လှချေလားတဲ့၊ ညည်း ကြိုးစားပါလားတဲ့၊ ငါက စာကျက်တာကိုက မကောင်းတာဟဲ့၊ ကောင်းလည်း နင့်ကို မီဖို့ကတော့ အဝေးကြီးပါ၊ အခု သူ့သားကူ စာကြိုးစားလာတော့ နင့်ကို အတုယူတာဆိုပြီး ကျေနပ်နေတယ် သိလား၊ ပြီးတော့… ခုတလော နင်တို့ဆီသွားတာ သိပ်မတွေ့လို့ထင်တယ်၊ သူတို့သူငယ်ချင်းတွေ ရန်ဖြစ်ထားကြတယ် ထင်တယ်တဲ့၊ နင်ထင်သလို သူတို့မိသားစုက ဆင်းရဲသားတွေကို ချိုးနှိမ်ခွဲခြားတတ်တဲ့စိတ် မရှိကြပါဘူးဟာ'

'တော်ပါပြီဟာ… ဒီကောင်နဲ့ငါ သူ့ပြောပုံဆိုပုံကိုမှ ငါခွင့်မလွှတ်နိုင်တာ ဘယ်တော့မှကို တည့်မှာမဟုတ်ဘူး'

စကားပြောနေကြတုန်း သိမ်းပိုက်ချမ်းတို့အုပ်စု ပြန်လာကြ၏။

'ရော့… ဟောမာန်'





ဟောမာန်က အကြော်ထုပ်ကို ယူကြည့်၍…

'ဟယ်… '

ဟု ပြောပြီး ပါးစပ်ကို ပြန်ပိတ်ကာ…

'တွေ့လား… ငါ ဗူးသီးကြော်မကြိုက်မှန်းသိသားနဲ့၊ ဗူးသီးကြော် ငါးခုတောင်ဝယ်လာတာ၊ အဲဒါ… နင့်အကြိုက် ကြည့်ယူလာတာ၊ သိမ်းပိုက်… နင့်ကို ခေါင်းချင်နေပြီသိလား'

တိုးတိုးကပ်ပြောကာ ဗူးသီးကြော်နှစ်ခုကို ဂမုန်းလက်ထဲ ထည့်ပေး၏။

အကြော်စားရင်း ဂမုန်း မျက်လုံးဝေ့ကြည့်လိုက်ကာ သူ့ကို လှမ်းကြည့်လိုက်သည့် သိမ်းပိုက်ချမ်းမျက်လုံးများနှင့် ဆုံကာ မှတ်ခဲ့ မျက်နှာလွှဲပစ်လိုက်ကြတာလည်း အတူတူ။

○

www.burmeseclassic.com

www.burmeseclassic.com

'ဟယ်… ကိုကြီး'

'ဟာ… ငါ့ညီမက အပျိုကြီးဖားဖားဖြစ်လို့ လှလို့ပါလားကွာ'

အသားမည်းမည်းကြီးဖြစ်လာကာ ကိုယ်လုံးကြီးလည်း ထွားကျိုင်းလာသော ကိုကြီးကို ဂမုန်း ဝမ်းသာအားရ ပြေးဖက်ရင်း မျက်ရည်တွေ ဝိုင်းတက်လာသည်။

'ကိုကြီးရယ်… ဂမုန်း ဝမ်းသာလိုက်တာ'

'အေးပါ… နောက်မှ ဝမ်းသာပါ၊ ကိုကြီးမှာ ဈေးသည် ပါလာတယ်၊ ညီမလေးရေ စားဖို့သောက်ဖို့လုပ်ပါဦး'

'ဟုတ်…'

နောက်ကိုပင် လှည့်မကြည့်မိအား…

ဂမုန်း ဖျတ်ခနဲ မျက်နှာပူသွားသည်။





ဒေါ်လေးက ချောင်းထဲမှာ အာလူးကောက် လိုက်နေသည်။ မိုးချုပ်မှ ပြန်ရောက်မည်။ ဂမုန်းအတွက် ညကကျန်သော ဆမင်းကြော်နဲ့ ငါးပိဖုတ် ဆီဆမ်းပဲရှိသည်။

အပိုဆိုလို့ ဆန်တစ်စေ့ပင် မရှိပါ။

'ဟိတ်… ဘာငိုင်သွားတာလဲ၊ ရော့… မြန်မြန်လုပ်၊ ကိုကြီးတို့ ဘာမှ မစားခဲ့ရသေးဘူး'

'ဟုတ်… ဟုတ်…'

လက်ထဲကို တစ်ထောင်တန် တစ်ရွက်ရောက်လာတော့မှ ဂမုန်း သွက်သွက်လက်လက် ဖြစ်သွား၏။

'လာ… မင်းညီလာ'

ဂမုန်း နောက်ပြန်မကြည့်ဘဲ ပိုက်ဆံလေးကိုဆုပ်၍ကုန်စုံဆိုင်ကို ပြေးရပြန်သည်။

အလွယ်တကူ ဘဲဥနဲ့ လက်ဖက်နဲ့ အကြော်စုံသာ ဝယ်ကာ ဆန်ထုပ်လေးဆွဲ၍ ပြန်ပြေးလာခဲ့၏။ ဘဲဥချဉ်ဟင်းတစ်ခွက် လက်ဖက်သုပ်နဲ့ပဲ ထမင်းဝိုင်းလေး ဖြစ်သွားသည်။

'ဒေါ်လေးက ဘယ်သွားတာလဲ'

'အာလူးကောက် လိုက်သွားတယ် ကိုကြီးရဲ့'

'အင်း… ဒေါ်လေးလည်း သနားပါတယ်၊ ငါ့ညီမရော စာလိုက်နိုင်ရဲ့လား'

'လိုက်နိုင်တယ် ကိုကြီး'



www.burmeseclassic.com

www.burmeseclassic.com



'အေး… အေး…'

သိန်းထိုက်က ထမင်းစားနေရင်း…

'မှတ်ထားနော် ညီမလေး၊ သူ့နာမည်က မင်းညီလာတဲ့'

'မင်းညီလာ…'

'ဟုတ်တယ်…'

ဆို၍ ခေါင်းညိတ်ပြသူကို ခုကျမှ မီးခွက်မီးရောင်အောက်မှာ သေချာကြည့်မိသည်။

ချောလိုက်တာဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည့်အထိ။

'သူက… ကိုကြီးနဲ့ရွယ်တူပဲ၊ နာမည်က… မင်းညီလာတဲ့ ရန်ကုန်ကလာတာ၊ ကိုကြီးနဲ့ သင်္ဘောပေါ်မှာဆုံတာ လမ်းမှာဒုက္ခရောက်လိုက်တာကွာ အိတ်ချင်းမှားပါသွားလို့၊ ဆာလာအိတ်တွေ ထည့်ထားတဲ့ အိတ်ကြီးနဲ့ကိုမှားတာ၊ စရိတ်ပြတ်လို့လေ မင်းညီလာ ကူညီလို့ ထမင်းမငတ်တာ'

ဂမုန်း မျက်လုံးလေးပြူးသွားသည်။

'ကိုကြီး… အဝတ်အစားတွေ မရှိတော့ဘူးပေါ့'

'မရှိတော့ဘူးလေ'

'ဒါဆို… ခုနဂမုန်းလက်ထဲ ရောက်လာတဲ့ တစ်ထောင်တန်က 'မင်းညီလာ' ဆိုတဲ့ လူကြီးရဲ့ ပိုက်ဆံပေါ့'

'ဟင်းတွေက… လက်ရာကောင်းသားပဲ ညီမလေးချက်တာပေါ့'





စကားပြောသံကလည်း ဩရှရှလေးဖြစ်ကာ မျက်နှာအတိုင်း နူးနူးညံ့ညံ့…

'ဟုတ်ကဲ့…'

'ဘယ်နှစ်တန်းလဲ…'

'ကိုးတန်းပါ…'

'စာမေးပွဲ ဘယ်နှစ်ပတ်ဖြေပြီးသွားပြီလဲ'

'နှစ်ပတ်'

'အဆင့် ဘယ်လောက်ရလဲ'

'တစ်'

'ဟုတ်လား…'

မင်းညီလာ မျက်နှာပြုံးသွားပြန်သည်။

'ရှစ်တန်းတုန်းက ဝမ်းတူတမ်း ဝင်ခဲ့လို့လား'

'တစ်နဲ့ပဲအောင်တာ၊ ဂမုန်း မူလတန်းကတည်းက တစ်ချည်းပဲ'

ခပ်ကြွားကြွားပဲ ပြောမိသည်ထင်သည်။

သူကတော့ ပြုံး၍သာ…

'ဟုတ်လား… အံ့ဩလောက်အောင် တော်တာပဲ၊ ဆင်းရဲတဲ့လူ တချို့ဟာ ပညာရေးကို ဂရုမထားနိုင်ကြဘူး၊ သူတို့ရဲ့ ကလေးတွေကိုလည်း ဂရုတစိုက် ပျိုးထောင်မပေးနိုင်ကြဘူးလေ၊ ဒီလိုအခြေအနေမျိုးထဲကနေ ချွန်ထွက်အောင်မြင်တာဟာ ဂုဏ်ယူစရာပဲ ဆက်ကြိုးစားနော် ညီမလေး'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့…'

'ကိုယ်ဆင်းရဲပေမယ့် ပညာတကယ်တော်လာရင် ကူညီထောက်ပံ့ပြီး ပညာဒါနပြုနေကြတဲ့လူတွေ အများကြီးရှိပါတယ်၊ အားမငယ်နဲ့၊ အဓိကက ကိုယ်လိုချင်တဲ့ပညာသင်ခွင့်ရဖို့ပဲ မဟုတ်လား'

'ဟုတ်ကဲ့'

ရှက်ဖို့ကောင်းလိုက်ပါဘိ…

သူက ကိုယ့်ကို စေတနာတွေထားပြီး ကြိုးစားဖို့ ရိုးသားစွာပြောနေတဲ့ အချိန်မှာ ဂမုန်းရင်တွေ တအားခုန်လာကာ သူ့မျက်နှာကို ရဲရဲမကြည့်ရဲခဲ့တဲ့အဖြစ်…

○

'ဖြစ်ရလေ… သိန်းထိုက်ရယ်၊ ဒါဆို အခု တပ်ထဲပြန်…နဲ့ကို ငါက စရိတ်ရှာပေးရဦးမှာပေါ့'

'ရပါတယ်… ဒေါ်လေးရဲ့၊ မင်းညီလာ ရှိပါတယ်'

ညဘက်ကျတော့ မီးခွက်တစ်လုံး အလယ်မှာချ၍ စကားပြောဖြစ်ကြသည်။

'ဒါနဲ့… ဒီသားက ဘယ်ကိုသွားမှာလဲကွယ်'

'ကျွန်တော်က… ကိစ္စရှိလို့ ရှမ်းပြည်နယ်ဘက် ထွက်…တာပါ'

မင်းညီလာက စကားကို မေးမှပြောသည်။

ထိုင်ဖြီဆို ထိုင်သည့်နေရာက မထတော့ပေ။ ပိုဆိုးသည်က အိမ်မှာ ထမင်းမစားခြင်းပင်။

ရောက်သည့်ညက တို့တို့တိတိ စားသည်ကပင် လက်နဲ့…ထမင်း ထိမိပုံပင်မပေါ်ဘဲ လွန်စွာသိမ်မွေ့ နူတ်သိမ်းခြင်းများနှင့်ကြည့်ချင်စဖွယ် စားသောက်တတ်သူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ရက်များမှာ ထမင်းမစားဘဲ စားပြီးပြီဟုသာ ပြောလေသည်။

'ဟုတ်တယ်…ညီမလေး၊ သူက ပြောလို့မရဘူး၊ အိမ်မှာ အားနာလို့တဲ့ ကိုကြီးပါ စားလာတယ်' ဆိုတာက တစ်မျိုး…

ခြေဖဝါး၊ လက်ဖဝါးတွေပါ ရဲတွတ်နေသော မင်းညီလာဆိုသည့် တကယ့်မင်းညီမင်းသားလို ချောမွေ့ရှင်းသန့်နေသော ယောကျ်ားဟာ အိမ်မှာ စားသောက်ဖို့ကို မတူမတန်လို့လား…

'အစ်ကိုမင်းက ဂမုန်းတို့အိမ်မှာ စားရတာ ရှုံလို့လားဟင်'

မင်းညီလာကို ဘုရားကြီးကုန်း ဘုရားထဲ လိုက်ပို့ရင်း ဂမုန်း ပွင့်ပွင့်လင်းလင်းပဲ မေးသည်။

'မဟုတ်ပါဘူး ဂမုန်းရယ်၊ ကိုယ်… တကယ်အားနာလို့ပါ၊ ဂမုန်းတို့မှာ မိန်းမသားချည်းပဲ ရုန်းကန်နေရတာ မဟုတ်လား၊ ဆင်းရဲတယ်ဆိုတာကို တကယ်အတွင်းကျကျ မြင်လိုက်ရမှ ကိုယ် အံ့ဩသွားတယ်'

'ဒါဆို… ကိုကြီးမင်းက အရမ်းကိုချမ်းသာတာပေါ့နော်၊ ဆင်းရဲတယ်ဆိုတာကို မြင်တောင် မမြင်ဖူးဘူးပေါ့'

'အဲ… အဲသလို မဟုတ်ဘူး'

စကားမှားသွားသည့် မင်းညီလာက သူ့စကားကိုသူ ဘယ် လို ပြန်ရှင်းရမှန်းမသိဖြစ်ကာ…

'မနက်ဖြန်ဆို… ကိုယ်ပြန်တော့မယ်'





သူတို့ ဘုရားထဲဝင်လာကြတော့ ညနေစောင်း ဘုရားထဲမှာ ဘုရားဖူးတွေနဲ့ စည်ကားနေပြီဖြစ်၏။ မင်းညီလာက အာရုံခံတန်ဆောင်း တစ်ခုရဲ့ဘေးမှာ ထိုင်ချလိုက်ပြီး…

'အစ်ကိုပြောမယ်… ငါ့ညီမ နားထောင်'

'ဟုတ်ကဲ့…'

'စကားဆိုတာ သိမ်းသင့်တဲ့စကားကိုသိမ်း၊ စွန့်သင့်တာကိုစွန့်၊ သုံးသင့်တာကို သုံးတတ်ရတယ်'

မင်းညီလာက ဂမုန်းကို ကရုဏာသက်သော မျက်လုံးများနှင့် ငုံ့ကြည့်ကာ…

'အစ်ကိုပြောတာ သဘောပေါက်လား ဂမုန်း'

'ဟုတ်ကဲ့… ပြောပါ အစ်ကို'

'ဂမုန်းရဲ့အစ်ကိုဟာ တကယ်တော့ စစ်သားမဟုတ်ဘူး'

'ရှင်…'

ဂမုန်း ထိတ်ခနဲဖြစ်သွားသည်။

'ဒါလည်း… ဆင်းရဲဒုက္ခကို မခံနိုင်တဲ့ လူငယ်တချို့ရဲ့ မိုက်မှားမှုပဲ၊ သူဟာ… ငယ်ငယ်က ဆင်းရဲမှုကို ခါးသီးခဲ့သလို အခက်အခဲကို သိပ်ခက်ခက်ခဲခဲ ဖြေရှင်းလိုစိတ်လည်း မရှိဘူး၊ မောင်နှမလည်းဖြစ်တယ် မိန်းကလေးလည်းဖြစ်တဲ့ ငါ့ညီမလောက်တောင် သူ့မှာ ခံယူချက်အမာခံ မရှိဘူး၊ စိတ်မခိုင်ဘူး'

'ဒါနဲ့… အစ်ကိုမင်းက ကိုကြီးနဲ့ သဘောပေါက်ချမှ ခင်တာဆို'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်… ဒါပေမယ့် သူ့အကြောင်းကို သူပဲပြော ပြတာ၊ လူ့စိတ်သဘောကို ခန့်မှန်းတာက အဲဒီလူနဲ့ အချိန်ယူပြီး စကားပြောကြည့်ရင် သိနိုင်တာပဲ၊ သူ… သူ… ဥပဒေနဲ့ မကင်း တဲ့ ရောင်းဝယ်မှုတွေ လုပ်ခဲ့ဖူးတယ်တဲ့'

'ဟင်…'

'မစိုးရိမ်ပါနဲ့… အခု သူအမြင်မှန်ရပြီး ပြန်လာတာပါ ထောင်ခြောက်လလည်း ကျခဲ့တယ်တဲ့၊ လမ်းမှာ အိတ်ပျောက်လို့ ကိုယ်နဲ့ ဆုံစည်းမိကြတာ'

'ဒါ… ဒါဆို ကိုကြီးက ခု ဂမုန်းတို့ဆီ ခဏပြန်လာတာ မဟုတ်ဘူးပေါ့နော်'

'ဟုတ်တယ်… သူ အပြီးပြန်လာတာ၊ ဒါကို… ဂမုန်း တို့ ဆက်ထိန်းထားကြပါ၊ အိမ်မှာ ကိုယ့်အစ်ကိုရှိတော့ လုံခြုံတယ် ပြည့်စုံတယ်၊ သူ့ ဘာဖြစ်ခဲ့တာ ဘာလုပ်မှာ ဘာကိုမှ မမေးပါနဲ့ နောက်ထပ် ထွက်မသွားဖို့သာ ဂရုစိုက်ကြည့်နေပေါ့'

ဂမုန်း မျက်လွှာလေးချသွားတော့ ထူးခြားလှပနေသည့် အပျိုဖော်ဝင်စ မိန်းကလေးရဲ့ မျက်တောင်ကော့ကော့လေးတွေ ကို မင်းညီလာ ငေးကြည့်သွားမိ၏။ သူ ပင့်သက်ဖြာလျက်…

'ဂမုန်း…'

'ရှင်…'

'နောက်ဆို ဒီလို ဘိုသီဘတ်သီကြီး မနေနဲ့နော်၊ စာကို





သုံးဝ နှစ်မြှုပ်ကြိုးစားတယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမယ့် တစ်ကိုယ်ရေ သန့်ရှင်းမှုဟာလည်း စိတ်ဓာတ်နဲ့ဆိုင်တယ်'

'ဂမုန်း… ရေမှန်မှန် ချိုးပါတယ် အစ်ကိုမင်းရယ်'

'ဒါက…မဆိုင်ဘူး၊ ရေချိုးပြီး အဝတ်အစားဖရိုဖရဲမသပ် ရပ်နေတာဟာ ရေချိုးထားထား မထားထား သန့်ရှင်းကြည်လင်မှု မရှိဘူး၊ လူသူ မလေးစားဘူး၊ သန့်သန့်ရှင်းရှင်း ဝတ်စား နေထိုင်တဲ့ လူတွေရှေ့မှာ ကိုယ့်ကိုယ်ကို သိမ်ငယ်မှုကို ဖြစ်စေ တယ်၊ ငါဟာ သူတို့လို အရာမဝင်ပါဘူးဆိုတဲ့ သိမ်ငယ်မှုပေါ့'

ဂမုန်း သဘောပေါက်သွားရသည်။

'ကိုယ့်မှာ ရှိတာလေးကို သန့်ရှင်းအောင် အမြင်တော် အောင် ပြင်ဆင်ဝတ်၊ လှချင်တာ ဟုတ်ဟုတ် ကိုယ်က မိန်းက လေး မိန်းမရဲ့ရုပ်ဟာ အလှပဲ၊ လှအောင်ဖန်တီးနေတာချည်း မဟုတ် ဘဲ ကိုယ့်မှာ သဘာဝရှိထားပြီးတဲ့ အလှကိုပဲ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရမယ်၊ ဥပမာ….သနပ်ခါးလိမ်းတာ ပန်းပန်တာ သဘာဝကိုက မိန်းကလေးအလုပ်ပဲလေ၊ ဒါဟာ… မိန်းမရဲ့ ကျက်သရေပဲ၊ အခု… ဂမုန်းမှာ အလှအပ ဘာမှမရှိဘူး'

'ဂမုန်းက… ဆင်းရဲတာကိုး အစ်ကိုမင်းရဲ့'

'ဆင်းရဲပေမယ့် ဂမုန်းလှတယ်၊ နည်းနည်းလေး မဟုတ် ပါဘူး တအားလှတာ'

'အစ်ကိုမင်းကလည်း…'



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းမျက်နှာလေး နီရဲကာ လက်ချောင်းတွေ ဟိုလိမ် ဒီချိုးနှင့် ကတုန်ကယင်လေး ဖြစ်သွားတော့သည်။

'တကယ်ပြောတာပါ၊ စာကိုလည်း ကြိုးစား၊ သပ်ရပ်မှုကိုလည်း ဂရုစိုက်ပေါ့၊ ဂမုန်းကို… ကိုယ် လက်ဆောင်တွေ ဝယ်ပေးခဲ့ချင်ပါတယ်၊ ဒါပေမယ့်… မသင့်တော်ဘူး၊ မနက်က တောင်မှ ကိုယ် သနပ်ခါးတုံး သုံးတုံးကို နှစ်ထောင်နဲ့ ဈေးထဲမှာ ဝယ်တော့ သိန်းထိုက်က ဘာလုပ်ဖို့လဲတဲ့၊ ရန်ကုန်ကို လက်ဆောင် ဝယ်သွားမလို့လားတဲ့'

မင်းညီလာက သူမကို စိုက်ကြည့်ပြောနေသဖြင့်…

ဂမုန်း မျက်လွှာပင့်မကြည့်ဝံ့ဘဲ ရှိလေသည်။

'ကိုယ်က… ပြောတယ်၊ မဟုတ်ပါဘူး ဂမုန်းကို ပေးခဲ့မလို့ပါလို့ပြောတော့ သူ ရယ်တယ်၊ မတတ်နိုင်ဘူးလေ၊ ဂမုန်း အမြဲတမ်း ပါးတွေရဲပြီး မျက်နှာပြောင်နေတာကို ကိုယ်က သနပ်ခါးလေးနဲ့ မြင်ချင်တာ'

'ဟင်… ဂမုန်းကို ပေးဖို့ဟုတ်လား'

'အင်း…'

'နှစ်ထောင်ဖိုးတောင်'

'ဟုတ်တယ်… ဈေးရှေ့မှာ ပခုက္ကူက ဈေးသည်တွေ ချရောင်းနေကြတာတွေ့လို့လေ၊ အခု… ကိုယ်အိပ်တဲ့ ခေါင်းရင်းမှာထားတယ်၊ ကိုယ်ပြန်ရင် ဂမုန်းယူလိုက်နော် လက်ဆောင်ပေါ့'





ဂမုန်း လိုက်ခနဲ ဝမ်းနည်းသွားကာ ထူးဆန်းစွာ မျက်ရည်လည်လေသည်။ ရှက်တဲ့စိတ်ဝင်လာတော့ ဂမုန်းမျက်ရည်ကို မင်းညီလာက မြင်သွားပြီ၏။

'ဂမုန်း… ကိုယ့်ကို ခင်တယ်နော်'

ဂမုန်း ခေါင်းလေးညိတ်တော့ မျက်ရည်နှစ်စက် ထွက်သွားလေသည်။

'ဒါဆို… ကိုယ်ဝယ်ပေးတဲ့ သနပ်ခါးလိမ်း၊ ညဘက် အိပ်ယာဝင်ခါနီး ရေချိုး သနပ်ခါးကျဲကျဲလေး လိမ်းပြီး စာကြည့်ရင် ဘယ်လိုကြည်နူးတယ်ဆိုတာ ဂမုန်း နားလည်သွားလိမ့်မယ်'

ခုတော့ မီးဖိုထဲပြေးဝင်လိုက်၊ ထမင်းစားပြီး လက်ကို ဖြစ်သလို တစ်ချက်နှစ်ချက်သုတ်၊ သံသေတ္တာလေးကို စားပွဲခုံ သဖွယ်ထား၍ စာကြည့်ရတဲ့ဘောမှာ ပြေးထိုင်…

ဒါကို အစ်ကိုမင်း မြင်နေရသည်သာ…

'ညညဆို… မေမေ အိပ်ခါနီး ကိုယ်က တရားစာအုပ် ဖတ်ပြရတယ်၊ တစ်ခါတလေ နှိပ်ပေးရတယ်၊ အဲဒီအခါဆို မေမေ့ကိုယ်က သနပ်ခါးနံ့လေးက သင်းနေတာပဲကွ၊ သနပ်ခါးနံ့ကို ကိုယ်ငယ်ငယ်ကတည်းက မြတ်နိုးတာ'

'အစ်ကိုမင်းမှာ… မိန်းမ မရှိဘူးပေါ့နော်'

လွှတ်ခနဲ မေးမိပြီးမှ အမှုယာတစ်မျိုး ဖျတ်ခနဲပြေးသွားသော မင်းညီလာ အကြည့်များကြောင့် ဂမုန်းမျက်နှာလေး နီရဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟို… ဂမုန်းက မေးတာလေ၊ ဟို… အစ်ကိုမင်းက အမေကိုပဲ ပြုစုနေတယ်ဆိုလို့ပါ'

မင်းညီလာက ဘာမှမဖြစ်လိုက်သလို ပေါ့ပါးစွာပြုံး၍…

'မရှိဘူး… ရှိတော့ရော မိန်းမကိုတော့ ဘယ်ပြုစုပေးနိုင်မလဲ၊ ကိုယ့်ကိုပဲ ပြုစုခိုင်းမှာပေါ့၊ မဟုတ်ဘူးလား'

မင်းညီလာက ခပ်ဟဟရယ်၍ ထရပ်လိုက်သည်။

'ကဲ… ဘုရားကိုလာပြီး ဘုရားတောင် မဖူးရသေးဘူး အထဲဝင်ရအောင်'

ဘုရားကြီးကုန်း ဘုရားဝန်းကြီးထဲမှာ တန်ဆောင်းများစွာရှိကာ ကျယ်ဝန်းလှသည်မို့ ဂမုန်း မင်းညီလာကို လိုက်ပြရင်း မိုးချုပ်စပြုသွားခဲ့သည်။

'ဘယ်လိုဖြစ်တာလဲ၊ နင်တို့… ကလေးတွေလည်း မဟုတ်တော့ဘဲနဲ့ ရန်ဖြစ်ကြရတယ်လို့'

မပြည့်အသံ။ ထင်လိုက်ရုံပဲ ရှိသေးသည်။

အာရုံခံတန်ဆောင်းကြီးထဲက ထွက်လာကြသော မပြည့်တို့နှစ်ယောက်နဲ့ သိမ်းပိုက်ချမ်း…

မျက်နှာချင်း တည့်တည့်ကြီးဆိုင်တော့ သိမ်းပိုက်ချမ်းမျက်လုံးတွေက ဂမုန်းကိုကျော်၍ မင်းညီလာဆီရောက်သွား၏။

မပြည့်ကတော့ မင်းညီလာကို တစ်ခါခေါ်ပြောဖူးတာမို့…





'ဂမုန်း… ဧည့်သည်ကို ဘုရားလိုက်ပို့တာလား'

'ဟုတ်ကဲ့… မပြည့်'

နှစ်ဦးနှစ်ဘက် ပြုံးပြနှုတ်ဆက်ရုံနှင့် ကျော်ဖြတ်သွားကြလေသည်။ သိမ်းပိုက်ချမ်းက လှမ်းသွားမှ နောက်ကို သမင်လည်ပြန်ကြည့်သည်။

မပြည့်ကပြုံး၍…

'အဲဒါ… ရန်ကုန်က ဧည့်သည်လေ၊ နာမည်က… မင်းညီလာတဲ့၊ တကယ့် မင်းညီမင်းသားလေးလိုပဲနော်၊ ချောချောနေတာပဲ၊ ကိုယ်ယူထားတဲ့ယောကျ်ားကိုတောင် ကွာပစ်ချင်တယ်'

'သူပြန်ရင် မင်းတစ်ခါတည်း လိုက်သွားလိုက်ပါလား'

'ကိုနောင်ကလည်း… ချောတိုင်းချစ်လို့ရပါ့မလားလို့၊ ကိုယ့်ယောကျ်ားကလွဲရင် ဖွဲဆန်ကွဲပါ'

နောင်လင်းက မကျေနပ်သည့် အကြည့်များနှင့်…

'မိန်းမတွေများ တတ်လည်းတတ်နိုင်ပါ့…'

လင်မယားချင်း ပခုံးချင်းတိုက်၍ ခပ်ကြိတ်ကြိတ်ရယ်ကြပေမယ့် သိမ်းပိုက်ချမ်း အဓိပ္ပာယ်မဲ့ စောင်းတန်းရဲ့ အုတ်ခင်းလမ်းကို ငုံ့စိုက်ကြည့်ရင်း လျှောက်လာခဲ့မိ၏။

သူ့မျက်လုံးထဲမှာ ကြည်သာရွှင်ပျနေသော ဂမုန်းရဲ့ မျက်ဝန်းလေးတွေကို မကျေနပ်သလိုလို မခံချင်သလိုလို…

○



www.burmeseclassic.com

'ဪ... မမြသန်း လာလေ'

'ညှိုသည်လေး... ပြန်သွားပြီလား သန္တာ'

'ဟုတ်တယ်... မမြသန်း၊ မနက်က... ကျွန်မ အာလူး ကောက်လိုက်ဖို့တတော့ သူထွက်သွားတာပဲ၊ ဘယ်သူမှ နီးမနေ တော့ဘူးတဲ့၊ အားလုံးကို နှုတ်ဆက်ပြီးသွားတဲ့၊ ကျွန်မကို... ငွေတစ်သောင်းပေးသွားတယ်'

'အံမယ်...တယ်ဟုတ်ပါလား၊ ဒါနဲ့များ... ဒီနေ့ အာလူး ကောက်လိုက်ဖို့ လုပ်နေရသေးတယ် သန္တာရယ်၊ ဆယ်ရက် လောက် အေးဆေးနေပ်နေလိုက်ပါတော့လား'

'မရပါဘူး... မမြသန်းရယ်၊ ငွေလေးရတော့ ပေါင်နှံ ထားတာလေးတွေ ရွေးရဖို့ ရှိသေးတယ်လေ၊ ခြေစောင့်လက် စောင့်လေးလည်း ကိုင်ထားဦးမှ ကိုယ့်လက်ထဲမှာ ငွေရှိထားတော့ ပင်ပန်းရတာလည်း ပင်ပန်းပျော်တာပေါ့၊ ဒီနေ့... မလိုက်ဖြစ် ပေမယ့် နောက်နေ့လိုက်ရမှာပဲ'





ဒေါ်မြသန်းက ကုလားပဲရေစိမ်ထားသည့် ဒန်အိုးပေါင်း ...ကို အသာနမ်းကြည့်၍ ကွပ်ပျစ်မှာ ဝင်ထိုင်လိုက်၏။

'ဒီကောင်လေးကြည့်ရတာ တော်တော်ချမ်းသာပုံပဲနော်၊ သူ့အသားအရေ၊ သွားလာပုံလေးကိုက အရောင်ထွက်နေတာ၊ ဘာမှ ဝတ်စားပြဖို့မလိုဘဲ လူချမ်းသာမှန်းသိသာတယ်၊ သူက ဈေးကုန်ကို ပြန်တာလား'

'ဟုတ်တယ်လို့ပြောတာပဲ၊ သူ့အကြောင်းလည်း ဘာမှ ရေရေရာရာ သိပ်မပြောပါဘူး'

'ဘယ်လိုနေတာ၊ ဘယ်လောက်ချမ်းသာတယ်နဲ့၊ ပြော မပြဘူးလား'

'မပြောပါဘူးတော်၊ ငွေလိုတယ်ထင်လို့ အိမ်စရိတ်ထုတ် ထုတ်ပေးတာတောင် စကားသုံးလုံးကွဲအောင် ပြောတာမဟုတ်ဘူး၊ သူ... အစက သိန်းထိုက်တို့အိမ်မှ အလည်ဆိုပြီး လိုက်တက် လာတာတဲ့၊ ဒီရောက်မှ တည်းဖြစ်သွားတာ'

'ဂမုန်းကိုတော့ တော်တော်သံယောဇဉ် ရှိပုံရပါတယ်၊ စာပြပြပေးနေတာတွေ့တယ်'

ဒေါ်မြသန်းက ဘာကိုဆိုလိုချင်တာမှန်း သိသောကြောင့်

'ဟုတ်တယ်... ကျွန်မကဖြင့် ဒီလိုလူမျိုးနဲ့ မေတ္တာရှိ သွားကြလည်း ကျေတောင် ကျေနပ်သေးတယ်'

ဟု ခပ်ရွှဲရွှဲပြောလိုက်လေသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

'ဒါနဲ့… မမြသန်းအိမ်မှာရော ညွှံ့သည်ရောက်လို့ဆို'

'ညွှံ့သည် မဟုတ်ပါဘူး သန္တာရယ်၊ ငါ့အစ်မ အကြီးဆုံးပါ၊ သူက ရန်ကုန်မှာနေတာလေ၊ ပွဲစားလုပ်တာ၊ ပြေလည်ပါတယ်၊ တို့ညီအစ်မ မောင်နှမတွေထဲမှာ ငါက အငယ်ဆုံးကိုးအော၊ မမကြီး… အလည်လာတာ ငါ့ဆီ ထမင်းတစ်နပ်လာစားဖို့ကို မနည်းခေါ်လိုက်ရတာ၊ အစ်ကိုကြီးတို့အိမ်မှာပဲ သူတည်းတာပါ၊ ငါ့ဆီ ထမင်းလေးစားတာတောင်မှ ကလေးတွေကို မုန့်ဖိုးငါးရာစီ ပေးသွားသေးတယ်၊ ကလေးက ငါးယောက်ဆိုတော့ နှစ်ထောင့်ငါးရာပေါ့၊ အဲဒါ… ငါ့ထမင်းကို အလကား မစားဘူးဆိုတဲ့ သဘောနဲ့ ငွေနဲ့ချေသွားတာ သိလား'

'ဒီလို ဟုတ်မယ် မထင်ပါဘူး မမြသန်းရယ်၊ ကိုယ့်ညီမ မပြေလည်မှန်းသိလို့ မစားရက်တာ ဖြစ်ပါလိမ့်မယ်'

'မစားရက်ဘူးဆိုတာကိုက တို့ရဲ့သဒ္ဒါတရားကို တန်ကြေးဖြတ်သွားတာ၊ တစ်ဝမ်းကွဲမှ မဟုတ်တာ သန္တာရယ်၊ ကိုယ့်အစ်မ တစ်ခါတလေမှ ရောက်လာတာ၊ ကျွေးချင်မွေးချင်တာပေါ့၊ သူက… ဒီလို ပြန်ပေးသွားတော့ ငါ ဘယ်လိုခံစားရမလဲ'

'ကဲ… ဘယ်လိုမှ ခံစားမနေနဲ့တော့၊ ရော့… လက်ဖက်သုပ်စားဦး'

ဒေါ်သန္တာက လက်ဖက်သုပ်ပန်းကန် ရှေ့ချပေးတော့မှ ဒေါ်မြသန်း ပါးစပ်ပိတ်သွားလေသည်။





'ဂမုန်း…'

'ရှင်…'

'ဘာလုပ်နေလဲ…'

'ကျောင်းသွားမလို့ ဒေါ်လေး'

'ညည်းအစ်ကိုရော'

'သဘော်သီမလားဆိုပြီး ကမ်းနားဆင်းသွားတယ်'

'ဪ… သဘော်ကဖြင့် ငါးနှာရှီမထိုးခင် ကတည်းက ထွက်သွားတဲ့ဟာ၊ မိုးလင်းမှ အရှူးထပြီး လိုက်သွားရသလား၊ ဘိုယ်ညွှံ့သည်ကိုယ် ပို့ချင်ရင် ဝီရိယလေးနဲ့ထပေါ့'

ဒေါ်သန္တာကို အသံမပျက်အောင်ထိန်း၍ လှမ်းပြောပြီး ဂမုန်းပါးပြင်ပေါ်မှာ ရွဲအိုင်နေတဲ့ မျက်ရည်တွေကို သုတ်နေမိပေမယ့် မနိုင်ပေ။ မျက်ရည်ကြောကြီး ကျိုးပေါက်လျက် သုံးမကုန်အောင် ထွက်နေတဲ့ ရေနံကြောကြီးတစ်ခုသဖွယ်…

သူမလက်ထဲမှာ တံဆိပ်တွေပါသော အသစ်စက်စက် တစ်ထောင်တန်ငါးရွက်ရယ်၊ စာရွက်ခေါက်လေး တစ်ခုရယ်က တဖျတ်ဖျတ် လှုပ်ခတ်လျက်…

'ညွှံ့သည်မှန်း သိရက်နဲ့ တွယ်တာခဲ့မိတာ ဂမုန်းအပြစ်ပေါ့ အစ်ကိုမင်းရယ်'

ဂမုန်း အင့်ခနဲ ရှိုက်မိပြန်သည်။ စာရွက်ခေါက်လေးကို ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ပြန်ဖတ်ကြည့်မိပြန်သောအခါ


www.burmeseclassic.com

www.burmeseclassic.com

ရှည်သွယ်ညီညာသော လက်ချောင်းလေးတွေက ဂမုန်းရဲ့ မျက်ရည်ပြည့်လျှမ်းသော မျက်လုံးထဲမှ ဝေဝါးစွာ…

*ညီမလေးဂမုန်း*
*မင်း ငိုမှာစိုးလို့ နှုတ်မဆက်ခဲ့တော့ဘူး။*
*မင်းကိုယ်ကို သတိရရင် သနပ်ခါးမှန်မှန်လိမ်းနော်။*
*ကလေးဆိုတော့ မုန့်စားဖို့ မုန့်ဖိုးထည့်ထားခဲ့တယ်။*

**ခေတ္တခွဲသည်**

အောက်နားမှာ ကြည့်၍ မဝနိုင်သော မင်းညီလာရဲ့ လက်မှတ်ကလေးကို ခုလည်း ဂမုန်း ထပ်ငေးမိပြန်သည်။

ဂမုန်းအတွက် အစ်ကိုမင်း ဘာတွေပေးခဲ့ပေးခဲ့ ဒီလက်မှတ်တစ်ခုလောက် ဂမုန်း မမက်ဘူး အစ်ကို။ ဒီလက်မှတ်ကလေးမှာ အစ်ကိုရဲ့အငွေ့အသက်တွေရှိတယ်။ ဂမုန်း အင့်ခနဲ ရှိုက်ငိုမိသည်။ ကလေးမို့ မုန့်ဖိုးပေးပါသတဲ့…

'ဂမုန်း ကလေး မဟုတ်ဘူး အစ်ကို'

အစ်ကို့ကို ဂမုန်း စွဲလမ်းရင်ခုန်ခဲ့မိတာ ကလေးတဲ့လား။ ကလေးက ရင်မခုန်တတ်ပါဘူး အစ်ကိုရယ်။

ဂမုန်း အစ်ကို့ကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ ဂမုန်း သေတဲ့အထိ အစ်ကိုနဲ့အတူ ဖြတ်သန်းခဲ့တဲ့ တိုတောင်းတဲ့ ရက်ကလေးတွေကို ဖက်တွယ်ထားမယ်။





အဲဒီနေ့ရက်တွေဟာ ဂမုန်းအတွက် ဘယ်တော့မှ အတိတ်မဖြစ်ရဘူး။ ဒီစွဲလမ်း ရူးသွပ်မှုဟာ တစ်ဖက်သတ်ဖြစ်နေလည်း ဂမုန်း ကျေနပ်တယ်။ ခုတော့ ဂမုန်းရင်မှာ…

ဂမုန်းကို ရူးသွပ်သွားအောင် ပြုစားထားခဲ့ပါတော့လား အစ်ကိုရယ်။ မင်းညီလာ အုံးသွားခဲ့သည့် ခေါင်းအုံးလေးကို မွှေးဖက်နမ်းရှိုက်မိတော့ ကိုယ်သင်းရနံ့လေးတစ်ချက် နှာခေါင်းထဲ ဝင်လာသည်။ ဂမုန်း အိပ်ယာကိုသိမ်းရင်း ခေါင်းအုံးကို သူမ အိပ်ယာထဲမှာထား၍ လေးကန်သောခြေလှမ်းများနှင့် ထွက်လာခဲ့သည်။

ဒေါ်လေး ဈေးသွားပြီမို့ အောက်ထပ်မှာ မရှိတော့ပါ။

ဂမုန်းတို့အိမ်လေးက ခြေတံမြင့် သုံးပင်အိမ်လေး။ အိမ်ကတောင့်ပေမယ့် ခေါင်မိုးကတော့ ဖရိုဖရဲပါ။

လှေခါးအဆုံး ဖိနပ်ချွတ်နားမှာ စီးကရက်တိုလေးတစ်ခုကို တွေ့လိုက်ရသဖြင့် ဂမုန်း ကောက်ယူလိုက်သည်။

စီးကရက်ကို ရောက်လာတဲ့မနက်မှာ ကိုကြီးနဲ့ ဈေးက ပြန်လာတုန်း သောက်လာတာ တစ်ခါမြင်ဖူးလိုက်ပြီးနောက်မှာ မင်းညီလာ အိမ်မှာ စီးကရက်ပင်သောက်တာ မတွေ့ရတော့ပေ။

လှန်စွာလှပသော စီးကရက်ဗူးပြာလေးကိုလည်း သူ့ဆီမှာ မြင်ဖူးသည်။ ဘာဖြစ်လို့ ထပ်မသောက်ဘဲ နေသည်ကို တွေးမိခဲ့ပါ။


www.burmeseclassic.com

www.burmeseclassic.com



ခုရသည့် စီးကရက်တိုလေးက အသစ်စက်စက်လေး။ အစ်ကို ဒီမနက် သွားခါနီးမှ သောက်ခဲ့တာဖြစ်ပေမည်။

ဂမုန်း ကျောင်းမသွားဖြစ်နိုင်သေးဘဲ အိမ်ပေါ်ပြန်တက်ခဲ့သည်။ ဟေမာန် လက်ဆောင်ပေးထားခဲ့သော ရွှေဆိုင်တွေက ရွှေဝယ်သူတွေကို ပေးတတ်သည့် ပိုက်ဆံအိတ် လှလှလေးကို ထုတ်ယူလိုက်၏။ အထဲမှာ စီးကရက်တိုကလေးနှစ်ခု...

မင်းညီလာ ရှိနေကတည်းက သူမ မနင်းရက်ခဲ့တာကြောင့် အစ်ကိုသောက်ထားသည့် စီးကရက်တိုလေးတွေကို လူမသိအောင် ကောက်ယူထားခဲ့မိတာ ဖြစ်သည်။ ဒီ စီးကရက်ကလေးတွေဟာ အစ်ကို့နှုတ်ခမ်းမှာ နေရာယူနိုင်ခဲ့ကြသည်လေ။

စာကလေး တစ်စောင်ရယ် စီးကရက်တိုလေးသုံးခုရယ် တစ်ထောင်တန်လေး တစ်ရွက်ရယ်ကို ပိုက်ဆံအိတ်ကလေးထဲမှာ စုထည့်ပြီးမှ လွယ်အိတ်ထဲကိုထည့်သည်။

ကျန်တဲ့ ပိုက်ဆံတွေကိုတော့ သေတ္တာလေးထဲမှာ ထည့်သိမ်းခဲ့ပါ၏။ ဒီပစ္စည်းလေးတွေ ရှိနေသည့် ပိုက်ဆံအိတ်လေးဟာ ဂမုန်း လွယ်အိတ်ထဲမှာပဲ အတူကြာမြင့်စွာ ရှိနေဦးမှာပါ။ သေတ္တာထဲမှာ သိမ်းဆည်းထားခဲ့နိုင်သည့် သွေးအေးခြင်းမျိုး ရင်မှာ မခံစားနိုင်သေးသရွေ့...

○



'ဟုတ်ပြီ... ဒီတစ်ခါ ယောက်ျားလေးတွေက တယ်ဟုတ်ပါလား၊ သိမ်းပိုက်ချမ်း ထိုင်တော့'

ဆရာမမျက်လုံးတွေက မိန်းကလေးတန်းဘက် ဝေ့လာသည်။

'ယောက်ျားလေးဘက်က သိမ်းပိုက်ချမ်း ထွက်ဆိုသွားပြီ၊ မိန်းကလေးဘက်က ရတဲ့သူ မရှိတော့ဘူးလား'

ခါတိုင်းဆို အားလုံးထက်အရင် ဂမုန်း ထဆိုနေကျ အတန်းထဲမှာ ဆရာမက သံချိန်းစာတစ်ခုသင်ပြီဆို ချက်ချင်းကျက်နိုင်း ချက်ချင်းထဆို နိုင်းတတ်မြဲ။

ဒါပေမယ့် အခု ဂမုန်း ထမဆိုနိုင်တော့ပါ။

စာကို ဘယ်လိုကျက်လို့မှ မရ။ ရှုးစိုက်ကျက်လေ ခေါင်းတွေမူးလေ။

'ကဲ... အရှုံးခံမှာလား၊ ထဆိုမှာလား၊ ဒါမှမဟုတ် ဆရာမ ခေါ်ရမှာလား'



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေက မရတော့ ဂမုန်းကို လှမ်းကြည့်ကြ သည်။ တစ်ယောက်မှ မထွက်နိုင်လျှင်ဖြင့် မိန်းကလေးတစ်တန်း လုံးကို သိမ်းပိုက်ချမ်း နားရွက်လာဆွဲတော့မည်။

'ဂမုန်း··· နင် မဆိုနိုင်ဘူးလား၊ ငါတို့ မရလို့'

ဂမုန်း ခေါင်းခါလိုက်ဆဲ···

'ကဲ··· ကဲ··· ဂမုန်းထ AICCIA ရဲ့ Sporophyte ကို ဆိုစမ်း'

ဂမုန်း ထရပ်လိုက်သည်။

The nature sporophyte consists. Only is the capsule which is a spberical sac. like structure.

It remains embedded in the...

ဂမုန်း ဆက်မဆိုနိုင်တော့ပေ။

တစ်တန်းလုံးက ဂမုန်းကို ဝိုင်းကြည့်နေကြသည်။ သိမ်းပိုက်ချမ်းကလည်း ဂမုန်းကိုပဲ ထူးဆန်းအံ့သြစွာ ကြည့်နေ၏။

'မရဘူးလား··· ဘယ်လိုဖြစ်တာလဲ ဂမုန်း'

ဂမုန်း နေမကောင်း၍ပါဟု ဖြေဆေးထိုးဖို့ စိတ်ကူးမရှိ ပေ။ နေမကောင်းဖြစ်ရခြင်းကိုပဲ ဂမုန်း နာကြည်းခါးသီးစွာ···

'ဟေး···'

'သိမ်းပိုက်ချမ်းကွ···'

မိန်းကလေးတွေက အမြဲနိုင်နေကျ ယောကျ်ားလေးတွေ ကို ဒီနေ့ဘာကောင် မရှုံးခဲ့ဖူးကြပေ။ ခုတော့ ယောကျ်ားလေးတွေရဲ့ ···ကြော်သံက ဟိန်းခနဲထွက်လာ၏။ အတန်းထဲမှာ ဆူညံပွက်လော ···လျက် သိမ်းပိုက်ချမ်းအသံက···





'ဆရာမ··· ကျွန်တော် မိန်းကလေးတွေကို နားရွက် ဆွဲချင်ဘူး'

'မဆွဲလို့မရဘူး၊ အခု··· သွားဆွဲ ထွက်··· ထွက်···'

သိမ်းပိုက်ချမ်း ထွက်လာရသည်။

ဂမုန်း ရှေ့သို့ရောက်ခဲ့လေသော် ဂမုန်းရဲ့ နာကြည်းသော ···ကြည့်နှင့် ရင်ဆိုင်လိုက်ရသဖြင့် သူ့ ရုတ်တရက် လက်ပင် ···မြှောက်နိုင်ဘဲ ဖြစ်သွား၏။

'ဟိတ်ကောင်··· ဆွဲလေကွာ'

'ဆရာမ··· သိမ်းပိုက်ချမ်း ဂမုန်းကို မဆွဲဘူး ဆရာမ'

'ဟော့··· ဆွဲလေ နာနာဆွဲ သူငယ်ချင်းတို့ဘာတို့ မညာ ဘူး'

သူတို့သုံးယောက်အတွဲကို ကျောင်းက ရှိနေသမျှ ဆရာ၊ ဆရာမတွေက မျက်စိယဉ် နားယဉ်နေပြီးသား။

သိမ်းပိုက်ချမ်း နှုတ်ခမ်းခပ်ဖိဖိစေ၍ ဂမုန်းနားရွက်ကို ···ကိုင်လိုက်ရာ မေဖျားနှင့် ထိသွားမိခဲ့သည်။ လက်က ပူရှိန်း ···သွားသည်ကို သိလိုက်ရကာ···

'ဟင်··· ဂမုန်း'



www.burmeseclassic.com

www.burmeseclassic.com



သူ ဂမုန်း လည်ပင်းနားကို လက်ခုံနှင့် ထိကပ်ပစ်လိုက်၏။

'နင်… နင် ဖျားနေတယ်'

'ဆွဲလိုက်စမ်းပါ… သိမ်းပိုက်၊ ငါ… နင့်ကို စိတ်မဆိုးဘူး၊ ငါ့ရဲ့… ညှုံ့ဖျင်းမှုကို မှတ်သားလောက်အောင် ငါခံချင်လို့ပါ'

သိမ်းပိုက် ဆတ်ခနဲ ခေါင်းခါ၍…

'ဆရာမ… ဂမုန်း ဖျားနေတာ'

ဟု နောက်လှည့်ပြောလိုက်သည်။

အမြဲသနပ်ခါး မလိမ်းဘဲနေတတ်သည့် ဂမုန်းမျက်နှာက ဖျားနေသည်ဟု မသိသာလှဘဲရှိရာ သိမ်းပိုက်ချမ်းပြောမှ ဆရာမက သိလေသည်။ ထိုနေ့ကအဖြစ်များကို ဂမုန်း ခါးသီးသွားခဲ့သည်။

စာသင်နေတဲ့အချိန်မှာ တစ်ချက်ကလေး တိမ်းစောင်းသွားခဲ့သော ကိုယ့်ဘဝဟာ အချိန်မီသာ မထိန်းသိမ်းနိုင်ခဲ့လျှင် မဟုတ်ရာ ချောက်ကမ်းပါးကြီးထဲသို့ ဦးစိုက်ထိုးဆင်းလာမှာပါလား။

○



ရှစ်မျက်နှာဘုရားက ကိုယ့်ရဲ့မွေးနံစနေထောင့်မှာ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်အားလုံး ကပ်လှူပြီး ဆုတောင်းခဲ့သည်။

အချစ်ဆိုသောမီးကို ငြိမ်းသတ်နိုင်ပါစေ။

ပညာဟူသော ပန်းတိုင်ကို အဆုံးတိုင် အမြဲကျော်ကြားခြင်းများနှင့် လျှောက်လှမ်းနိုင်ပါစေ။

ဆုတောင်းမေတ္တာ ပို့ပြီးမှ နေရာမှထသည်။

ဘုရားကြီးထဲ သိမ်နားမှာ တစ်ယောက်တည်း လမ်းလျှောက်နေရင်း ညနေစောင်းမို့ ဘုရားဖူးတွေ ဝင်ထွက်နေကြတာကို အဝေးကလှမ်းကြည့်ရင်း ပြန်ဖို့ သတိရသည်။

ဂန္ဓကုဋီ အာရုံခံတန်ဆောင်းကြီးထဲကို ဝင်ဖူးချင်သေးပေမယ့် ဒီအချိန် လူတွေများနေပြီမို့ မဝင်ဖြစ်တော့ဘဲ ဆုတောင်းပြည့်ဘုရားလေးဘက်ကို တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှောင်မိုက်နေသော ဘုရားအတွင်းထဲမှာ ဦးသုံးကြိမ်သာ ချ၍... နောက်ပေါက်ထဲက ပြန်ဖို့လှည့်အထွက်တွင် မှောင်မိုက် ကျဉ်းမြောင်းသော လှိုဏ်ဂူလေးလိုမို့ ဝင်လာသူတစ်ယောက်နှင့် တိုက်မိလုမတတ် ဖြစ်သွား၏။

'ဟင်...'

သိမ်းပိုက်

စိတ်ထဲမှာ ရေရွတ်လိုက်မိပေမယ့် မခေါ်ဖြစ်ခဲ့ပါ။

မခေါ်မပြော ဖြစ်ကြတာ ကြာပြီပဲ။

သို့သော် သိမ်းပိုက်ချမ်းက ရှောင်ပေးမှ ထွက်လို့ရမည့် လှိုဏ်ဂူလမ်းကျဉ်းလေးကို ဖယ်မပေးဘဲနှင့်...

'နင်... နေကောင်းသွားပြီလား'

'အင်း...'

'ဘယ်လိုဖြစ်တာလဲ...'

'ဖျားတာ...'

လိုရင်းပဲဖြေကာ နောက်ထပ်ဝင်ပေါက်တစ်ခုက သွားဖို့ လှည့်လိုက်တော့...

'ဂမုန်း... နေပါဦး'

သိမ်းပိုက်ချမ်း နောက်က လိုက်လာကာ...

'ငါ့ကို... အမေက ဒီဘုရားမှာ ဆီမီးပူဇော်ခိုင်းလိုက်တာ ခဏလောက်ကူပါဦး'





'ငါ... မီးချပ်နေပြီ'

'မချပ်သေးပါဘူး၊ ခဏလေးပါ'

ပြော၍ ဖယောင်းတိုင်ထုပ်ကို ဖောက်နေသဖြင့် ဂမုန်း ပြန်လှည့်လိုက်ရသည်။

'ဆံနီမ...'

သိမ်းပိုက်ချမ်းက ဆီမီးတွေ လိုက်ထွန်းရင်း ဂမုန်းမျက်နှာကို ကြည့်၍...

'နင်... ငါ့ကို မခေါ်ဘဲ နေနိုင်တယ်နော်'

'ဘာလို့... မနေနိုင်ရမှာလဲ'

မာနကြောင့် လေသံကမာသွား၏။

'ငါကတော့... နင့်ကို စကားမပြောဘဲနေပေမယ့် သတိရပါတယ်'

သိမ်းပိုက်ချမ်းက တင်းနေသည့် ဂမုန်းမျက်နှာလေးကို စိုက်ကြည့်၍...

'နင်က...ငါ့ကို မခေါ်ချင်မပြောချင်ဘဲ ဖြစ်နေတာလား'

ဂမုန်းက ခေါင်းခါ၍ ဘုရားရှိခိုးသည်။

ဆီမီးအလှူရှင်က လက်ပိုက်ရပ်ကြည့်နေသဖြင့်...

'နင်က... ဘာကြည့်နေတာလဲ'

'ဘာလုပ်ရမှာလဲ...'

'နင့်အမေက ဘာအတွက်လုပ်ခိုင်းတာလဲ၊ ရှိခိုးဆုတောင်းလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဆုတောင်းရမှာလဲ၊ အမေက ရန်ကုန်မှာ အမေ နေမကောင်းဘူးဆိုပြီး အမေ့သက်စေ့ ဆီမီးပူဇော်ခိုင်းလိုက်တာ'

'ဟင်... နင့်အမေက အရေးကြီးတာကို ကိုယ်တိုင်လာ လုပ်တာ မဟုတ်ဘူး'

'အမေက... ဆုတောင်းပြည့်ဘုရားကြီးကိုသွားတယ်'

ပြော၍ ဖယောင်းတိုင်တွေ ထပ်မံရေတွက်ကြည့်သည်။ အားလုံး ငါးဆယ့်သုံးတိုင်။

ကျေနပ်မှုဂမုန်းနားမှာ ဆောင့်ကြောင့်ဝင်ထိုင် လက်အုပ်ချီကာ...

'ငါ... ဘာပြောရမှာလဲ'

'တို့... ဘာဆုတောင်းရမလဲ ပြောစမ်းပါ'

'ဆုတောင်းတိုင်း ရတတ်လားဟင် ဆံနီမ'

'ဒါတော့... ဘယ်သိမလဲ၊ ငါတို့ မြတ်စွာဘုရားရှင်ဟာ သတ္တဝါတွေရဲ့ ပူပင်သောကတွေကို မေတ္တာရေအေးနဲ့ တရားမွေ့နဲ့ ငြိမ်းသတ်ပေးနိုင်စွမ်း ရှိတယ်လေ၊ ဒီတော့... သတ္တဝါတိုင်းက သောကဖြစ်လာရင် ဘုရားတကြတာပဲ၊ ဒုက္ခဖြစ်ပြီဆို ဘုရားရှေ့ရောက်ကြတာပဲ မြတ်စွာဘုရားကိုယ်တော်တိုင် မရှိတော့ပေမယ့် ရှိသလိုပဲ ယုံကြည်အားကိုးပြီး ဆုတောင်းကြတာပေါ့'

'အဲဒါကြောင့်... နင် မြန်မာစာ အမှတ်ပြည့်ရတာ'

ဂမုန်းက စကားပြောနေရာမှ မျက်စောင်းထိုးသည်။





သူတို့ ဘုရားရှိခိုးပြီးတော့ အပြင်မှာ အလင်းရောင်ရှိသေးသမယ့် အထဲမှာ မှောင်မိုက်သွားခဲ့ပြီဖြစ်သည်။

ဘေးဘီဝေ့ကြည့်ရင်း ဂမုန်း တိတ်ဆိတ်မှုတို့ကြောင့် ကြောက်စိတ်ဝင်သွားမိသည်။

ဘုရားကြီးက တန်ဆောင်းများစွာ စေတီများစွာနှင့် ဖွဲ့စည်းထားကာ ပရဝုဏ်က ကျယ်ဝန်းလျက် ရာဇဝင်သမိုင်းတိုးကားများနဲ့တည်ခဲ့သည့် ဘုရားကြီးမှာ ဥစ္စာစောင့်တွေ မကြာခဏ မြင်ရသည်ဟုလည်း ကြားဖူးထားသည်မို့...

'ပြန်ရအောင်... သိမ်းပိုက်ရယ်'

'ဆင်းလေ... လာ'

ဂမုန်းကြောက်နေမှန်းသိ၍ သိမ်းပိုက်ချမ်းက ဂမုန်းလက်များလေးကို ဆုပ်ကိုင်လိုက်သည်။ ဂမုန်းက သိမ်းပိုက်ချမ်းရဲ့ လက်တစ်ဖက်ကိုပါ ထပ်ကိုင်၍ ခပ်သုတ်သုတ်ထွက်လာသည်။

ထိုခဏလေးအတွင်းမှာ သိမ်းပိုက်ချမ်း မျက်ဝန်းများမှာ ရောင်စဉ်တန်းတွေ ဖျတ်ခနဲ ရှပ်ခနဲပြေးလွှားလျက်....

○



www.burmeseclassic.com

www.burmeseclassic.com

‘ဂမုန်း… ဟဲ့ ဂမုန်း’

‘အင်း… ရှင်’

‘ထစမ်း… မြန်မြန်’

ညက ညဥ့်နက်မှအိပ်တာမို့ မိုးမလင်းခင်နိုးတော့ မျက်လုံးတွေ ကျိန်းစပ်နေသည်။

ခြင်ထောင်ရဲ့အေားမှာ ဒေါ်လေးက ငုတ်တုတ်ထိုင်လျက် မျက်စိမျက်နှာပျက်နေသည်။

‘မိနက်မ၊ ညည်းအစ်ကို ငါ့ကိုဒုက္ခပေးသွားပြန်ပြီ’

‘ဘာဖြစ်လို့လဲ… ဒေါ်လေးရဲ့’

‘မင်းညီလာဆိုတဲ့ကောင်လေး ပေးခဲ့တဲ့ ပိုက်ဆံလေး ခြောက်ထောင်ကျပ်တာ မစားရက် မသောက်ရက်နဲ့ အလုပ်တောင် မနားနိုင်ဘူး၊ အခု… အဲဒီပိုက်ဆံရော ငါပြန်ရွေးထားတဲ့ နင့်အဖေပုဆိုးတွေရော တစ်ထည်မှမရှိတော့ဘူး’





‘ဟင်…’

ဂမုန်း မျက်လုံးကျယ်သွားသည်။

ခြင်ထောင်ထဲက ကမ္ဘာကယာထွက်လာ၍…

‘ကိုကြီးက ဘယ်ယူသွားလို့လဲ ဒေါ်လေး ဟင်…’

‘မသိဘူး၊ ညက ညည်းစာကျက်နေတုန်း ခပ်ကြီးကြီး သူနှစ်ယောက် သူ့ကိုလာခေါ်သွားကြတယ်၊ အဲဒီလူတွေနဲ့ပဲ ညဥ့်နက်မှ ပြန်လာတာ၊ ညည်းအစ်ကို စစ်တပ်ထဲ ပြန်မသွားဘဲ ပြေးတာဖြစ်မယ်၊ ဒုက္ခပါပဲဟာ’

‘မိနက်မ… ငါတော့ လက်ကျန်ငြိုပ်နှစ်ကောင်နဲ့ မိုးလောင်တော့မယ် ထင်ပါတယ်အေ’

‘ဒေါ်လေးရယ်… မိုးလင်းရင် ပြန်လာချင်လာမှာပါ’

‘အမလေး… ပြန်လာမယ့်သူက ရှိသမျှပစ္စည်း ခိုးယူသွားမလားဟဲ့၊ ငါ့မှာ လင်သေကတည်းက ငွေတစ်ထောင်ပြည့်အောင် ကိုင်ခဲ့ရတာ မဟုတ်ဘူး၊ ပစ္စည်းပေါင်တာတောင် အိမ်မှာ တစ်ထောင်တန်တဲ့ ပစ္စည်းရှိလို့လား၊ နှိပ်စက်လိုက်ကြတာနော်၊ စစ်ထဲဝင်ပြီးတဲ့ကောင်ကတောင် အိမ်ပြန်နှိပ်စက်တယ်၊ မိနက်မ အဲဒါ ညည်းကြောင့်၊ ငါ့အိမ်မှာ စနေငြိုပ်ရှိနေသရွေ့ မအေးငြိမ်းဘူးဆိုတာ ငါသိတယ်၊ ငါ့ပစ္စည်းနဲ့ငွေတွေကုန်ပါပြီ’

ဒေါ်သန္တာတစ်ယောက် ငွေခြောက်ထောင်နဲ့ မျက်ရည်ပေါက်ပေါက်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုကြီး ဘယ်တုန်းကမှ စစ်ထဲမဝင်ဖူးဘူး။ မကောင်းတာတွေလည်း လုပ်ခဲ့တယ်ဆိုတာသာ ဒေါ်လေးသိခဲ့လျှင်…

'လာစမ်းပါ… အခုလောက်ဆို သဘော်ဆိပ်မှာ အစုန်လေးလာကပ်ဦးမှာ မဟုတ်ဘူး၊ မနက် ခုနစ်နာရီလောက်မှ ဝင်မှာ၊ ထ… ထ… ငါတို့ အဲဒီကိုလိုက်ရအောင်'

'ရန်ကုန် အဝေးပြေးဂိတ်ကိုရော'

'ခိုးတဲ့လူက အချိန်မတော်ကြီး ထထွက်သွားတဲ့ဥစ္စာ ဆယ်နာရီ ဆယ့်တစ်နာရီမှ ထွက်မယ့်ကားကို စောင့်စီးပါ့မလား အေ့၊ မြန်မြန်လုပ်စမ်း'

'ဟုတ်… ဟုတ်ကဲ့'

ဂမုန်း မျက်နှာ ကပျာကယာကောက်သစ်ကာ ထဘီလေး တိုတိုပြင်ဝတ်၍ ဒေါ်လေးနဲ့အတူ ထွက်လာခဲ့သည်။

မြင်းလှည်းစီးလျှင်လည်း စီးခက မသက်သာ ဒေါ်လေး ကုန်းကြောင်းလျှောက်မှာပဲမို့ ဂမုန်း ထဘီပြင်ဝတ်ရခြင်း ဖြစ်လေသည်။

'တီ…'

တူဝရီးနှစ်ယောက် အလုပ်သမားရုံရှေ့ ပလက်ဖောင်းပေါ် ရောက်လာကြတော့ နောက်က တီခနဲ ကားဟွန်းသံကြောင့် နှစ်ယောက်သား ဘေးကပ်လျှောက်ပေးရင်း လှည့်ကြည့်လိုက်မိကြသည်။ ဖြူဖွေးတောက်ပသော Super Sloon ကားလေးက သူတို့





ဘေးမှာ တုံ့နေးသွားကာ…

'မိုးတောင် ကောင်းကောင်းမလင်းသေးဘူး၊ ဘယ်သွားကြမလို့လဲ'

ကားမောင်းလာသူက သိမ်းပိုက်ချမ်း…

နောက်မှာ သူတို့လုပ်ငန်းကို ဦးစီးလုပ်ကိုင်ပေးနေသည့် ခန့်နေဂျာဆိုသည့်လူကြီး ပါလာသည်။

ဒေါ်သန္တာ မျက်နှာဝင်းပသွားသည်။

'လူလေးတို့ ဘယ်သွားကြမလို့လဲဟင်'

'ကျွန်တော်မေးတာ ဒေါ်လေး အရင်ဖြေဦးလေ'

သိမ်းပိုက်ချမ်းကောင်စုတ် ဘယ်သူ့အပေါ်မဆို ဒီအတိုင်းပဲ။

သူမေးတာကို မဖြေသေးဘဲ ပြန်မေးလို့ကတော့ ဘယ်တော့မှမဖြေ။ ဂမုန်းမျက်နှာ တည်သွားပေမယ့် ဒေါ်လေးကတော့ ဂရုမထားပေ…

'ကမ်းနားသွားမလို့လေ၊ ကိစ္စအရေးကြီးလို့'

'ဒါဆို နောက်ကတက်၊ ကျွန်တော်လည်း ကမ်းနားမှာ ကုန်သွားကြိုမလို့'

'အမလေး… အဆင်သင့်လိုက်တာ၊ လာဟဲ့… ဂမုန်း'

ဒေါ်လေးနဲ့ ဂမုန်း ကားတံခါးဖွင့်မရလို့ မရအောင်ဖွင့်နေ


www.burmeseclassic.com

www.burmeseclassic.com

ကြတော့ သိမ်းပိုက်ချမ်းက နောက်လှည့်ဖွင့်ပေးသည်။

'ကမ်းနားကို ဘာသွားလုပ်ကြမလို့လဲ ဒေါ်လေး၊ ...
စောစီးစီး'

'မပြောချင်ပါဘူးကွာ...'

ဆိုပေမယ့် ပြောချလိုက်တာ ကမ်းနားရောက်တဲ့အ...
စကားတွေ မကုန်နိုင်တော့ပေ။

ဖုန်တွေ တသောသော ထသွားတဲ့ရှေ့မှာ ကားလေးရ...
သွားတော့...

ဧရာဝတီမြစ်ပြင်ကြယ်ကြီးက မိုးသောက်အလင်...
အောက်မှာ လှပစွာ...

'ဦးလေးခန့်... အလုပ်သမားခေါင်းနဲ့ သွားတွေ့ဦးမှာ...
လား'

'အေး... ရေကြောင်းပြ ရောက်ပြီလား မသိဘူး၊ မင်း...
ဒီမှာပဲ နေမလား'

'မုန့်ဆိုင်က စောင့်မယ်'

'အေး... အေး...'

ဦးခန့်က ကားပေါ်ကဆင်းပြီးမှ...

'မင်းအဖေမှာလိုက်တာ ဘယ်လောက်'

'ဆယ့်ငါး...'

'အေး...'





ဦးခန့်ထွက်သွားမှ သိမ်းပိုက်ချမ်း ကားပေါ်ကဆင်း၍
...မရ ဖြစ်နေသည့် သူတို့ကို တံခါးလာဖွင့်ပေးလို့...

'အဲဒီကွင်းလေးကို ဆွဲလိုက်ဆိုလည်း ပြီးတာပဲ'

လူစွာလုပ်တဲ့ သဘောထင်ကာ ဂမုန်းက မျက်စောင်း
...ပြန်သည်။

သိမ်းပိုက်ချမ်းကလည်း သိသည်။

'လူစွာလုပ်တာ မဟုတ်ဘူး၊ ငါပြောမလို့ လှည့်တော့
...ာက်က စက်ဘီးနှစ်စီး ကပ်တက်တာတွေ့လို့ နင်တံခါးဖွင့်လိုက်
ရင် တံခါးနဲ့တိုက်ပြီး သူတို့ ကျွမ်းပြန်ကုန်မှာ မသိဘဲနဲ့'

'ဒေါ်လေး... ဘယ်လဲ လာလေ ကမ်းနားမှာဆင်း
ရှာရအောင်'

'မရှာနဲ့... ဟို မုန့်ဟင်းခါးဆိုင်လေးမှာ သွားထိုင်နေကြ
ငါ သွားရှာပေးမယ်'

'မထိုင်ချင်ပါဘူး၊ ငါတို့ပါ ရှာမယ်'

'ဟုတ်ပါတယ်ကွယ်၊ ရင်ပူလွန်းလို့ ထိုင်လို့ကို ရမှာ
မဟုတ်ဘူး'

'အောက်မှာ ကမ်းပါးဖွဲ့ထားတာ ချောက်တွေရှိတယ်၊
ကမ်းနားမှာ ကျွန်တော် သွားရှာပေးပါ့မယ်'

'ဟင့်အင်း... လိုက်မယ်'

'ကဲ... ပြီးရော လာကြ'


www.burmeseclassic.com

www.burmeseclassic.com

ကမ်းပါးအောက်ခြေရောက်အောင် နှစ်ယောက်သား
အချိန်ကြာမြင့်စွာ ဆင်းနေရပါ၏။

အပုန်းကောင်းနေကြသည်လား။

တခြားပဲ ရောက်သွားခဲ့သည်လား မသိ။

သိန်းထိုက်ကို အစအန အငွေ့အသက်လေးလောက်မျှ
မတွေ့ကြရပေ။

'ဒုက္ခပါပဲဟယ်… ကိုကြီးလုပ်ပုံနဲ့ ဒေါ်လေးတော့
မကျေနပ်သရွေ့ လူလာတိုင်းပဲပြောနေတော့မှာ'

ဂမုန်းမျက်နှာလေးကိုကြည့်၍ သူ သနားသွားသည်။

'ဒီလိုလုပ်ပါလား၊ သူ့ပိုက်ဆံ ခြောက်ထောင်နဲ့ ပုဆိုး
သုံးထည်ဆိုတာကို သွားပြန်ပေးလိုက်'

'အို… ဘယ်ကရမှာလဲ'

'ငါ… ပေးမယ်ဟာ၊ ပုဆိုးကတော့ နင့်အဖေပုဆိုး
မဟုတ်ပေမယ့် ကိုကြီးနဲ့တွေ့ခဲ့တယ်၊ ဒေါ်လေးကိုကြောက်လို့
ထွက်ပြေးသွားတယ် ဘာညာပေါ့၊ သူ့ဆီကတွေ့တာ ဆွဲထား
လိုက်တယ်ဆိုပြီး ငွေနဲ့ပုဆိုးတွေပြန်ပေးလိုက်'

'ဘယ်မှာလဲ… ပုဆိုးက'

'ဟိုမှာ… ဆိုင်လေးမတွေ့ဘူးလား၊ ဖိနပ်တွေတောင်ရှိ
တယ်'

'သိမ်းပိုက်… နင့်မှာ အဲဒီလောက် ငွေတွေပါလို့လား'





'လာစမ်းပါ…'

'ဟင့်အင်း… မယူတော့ဘူး၊ မယူတော့ဘူး၊ ပြောချင်
သည်း ပြောပစေတော့'

ဂမုန်း ခေါင်းတွင်တွင်ခါရင်း…

'နင်… ဒီလိုလုပ်ပေးလည်း ဒေါ်လေးက လည်တယ်၊
ဒီမှာပဲ၊ အဲဒီကျမှ ယုံထင်ကြောင်ထင် စကားတွေ ထပ်ပြောခဲ
ဦးမယ်၊ နေပါစေတော့ သိမ်းပိုက်ရယ်၊ ငါ… ကြွေးတင်လည်း
မခံချင်ဘူး၊ အပြောလည်း မခံပါရစေနဲ့တော့'

သိမ်းပိုက်ချမ်းက ဂမုန်းမျက်နှာလေးကို စိုက်ကြည့်၍…

'အခု… အဲဒီက ပြန်ဦးမလား'

'ဘာဖြစ်လဲ… အတက်ကျတော့ ရပါတယ်'

'တော်ပါဟာ…အတက်ကျမှ နောက်ပြန်ကျပြီးဦးနောက်
ထွက်မှာ လာ'

သူ ဂမုန်းလက်ကို ဆွဲ၍ မြင်းလှည်းငှားလေသည်။
ဂမုန်း သိမ်းပိုက်ချမ်းကို ကျေးဇူးတင်စိတ်လေးဝင်လျက်…

လိမ္မာနေခဲ့တာ နာရီပေါင်းများစွာ…

○



www.burmeseclassic.com

www.burmeseclassic.com

'ဆံနီမ'

'ဟင်…'

နောက်လှည့်ကြည့်လိုက်တော့ သိမ်းပိုက်ချမ်း…

ကျောင်းဝင်းထဲ ဝင်လာတာပေမယ့် ကျောင်းစိမ်းဝတ် လေးနဲ့ မဟုတ်ဘဲ လည်ကတုံး ရှပ်အင်္ကျီအဖြူ နံ့သာရောင် ရှိုင်ပုဆိုးနဲ့ ဖြစ်၏။

'သိမ်းပိုက်… ကျောင်းစိမ်းလည်း မဝတ်ခဲ့ဘူး၊ လွယ် အိတ်လည်း မပါဘူး၊ ဘာလဲ… ကျောင်းမတက်ဘူးလား'

'ဟုတ်တယ်… ငါ ဒီနေ့ ရန်ကုန်ကို သွားရမှာ'

'ဟင်…'

'တော်ကြာ… သွားရတော့မှာ၊ နင့်ကို ပေးစရာရှိလို့ တမင်လာတာ'

သူက လက်ထဲမှာ ကိုင်လာသည့် လက်ကိုင်အိတ်အဝါ လေးကို ထိုးပေးရင်း ကျောင်းဝင်းထဲထိ အတူယှဉ်လျှောက်လာခဲ့ ၏။





'ဒါ… ဘာလဲ သိမ်းပိုက်၊ နင်က… ရန်ကုန်ကို ခဏ မှာ မဟုတ်ဘူးလား'

'ခုတော့… ခဏပဲ၊ ဒါပေမယ့်… အဖေ့အခြေအနေ ကိုင်း ငါတို့ ဟိုမှာနေသင့်ရင် နေရတော့မှာ၊ အဖေ့ကို… ရင်း လုပ်ငန်းတွေလည်း ကူညီရင်းပေါ့'

'ဟင်… ကျောင်းကရော'

'ဟိုမှာ… ပြောင်းနေရမယ်ထင်တယ်၊ ဒါက… နောက် ပေါ့၊ ရော့… ယူဟာ ပေးရတာ ညောင်းလာပြီ'

ဂမုန်းက အိတ်လေးကိုယူ၍ အသာဟကြည့်လိုက်သည်။

'ဟင်…အထဲမှာ ထဘီတွေထင်တယ်၊ သုံးထည်တောင် သိမ်းပိုက်'

'ငါ့ရဲ့… အမှတ်တရလက်ဆောင်ပေါ့ဟာ ယူပါ၊ ဟို တ်ခါလို ငါတို့ ရန်မဖြစ်ချင်ဘူး'

ဂမုန်း ဘာပြောရမှန်းမသိ။

'ငါက… နင့်ကို ဘာမှမ မပေးနိုင်ဘဲ သိမ်းပိုက်ရယ်'

'ပေးချင်ရင် နင့်လွယ်အိတ်မှာ တပ်ထားတဲ့ ခေါင်း ောင်းလေး ငါ့ကိုပေးလေ'

ဂမုန်းက ငုံ့ကြည့်၍ ခေါင်းလောင်းလေးကို တို့ကိုင်ရာ ည်သံလွင်လွင်လေး ထွက်ပေါ်လာလေသည်။ သို့ပေမယ့်…

'ဒီခေါင်းလောင်းလေးက လွယ်အိတ်က ပါတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟ၊ ငါကောက်ရလို့ ချိတ်နဲ့ကောက်တပ်ထားတာ၊ ပြီးတော့ နှစ်လုံးပူးလေး ဘယ်လိုလုပ် ခွဲပေးရမလဲ'

'နှစ်လုံးပူးပဲပေးပေါ့၊ နင်က… ဒါလေးတောင်မှ ငါ့ကို စေတနာ မရှိဘူးလား'

'မဟုတ်ပါဘူး… နင်က တစ်လုံးတည်းတောင်းတာ လားလို့'

'ဖြုတ်ပေး'

ဂမုန်းက ခေါင်းလောင်းလေးကို ငုံ့ဖြုတ်တော့ သိမ်းပိုက်ချမ်းက ဂမုန်းရဲ့နောက်မှာ ကျစ်ဆံမြီးကျစ်ချထားသည့် ဆံပင်ရှည်တွေကို ဆွဲကိုင်၍…

'ဆံနီမ…'

'သိမ်းပိုက်… ကျောင်းဝင်းကြီးထဲမှာ အဲဒီလို ဟိုကိုင် ဒီကိုင် မလုပ်နဲ့လေ၊ ဆရာမတွေ လှမ်းမြင်ကုန်ရင်'

'ဘာဖြစ်လဲ၊ငါတို့က လက်ချင်းချိတ်လျှောက်နေလို့လား'

ဂျစ်ကန်ကန် ပြန်ပြော၍…

'ဆံနီမ… နင့်ဆံပင်တွေက ရန်ကုန်မှာဆို သိပ်တန်ဖိုးရှိဟာပဲ၊ ငါ ရန်ကုန်ရောက်တုန်းက မြင်ဖူးတယ်၊ မိန်းကလေးတွေ ရွှေဝါရောင်တွေ ဆိုးကြတာ၊ ငါတို့ဆီမှာတောင် အတော်များများ လိုက်ဆိုးနေကြသေးတာ'

'ဘာဖြစ်လဲ…'





'နင်က… သဘာဝကိုက ရွှေရောင်လေး၊ ဒါပေမယ့် ဆေးရောက်ရှိင်းတုံး ဖြစ်နေတယ်'

'ကဲပါ… ဝေဖန်မနေပါနဲ့ ရော့'

ဂမုန်းက ဆံပင်ကိုင်တာ မကြိုက်၍ ခေါင်းကို ခါပစ်၊ သိမ်းပိုက်ချမ်းက ပြန်ဆွဲ…

'တော်ပြီဟာ… ဒါနဲ့ပဲ ရန်ဖြစ်ရဦးမယ်၊ ငါ… သွား တော့မယ်နော်'

'သိမ်းပိုက်…'

သွားတော့မယ်ဆိုတော့လည်း ရင်ထဲမှာ လှိုက်ခနဲ ဟာ သွားမိကာ ငိုချင်သလိုလို ကြေကွဲမိလေသည်။

'နင်… ဟိုမှာနေဖြစ်ရင် ပြန်မလာတော့ဘူးပေါ့နော်'

သိမ်းပိုက်ချမ်းက သမင်လည်ပြန်ကြည့်၍…

'ပြန်မလာဖြစ်ဖို့က များတယ်၊ တစ်ခုတော့ ကြိုပြော ထားဦးမယ်၊ ငါ့ကို စာတွေ ဘာတွေ မရေးရကောင်းလားလို့တော့ အပြစ်မတင်နဲ့နော်၊ ငါက… စာရေးရမှာကို ထမင်းစားရမှာထက် ပျင်းတယ်'

ခေါင်းလောင်းလေးကို အပေါ်ပစ်တင်၍ ဆတ်ခနဲ ပြန် ဖမ်းကာ သိမ်းပိုက်ချမ်း ထွက်ခွာသွားလေသည်၊

သိမ်းပိုက်ချမ်း တကယ်သာ ပြန်မလာခဲ့ဘူးဆိုလျှင်…

○



www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ရင်း ညောင်းညာကိုက်ခဲလာသဖြင့် အိပ်ယာထဲမှာ ကျောဆန့်လိုက်တော့ မျက်ခွံတွေက လေးလာ၏။

တစ်နေကုန် ဒေါ်လေးနဲ့အတူ ကြက်သွန်ရွေး လိုက်ရသည်။ အပြန်ကျတော့ မနက်ဖြန်စောစော ထမင်းထုပ်အတွက် ဈေးဝယ်ချက်ပြုတ်။

ပြီးတော့ အဝတ်လျှော်၊ ရေချိုး။

အိပ်ယာထဲမှာ ထိုင်မိတော့ ခုနစ်နာရီထိုးနေပြီ။

နေ့ခင်း အလုပ်လုပ်ရတော့ ခါတိုင်းလို ညဉ့်နက်အောင် မထိုင်ချင်တော့ဘဲ ကိုးနာရီကျော် ဆယ်နာရီလောက်ဆို သမ်းဝေညောင်းညာလာ၏။

ကြာကြာလှဲနေလျှင် အိပ်ပျော်တော့မှာမို့ ဂမုန်း ထထိုင်လိုက်ပြီး ညစဉ် ထုတ်ကြည့်နေကျ ပိုက်ဆံအိတ်လေးကိုထုတ်၍ ဖွင့်လိုက်သည်။





စာလေးကို တစ်ခေါက် ပြန်ဖတ်ကြည့်၏။

ပြီးတော့ စီးကရက်တိုလေးတွေနဲ့ အသစ်စက်စက် တစ်ထောင်တန်တစ်ရွက်...

အမြဲတမ်းပဲ သတိရနေမိဆဲပါလား...

နွေဦးမှာ လေရူးထတဲ့ အချစ်မျိုးဖြစ်ခဲ့ပေမယ့် လေပွေသေးလို အဆင်မပြေခဲ့ပါဘူး အစ်ကို။

အစ်ကို့ကို စွဲလမ်းခဲ့တဲ့ စိတ်အစဉ်ဟာ နှလုံးအိမ်မှာ ရှိနေမြဲပါ အစ်ကိုရယ်။ အစ်ကိုကတော့ ထွက်သွားခဲ့တဲ့သူမို့ မေ့ပြီပေါ့။

ဂမုန်းကတော့ မေ့ချင်ပေမယ့်လည်း...

ဂမုန်း ဘောလ်ပင်နဲကိုကိုင်၍ တစ်ထောင်တန်လေးပေါ်မှာ စာကြောင်းလေးတွေ ရေးချလိုက်မိသည်။

ဒါဟာ ကဗျာတစ်ပုဒ် ဖြစ်ခဲ့လေလျှင် အလင်္ကာ မပီခဲ့သော်ငြား...

* ထားခဲ့ထွက်ခွာ
မကြာင်နှာသည်း
ကြိတ်မှိတ် ရင်မှ လွမ်းခဲ့သည်၊
* လွမ်း၍ ရင်မှာ ငိုနေပါသည်း
ဝေးသိပ်ချော့သူ ဝေးခဲ့ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



* အကြင်နာပဗေဒာ
ခိုင်နှာနှာနဲ့
မွေးချင်ခဲ့သည်
ချစ်ရစ်ထား၍ ပြေးတဲ့သူ
ထားရက်သူသို့

ကဗျာရဲ့အဆုံးမှာ မျက်ရည်တစ်စက် ပေါက်ခနဲကြွေဆင်းသွား၏။

'ဟဲ့… မိနက်မ'

'ရှင်…'

'တံခါးဖွင့်စမ်း၊ ခေါင်းတွေမူးလိုက်တာ'

'ဟုတ်ကဲ့… လာပါပြီ'

ဂမုန်း မျက်ရည်ဝင် သေချာမသုတ်ဖြစ်တော့ဘဲ အောက်ကို အပြေးဆင်း၍ တံခါးဖွင့်လိုက်ပြီး…

ဒေါ်သန္တာက အိမ်ထဲဝင်သွားရင်း…

'ညည်းအစ်မ… မိပြည့်တော့ သွားပြန်ပြီ'

'ရှင်… ဘာ ဘာဖြစ်လို့လဲဟင်'

ဒေါ်သန္တာက အပေါ်ကိုအတက်မှာ လှေခါးလက်ယမ်းကို ကိုင်ရင်း မျက်နှာတစ်ချက်ရှုံ့မဲ့လျက်…

'နှစ်လုံးထိအရောင်းကောင်းမှုနဲ့ ရဲက ဖမ်းသွားပြီလေ'

'ဟယ်…'





'ညည်းတို့ ညီအစ်ကို မောင်နှမတွေဖြင့် အလကားပါပဲ အေး အစ်ကိုက လူဆိုး၊ အစ်မတွေက မယားဖြစ်ပြီး လင်တွေကို အောင်မြင်၊ ညည်းကျတော့ အကုသိုလ်တုံး'

ပစ်ပစ်နှစ်နှစ် ဝေဖန်ပြီးမှ…

'ငါ့မှာ… သားထောက်သမီးခံက မထွန်းကားခဲ့တော့ ညည်းတို့ နှိပ်စက်သမျှ ခါးစည်းခံရတာပေါ့အေ၊ ဟိုတစ်ယောက် ကလည်း ယောက်ျားမအိမ်မှာ ခေါ်ထားတယ် ဆိုကတည်းက လာတော့လိုက်တာ၊ ဟသ်ာတမှာဆိုတာကလွဲပြီး ဘယ်မှာနေမှန်း မသိ၊ ဘယ်ရောက်မှန်း မသိ၊ စိမ်းလည်း စိမ်းကားကြပါပေရဲ့၊ ငါကတော့ မသေခင် ဒုက္ခခံရဦးမှာပေါ့လေ၊ ခုလည်း… မူးလိုက်တာ၊ သေသွားလည်း အေးတာပါပဲ'

'ဒေါ်လေးရယ်…'

မစဲသောမျက်ရည်များက ဂမုန်းမျက်ဝန်းထဲမှာ တရိပ်ရိပ် ပြေးတက်နေဆဲ။

○

www.burmeseclassic.com

www.burmeseclassic.com

'ဘယ်သွားမလို့လဲ… ဒေါ်လေး'

'မစန်းတို့အိမ်ကို သွားမလို့၊ ငါ… အပြန်မိုးချုပ်မှာ တံခါးတွေပိတ်ထား'

'ဘာကိစ္စရှိလို့လဲဟင်… ဒေါ်လေး၊ ဂမုန်း… သွားလိုက်မယ်လေ ဒေါ်လေး၊ နေမကောင်းဘူးဆို'

ဒေါ်သန္တာက ပြေကျနေသည့် ဆံပင်ကို ဘီးနဲ့သေချာ ပြန်ပတ်ကာ နေရာမှထရပ်လိုက်၏။

'ညည်း သွားလို့မဖြစ်ပါဘူး မိနက်မရယ် မလုပ်ပါနဲ့၊ ညည်းတို့… မောင်နှမ နေရာတကာ လာဘ်ပိတ်လွန်းလို့ အိမ်ပေါင်ထားရတာတောင် ပြန်မရွေးနိုင်တဲ့အဖြစ်'

'ဒေါ်လေး… အဲဒီကိစ္စ သွားမလို့လား'

ဂမုန်း ဒေါ်လေးသန္တာပြောတာကို မေနာနိုင်ပါ။

နေမကောင်းဘူးဆိုပြီး တစ်နေကုန် လှဲနေခဲ့သောအဖြစ်ကိုသာ စိတ်မချခြင်းဖြစ်သည်။





ကြည်ဖြူတာ မကြည်ဖြူတာ အသာထား ဒီအခေါ်ရဲ့ အဓိပ်တစ်ခုရှိနေ၍သာ သူမ ရပ်တည်နေနိုင်ခြင်း မဟုတ်ပါလား။

'ဂမုန်း လိုက်ခဲ့မယ်လေ ဒေါ်လေး၊ လမ်းမှာ ဒေါ်လေး မူးမိုက်လဲမှာ စိုးလို့ပါ'

'မလဲပါဘူးအေ… မလိုက်ပါနဲ့၊ စနေတွေကို ကြောက်လွန်းလို့'ဟုဆိုကာ ဒေါ်သန္တာ လှေကားမှဆင်းသွားရာ…

'ဝုန်း… ဒုန်း…'

'အမလေး… ဒေါ်လေးရေ'

ဂမုန်း လန့်ဖျပ်အပြေးထကာလှေခါးထိပ်ရောက်သွား၏။

'ဒေါ်လေး… ဒေါ်လေး…'

လှေကားငါးထစ်ရဲ့အဆုံးမှာ ဒေါ်သန္တာ ပိုးစိုးပက်စက်ကြီး လဲကျလျက်…

'ဒေါ်လေးသွယ်တို့၊ မယုတို့ လာကြပါဦး၊ ဒီမှာ… ဒေါ်လေး မူးလဲလို့ လာကြပါဦး'

ဂမုန်း အသံပြာအောင်အော်လေသည်။

ဘေးအိမ်ကလူတွေ စုရုံးရောက်လာကြသောအခါ ဒေါ်သန္တာ အသက်မရှိတော့ပါ။ ရုတ်တရက်မူးပြီး ဦးနှောက်သွေးကြောပြတ်သွားတာဟု ပြောကြသည်။

ဂမုန်း ကမ္ဘာပျက်တဲ့နေ့ပါ။

○



www.burmeseclassic.com

www.burmeseclassic.com

‘ကဲ… အသုဘကိစ္စတော့ပြီးပြီ၊ လောလောဆယ် မပြည့်တို့ကလည်း အချုပ်ထဲမှာ၊ အခြေအနေက လွတ်လမ်းသိပ်မရှိဘူး’

‘ဟုတ်တယ်… ဒါမျိုးက အနောက်က ရှေ့နေရှေ့ရပ်နဲ့ လိုက်မယ့်သူ မရှိရင် မလွယ်ဘူး’

‘အနီးအနား ဆွေမျိုးသားချင်းကလည်း မရှိတော့ ဂမုန်း ဘယ်လိုလုပ်မလဲ’

‘ကျွန်မကတော့… ဒီအိမ်ကို အပေါင်ခံထားတာ ရှေ့လဆိုရင်ပဲ မရွေးနိုင်ရင် အဆုံးယူထားဖို့နဲ့ မသန္တာက သူပဲပြန်ငှားထားပါရစေလို့ ပြောထားတာတွေရှိခဲ့ပါတယ်၊ ဒါပေမယ့် ကောင်မလေး တစ်ယောက်တည်းဆိုတော့ မသိမ်းသေးပါဘူး၊ တစ်နှစ်လောက်ထပ်ပြီး အလကား ထားပါဦးမယ်’

ဒေါ်စန်းက သဘောထားကြီးကြောင်း သက်သေပြနေပြန်သည်။





‘ကျွန်မတို့အိမ်… လာအိပ်လည်း ရတာပဲ’

‘ကျွန်မအိမ်မှာလည်း မိန်းမသားတွေချည်းပါပဲ’

အိမ်နီးနားချင်းတွေက ကူညီကြဖို့ အဆင်သင့်ရှိကြပါသည်။ ဒါပေမယ့် သူမဘဝအတွက်တော့ ခဏမျှသာမို့ အနှစ်မပါသေးပါ။

‘ဂမုန်းရယ်… ငါ… ငါလေ… မေမေရောပဲ နင့်ကို ခေါ်ထားချင်ပါတယ်၊ ဒါပေမယ့်… မေမေ့မောင် ဦးလေးပေါက်စက အရမ်းပွေတာဟ၊ သူ့ကြောင့်… ငါတို့ အလုပ်ရုံက အလုပ်သမလေးတွေဆို နင်သိပါတယ်၊ အဲဒါကြောင့်’

‘ငါသိပါတယ် ဟောမာန်ရယ်၊ နင်တို့… သားအမိကိုရော၊ သိမ်းပိုက်ရဲ့ အမေရော၊ ဒီလောက်ထိ ကူညီအားပေးကြတာကိုပဲ ငါက ကျေးဇူးတင်လှပါပြီ’

ဂမုန်း ဘာလုပ်ရမလဲဆိုတာကို အပြင်းအထန် စဉ်းစားရပါပြီ။ နွေရာသီကျောင်းပိတ်တာနဲ့ ဒေါ်လေး ဆုံးခဲ့တာက ကွက်တိ။ ကျောင်းပိတ်ပြီမို့ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနိုင်တယ်ဆား ရေရှည်မှာ လူသူလေးစားနိုင်ပါ့မလား။

ဆယ်တန်းဆိုတာကို သူမ ဆက်တက်ခွင့် မရှိတော့ဘူးလား။ တစ်ယောက်တည်းဆိုတဲ့ အားငယ်မှုထက် ကျောင်းမတက်ရတော့လျှင်ဆိုသည့် အတွေးကြောင့် ရင်ထဲမှာ မွန်းကျပ်ပူလောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ငိုလိုက်၊ ငိုင်လိုက်ရှိနေခဲ့ရင်း ဂမုန်း ဘယ်မှမထွက်ဘဲ
အိမ်ထဲမှာ အောင်းနေခဲ့မိသည်။

နေ့စဉ်ရက်ဆက် ထမင်းချိုင့်၊ သွားရည်စာတွေနဲ့ ဝဲ့ရှာ
မပျက် ရောက်လာသူက ဟေမာန်ဖြစ်၏။

စားစရာရှိသမျှ ချော့မော့ကျွေး၍ ဟေမာန်ပြန်သွားပြီးသည်
ဂမုန်း ငိုပြန်ပြီ...

'ဂမုန်းရေ...'

'ရှင်...'

ဒေါ်မြသန်း အသံပါ။

ထူးသံကြားကတည်းက မမြင်ရသေးဘဲ ဒေါ်မြသန်း
သဘောပေါက်ကာ...

'ဘယ်နှယ်... တစ်ယောက်တည်း ကြိတ်ငိုနေလို့ချည်း
ပြီးမလားအေ၊ ခက်တော့တာပဲ'

ဒေါ်မြသန်း အိမ်ပေါ်တက်လာကာ ဂမုန်းနားမှာလာထိုင်
၏။ ထုပ်ပိုးသိမ်းဆည်းထား၍ ရှင်းပြောင်နေသော အိမ်ကိုကြည့်
ကာ စိတ်မကောင်းသလို သက်ပြင်းချလျက်...

'အဲ... ခုမှပြောဖို့ သတိရတယ်၊ ညည်း... ငါနဲ့ ရန်ကုန်
လိုက်ခဲ့ပါလား'

'ရှင်...'

'ငါ့အစ်မက... အိမ်ဖော်ပွဲစားလည်း လုပ်တတ်တယ်'





'ဂမုန်းက... အိမ်ဖော်လုပ်ရမယ်'

'စိတ်ချရမယ့်အိမ်ကို အပ်ပေးမှာပေါ့အေ၊ စားစရာ ဝတ်
စရာ နေစရာ အားလုံးစိတ်ချရတယ်၊ ဒီမှာ တစ်ယောက်တည်း
ဖြစ်လို့ ညည်း သူများအိမ် ကပ်နေရရင်လည်း သူများအိမ်မှာ
ကြည်ဖြူအောင် လုပ်ကိုင်ပေးရမှာပဲ၊ အဲဒီလို မျက်နှာငယ်
တမှ အမြဲမြင်တွေ့လာခဲ့ရတဲ့ အချင်းချင်းကို ငယ်ရတာ၊
ညည်းခံရတာ၊ ပိုဆိုးတာပေါ့ မဟုတ်ဘူးလား၊ ရန်ကုန်မှာဆိုတာ
ငယ်ဖို့လည်း မလိုဘူး တစ်ယောက်နဲ့တစ်ယောက် သိကြတာ
လည်း မဟုတ်ဘူး၊ ဒီမှာတော့ အိမ်ဖော်လုပ်မယ် မပြောနဲ့ပေါ့၊
ကြည့်ကောင်းအောင် ငါပြောခဲ့မှာပါ'

ဂမုန်း စိတ်ဝင်စားပါသည်။

ကိုယ့်ကိုယ်ကိုကလည်း အိမ်ဖော်သာသာ အဆင့်လောက်
၊ သူများအိမ်မှာ ကပ်နေရတော့မည့် အဖြစ်ကို လက်မခံနိုင်ပေ။

အဖြစ်ဆိုးတာချင်းတူလျှင် အားလုံး မမြင်ကွယ်ရာမှာပဲ
ဖြစ်ဖြစ်...

'ဒါပေမယ့်... ဆယ်တန်းတော့ ဆက်ဖြေချင်သေးတယ်
ဒေါ်ရယ်'

'ဖြစ်ရလေအေ... ညည်းနှယ်၊ ဒါပေမယ့်... ငါ
ကဲ့ရဲ့ပါဘူးအေ၊ ညည်းက... ပညာလည်း တော်ရှာပေတို့၊
ဒါဆို ဒီလိုလုပ်အေ၊ ညနေကျရင် အစ်မကို ငါခေါ်လာခဲ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညည်းဖြစ်ချင်တာ ပြောပြပေါ့၊ သူက… ပွဲစားဆိုတော့ လူ[illegible] တယ်၊ မွေးစားချင်တဲ့လူတို့ အိမ်ဖော်မဟုတ်ဘဲ အလုပ်တစ်ခု[illegible] သာလိုတဲ့လူတို့ ရှိချင်ရှိမှာ၊ ညည်း… မေးကြည့်လေ၊ ငါကတော့ ဒါပဲ ကူညီနိုင်မယ်'

'ဟုတ်ကဲ့…'

'ငါ… အစ်မ ဘက်ကတော့ ငါ အာမခံတယ်၊ ညည်း ဘဝပျက်မယ့်အလုပ် ဘယ်တော့မှ မလုပ်စေရဘူး၊ ငါ… မျက်နှာကြောင့် မဟုတ်ဘူးနော်၊ သူကိုယ်တိုင်က သမီးနှစ်ယောက် အမေ၊ ဘယ်မိန်းကလေးအပေါ်မှ ပက်ပက်စက်စက် ထိုးမချ[illegible] ဖူးဘူး၊ ညည်း… စကားပြောကြည့်ရင် သိမှာပါ'

○

'ဟဲ့… ဩော်… ငါက အိပ်နေတယ်မှတ်လို့၊ ထကြည့်စမ်း… ဟိုရှေ့ကတိုက်ကြီးပဲ'

ဒေါ်မြသန်းလည်း ရန်ကုန်ပါလာပေမယ့် ဒီထဲတော့ လိုက်မလာခဲ့ပေ။ ဆင်ဖြူကျွန်းမှာ မျက်နှာချင်းဆိုင် တွေ့ကြတော့ ဒေါ်မြစန်းက ဝမ်းသာအားရခေါ်သည်။

'အတော်ပါပဲ… ဟိုမှာ လူလိုချင်တဲ့အိမ်ရှိတယ်၊ တစ်ကိုယ်လုံး အကြောတွေဆိုင်းပြီး အိပ်ယာထဲမှာ ပက်လက်ဖြစ်နေတဲ့ လူကြီးတစ်ယောက်ကို ပြုစုဖို့လေ၊ အလုပ်သမားတွေခေါ်တာက နေ့ကျတော့လွယ်တယ်၊ ညဘက်ကျတော့ မလွယ်ဘူး၊ သူတို့က လည်း စိတ်ချရတဲ့လူကို ခေါ်ပေးဖို့ လစာကို ကျေနပ်အောင် ပေးမယ်လို့ သေချာပြောထားတာ၊ အန်တီကလည်း ရန်ကုန်မှာ ကျတော့ တစ်ယောက်အကြောင်း တစ်ယောက်သိကြတာတွေ မဟုတ်ဘူးလေ၊ ကိုယ်က… အရင်ယုံမှ ဟိုကိုသွင်းပေးရဲမှာ ဒါကြောင့်… ခုထိ အဆင်မပြေကြတာ'

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ… လူ မရသေးဘူးဆိုရင်တော့ သမီး ကံကောင်းပြီလို့သာမှတ်၊ လစာ မယူဘဲ နေ့ဘက်ကျောင်းတက်ပြီး ညဘက်အလုပ်ဆင်းဖို့ အန်တီပြောပေးမယ်'

ဒေါ်မြစန်းက ဆင်ဖြူကျွန်းရောက်နေတာ ကြာပြီမို့ အလုပ်ရဖို့ဆိုတာ ခြောက်ဆယ်ရာခိုင်နှုန်းလောက်က မသေချာပါ။ တိုက်ကြီးကိုမြင်တော့၊ ဂမုန်း ရင်တွေခုန်လာသည်။

သူမ ဒီအလုပ်ကိုရမှ ကျောင်းတက်ရမှာမို့ လက်အုပ်လေးချီ၍ ဆုတောင်းလိုက်မိတာ ဟန်မဆောင်နိုင်ပေ။

ခြံကြီး တစ်ခြံလုံးကလည်း လှပသက်ဝင်လှသည်။ ကစားကွင်းတွေ၊ ရေကူးကန်တွေနှင့် တမျှော်တခေါ်ကြီးဖြစ်၏။

မော့ကြည့်လိုက်တော့လည်း ဖြူဖွေးတ်သော တိုက်မြင့်ကြီးက ဆလင်ဒါပုံ အကြီးကြီးဖြစ်ကာ ပတ်လည်မှာ ဝရံတာတွေ အများကြီးနှင့် ပြတင်းမှန်တံခါးတွေက လက်လက်ထနေ၏။

'ဟော… လာ ထိုင်ကြ'

'ဒေါ်ဖြိုး… အအေးယူခဲ့ပါဦး'

ဟု မျက်နှာခပ်စောင်းစောင်း ငဲ့ပြောပြီး…

'ဒေါ်မြစန်းပြောတာ သူလား'

'ဟုတ်တယ်… မေဥယျာဉ် သူပဲ၊ ဖုန်းထဲမှာ ပြောထားတဲ့အတိုင်းပဲပေါ့၊ သူ့ရဲ့ စာရွက်၊ ဖစ်မြစ်၊ အန်တီ အားလုံးတာဝန်ယူတယ်၊ မေဥယျာဉ်ကလည်း အန်တီပြောထားတာလေးကို





ဖြတ်လျော့နိုင်မလား သိချင်တယ်၊ ပြောထားတာ တစ်ယောက်ရှိတယ် ဆိုလို့ပါ'

'ဟုတ်တယ်…'

မေဥယျာဉ်က စီးကရက်ပြာလေးကို ဟန်ပါပါ တောက်ချ၏။

'အသက်ခပ်ကြီးကြီး အမျိုးသမီးတစ်ယောက်ပါ၊ မနက်ထဲ လာသွားတယ်၊ သူ့မျက်လုံးတွေကို မကြိုက်လို့ စဉ်းစားဦးမယ်ဆိုပြီး ပြန်လွှတ်လိုက်တာ၊ ခေါ်လာပေးတာက မိတ်ဆွေတစ်ယောက်ဖြစ်နေတော့ ခပ်ပြတ်ပြတ်ငြင်းလို့ မကောင်းဘူးလေ'

'ဟုတ်တာပေါ့…'

'ပြီးတော့… အိမ်မှာ ညအိပ်လက်ခံထားရမှာဆိုတော့ ရွေးလို့ မရဘူး'

ဒေါ်မြစန်းက ကျစ်ဆံမြီးလေး နှစ်ဖက်ကျစ်ချထားသည့် ဂမုန်းကို မသိမသာ ငဲ့ကြည့်၍…

'သူကတော့… နေ့ဘက် ကျောင်းတက်ခွင့်လေး ရမယ်ဆိုရင် ကျန်တာ သူ့တာဝန်ကို ခါးကျိုးအောင် လုပ်မယ့်မိန်းကလေးပါ၊ အန်တီ အာမခံပါတယ်ကွယ်၊ အလုပ်အကိုင်လည်း ပေါက်သက်ကျေတယ်'

မေဥယျာဉ်က ဘာမှမပြောဘဲ စီးကရက်ကို နှစ်ချောင်းခန့် ရှိုက်ဖွာလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ထားခဲ့လေ…'

'ဟင်…'

'သူ့ကို… မေကြိုက်ပါတယ်'

'အို… ဝမ်းသာလိုက်တာကွယ်'

ဂမုန်း ကျောင်းတတ်ရတော့မည်ဆိုတာ တစ်ဝက်သေချာမှုနှင့် ဒေါ်မြစန်းလက်ကို ဝမ်းသာအားရ ဆုပ်ကိုင်လိုက်မိသည်။

'တစ်ခုတော့ရှိတယ်၊ ကျူရှင်တက်ခွင့်တော့ မင်းကို မပေးနိုင်ဘူးနော်'

'မတက်ပါဘူး… အစ်မရယ်၊ ဂမုန်း… ကျောင်းတက်ရရင် တော်ပါပြီ'

'ဆယ်တန်းဆိုတာ အပြင်ကျူရှင်မယူဘဲ အောင်ဖို့က သိပ်တော့ မလွယ်ဘူး၊ ဒါပေမယ့်… အဲဒါ မင်းကိစ္စပါ၊ ကျောင်းတက်ချင်ရင် တက်ခွင့်ပေးမယ်၊ ညနေ ကျောင်းချိန်ပြီးတာနဲ့ တစ်နာရီအတွင်း မင်းရဲ့စားသောက်သန့်ရှင်းရေး အားလုံးပြီးအောင် လုပ်ပြီးတာနဲ့ လူနာနားမှာ မင်း အမြဲရှိရမယ်၊ ချေးသေး သန့်ရှင်းရေးကအစ မင်းလုပ်ရမယ်၊ တစ်ညလုံးလည်း လူနာရဲ့ရောဂါ အခြေအနေပေါ် မူတည်ပြီး မင်း အိပ်ခွင့်စားခွင့်ရမယ်၊ လိုအပ်ရင် လိုအပ်သလို မင်း ငုတ်တုတ်ရှိချင် ရှိရမှာ၊ အဲဒီအတွက် မင်းကို ကျောင်းထားပေးမယ့် စရိတ်အတွက် လခကို တို့ကမဖြတ်ဘူး၊ မင်းလစာ မင်းရမယ်'





'မမ… ဟို ဂမုန်း လစာမယူပါဘူးရှင်၊ လူနာကိုလည်း ကိုယ့်မိဘ ဆွေမျိုးလို သဘောထားပြီး ပြုစုပါ့မယ်'

မေဥယျာဉ်က လက်ကာ၍…

'စေတနာဆိုကလည်း ငွေနဲ့ပေါင်းမှ ပိုပြီးအားရှိတာ၊ အရသာကောင်းအောင် မြောင်းဖွင့်ပေးသလိုပေါ့၊ မင်း… ဘာမှ တို့ပြောတာကို စောဒကမတက်နဲ့၊ ပေးရင်ယူ စားဆိုတာကိုစား၊ အဲဒါ… တို့က မောက်မောက်မာမာပြောတာ မဟုတ်ဘူးနော်၊ စကားအပို မပြောချင်တာ၊ ကျောင်းသားဆိုကတည်းက မုန့်ဖိုးက လိုလာပြီ၊ သုံးနေရင်း ခဲဖျက်၊ ဘောပင်လိုတာက မင်းက တို့ကို ပြောရဲပါ့မလား၊ ဒါကြောင့်… မင်းကို တို့ လခပေးတာ၊ မင်းဘက်ကလည်း ဝတ္တရားအရ မဟုတ်ဘဲ လူနာကို ဂရုစိုက်ဖို့လိုတယ်၊ ပိုပြီးလိုတာက ဒီအိမ်မှာ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ပါ၊ လုံးဝ မစပ်စုပါနဲ့'

'ဟုတ်ကဲ့…'

○

www.burmeseclassic.com

www.burmeseclassic.com

'အဲဒါ ဘာလဲ… ဂမုန်း'

'ဘဘကြီးအတွက် ဆိတ်သားစွတ်ပြုတ်ပါ'

'အမလေး… ဘဘကြီးလို့ သွားမခေါ်ပါနဲ့'

ဒေါ်ဖြိုးက ဂမုန်းလက်မောင်းလေးကို အထဲပြန်ဆွဲလာကာ နားနားကိုကပ်၍…

'အဲဒီ… ပုဂ္ဂိုလ်ကြီးက ဟောဒီတိုက်ကြီးရဲ့ အရှင်သခင် ဦးမင်းကျော်ဇင်တဲ့၊ မေဥယျာဉ်ရဲ့ယောက်ျား'

'ဟင်…'

အဖေမှတ်လို့ဟု ပါးစပ်က လွတ်ခနဲပြောမိတော့တယ်။

'အခု… ရောဂါဖြစ်ပြီး ရုပ်ကျသွားလို့ပါ၊ အစကဆို သိပ်ကို နုပျိုတာကွယ်၊ သူ့သားနဲ့ဆို ညီအစ်ကိုလိုပဲ'

'ဩော်… သား ရှိသေးတယ်ပေါ့၊ မမမေက… သား လူပျို ရှိသလား'





'ဒုက္ခပါပဲ… မေးပြန်ပြီ တလွဲ'

ဒေါ်ဖြိုးက ခေါင်းကုတ်တော့မလို လက်မောင်းကုတ်တော့မလိုနှင့် တစ်ခုမှလည်း မလုပ်ဖြစ်ဘဲ…

'မေဥယျာဉ်က နောက်မိန်းမ၊ သူနဲ့ ကလေးမရဘူး၊ သူ့ရွှေးသားကလည်း ခုတော့ မရှိတော့ပါဘူး၊ ကဲကဲ… ဒါလောက်ပဲ သိထားပါအေ၊ ကျန်တာက မိသားစု အတွင်းရေးသွားပို့ချေ စားစရာ'

'ဟုတ်ကဲ့…'

ဂမုန်း စွတ်ပြုတ်ပန်းကန်လေးယူ၍ ထွက်လာခဲ့၏။

ဦးမင်းကျော်ဇင်က ဂမုန်းဝင်လာတာကို ငေးကြည့်ပြီး အနားရောက်မှ တစ်ဖက်လှည့်သွား၏။

ထူထဲသော မျက်ခုံးတန်းများနှင့် စင်းကော့နေသော နှာတံတ ထင်းနေသည်ဖြစ်ရာ ပိန်လှီနေသောရုပ်ကို ဖြည့်ကြည့်လျှင် ဒေါ်ဖြိုးပြောသလို ဦးမင်းကျော်ဇင်ဟာ လူချောကြီးဖြစ်မည်သာ။

ခုတော့ စိတ်ပျက်နာကြည်းနေသော မျက်နှာကြီးနှင့် ဂမုန်းကိုလည်း ဦးမင်းကျော်ဇင် စကားဟဟ မပြောခဲ့ပါ။

'ဦး… စွတ်ပြုတ်သောက်ရအောင်၊ ဂမုန်း ထူပေးမယ်နော်'

ဂမုန်းက တအောင့်စောင့်နေပြီးမှ ဦးမင်းကျော်ဇင်ကို ခေါင်းအုံးဆင့်ခံ၍ ခပ်မတ်မတ် ပြင်ထိုင်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စွတ်ပြုတ်တိုက်ပေးနေရင်း ဦးမင်းကျော်ဇင်ရဲ့ ကျန်းမာရေးအခြေအနေကို မေဥယျာဉ် ပြောပြသမျှ သတိတရ ပြန်တွေးမိရင်း ကရုဏာစိတ်တို့ ဖြစ်ထွန်းမိလျက်…

'ဘာရောဂါပဲဖြစ်ဖြစ် စိတ်ဓာတ်မကျပါနဲ့ ဦးရယ်၊ ဂမုန်း ဆိုရင်လေ မွေးလာကတည်းက အမေမရှိခဲ့တာ'

မသိခဲ့ မခင်ခဲ့ပါဘဲ စကားတွေ ပြောလိုက်ပါသည်။ ဂမုန်းကို ဦးမင်းကျော်ဇင်က_စိုက်ကြည့်နေသည်။

'အဖေကလည်း… ဂမုန်း အရွယ်မရောက်ခင် ဆုံးသွားတယ်၊ ဖြိုးဟ်မွှေတဲ့ စနေမအဖြစ် အဒေါ်မိတွေးနဲ့ နေခဲ့ရတာပါ၊ အခု… အဲဒီအဒေါ်လည်း ဆုံးသွားပြီ၊ မွေးချင်း ညီအစ်မတွေကလည်း အိမ်ထောင်အသီးသီးနဲ့ အဝေးမှာနေကြတော့ ဂမုန်း တစ်ကောင်ကြွက် ကျန်ခဲ့ရတာ၊ ပညာသင်ခွင့် ရချင်လွန်းလို့ ဂမုန်း ပေဘာဒီ ရန်ကုန်ထိ ခွန့်စားလိုက်လာခဲ့တာပါ ဦးရယ်'

'ညည်းမှာ ရန်ကုန်မှာ ဆွေမျိုးရှိလို့လား'

'အန်တီဒေါ်မြစန်းက ဆင်ဖြူကျွန်းမှာ ရပ်ဆွေရပ်မျိုး ပါပဲ'

○

ဂမုန်းတိုက်ပေးသမျှ စွတ်ပြုတ်ကို ဦးမင်းကျော်ဇင် စိတ်လိုလက်ရသောက်လာသည်။

စကားပြန်ပြောဖော်လည်း ရလာတာမို့ ဂမုန်း အားတက်သွား၏။





'ဦး… ခုလို နေထိုင်မကောင်း ဖြစ်နေပေမယ့် အလကားလူ ဖြစ်မသွားပါဘူး၊ ဦးရဲ့ ထောက်ပံ့ပေးကမ်းမှုနဲ့ ဂမုန်း ကျောင်းတက်ရမှာပါ၊ အဲဒါဟာ ဦးအနေနဲ့ လူတစ်ယောက်ကို ညီခံစနိုင်သေးတာပါ'

ဦးမင်းကျော်ဇင်ကား မျက်နှာခပ်လွဲလွဲပြု၍ မျက်နှာပြင်ကြည် ပြုံးယောင်သမ်းသွားလျက်…

'ဒါဆို… ကျုပ်က အမြဲဒီလိုဖြစ်သွားရင် ညည်းအမြဲတမ်း အလုပ်ရတာပေါ့ မဟုတ်ဘူးလား'

'ဟုတ်ကဲ့…'

ဂမုန်း အမှတ်တမဲ့ ခေါင်းညိတ်လိုက်ပြီးမှ…

'အယ်… မဟုတ်ဘူး'

ဟု ပျာပျာသလဲလေး ခေါင်းခါပြီး…

'ဂမုန်း အဲဒီသဘောပြောတာ မဟုတ်ပါဘူး ဦးရယ်၊ ဦး ကိုယ့်ကိုယ်ကို အားမလိုအားမရ ဝမ်းနည်းနေမှာစိုးလို့'

ဦးမင်းကျော်ဇင်က ခေါင်းခါပြ၍…

'ကျုပ် တမင်နောက်တာပါ၊ အင်း… ဒီလို မရယ်မပြုံးဖြစ်တာတောင် ကြာပါပြီ၊ ကျုပ်အနားမှာ ဘယ်သူမှ နေတာမကြိုက်ဘူး၊ ကျုပ်အကြောင်းကိုလည်း ကျန်းမာရေးကအစ ဘယ်သူမေးတာမှ ကျုပ်မကြိုက်ဘူး၊ သူတို့တွေလာလည်း ညည်းလို မယုယကြဘူးလေ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တိုးတိုးဆိုလေသည်။

'ဘာပဲဖြစ်ဖြစ် ဂမုန်းနဲ့ဦးမင်းကျော်ဇင် ထိုနေ့မှစ၍ အဆ
ပြေပြေ ပြောဆိုဆက်ဆံလာနိုင်ခဲ့သည်။

ကျောင်းတွေ မဖွင့်သေးတော့ ဦးမင်းကျော်ဇင်ကို ဂမုန်း
နေ့ရောညပါ ပြုစုနေခဲ့သည်။

မေဥယျာဉ်ကလည်း သဘောကျသည်။

ကျောင်းဖွင့်လျှင် ဝတ်ဖို့ဟုဆိုကာ ကျောင်းစိမ်းဝတ်စုံတွေ
တစ်ထပ်ကြီး ချုပ်ပေးလာသည်။

ဖြီးလိမ်းစရာမိတ်ကပ်၊ နှုတ်ခမ်းနီ၊ ခေါင်းစည်း၊ ဆံညှပ်
ကအစ ဝယ်ပေး၏။ သူမသည် ဦးမင်းကျော်ဇင်ဆီသို့ ဝင်ထွက်ရ
အတွက်တော့ လွန်စွာစိုးရိမ်သည့် မိန်းမပါတည်း။

○

'ဘယ်နှယ့်လဲ… ဖြေနိုင်ခဲ့ရဲ့လား'

'ဖြေနိုင်တယ်… ဒေါ်လေးဖြိုး'

ဂမုန်းမှာ ဒေါ်ဖြိုးကိုပဲ အမိအဘလို ခွေမျိုးလို ခင်တွယ်
ခဲ့ရသည်။

ဂမုန်း ဒေါ်ဖြိုးလက်မောင်းကို ဝမ်းသာအားရ တစ်ချက်
၍ ဦးမင်းကျော်ဇင်အခန်းသို့ အပြေးလေး ထွက်လာခဲ့သည်။
ဘာ ဒုက္ခိတမို့ ပို၍ ဦးစားပေး အလေးထားရမည့်သူဖြစ်သည်။

'ဦး…'

အခန်းဝမှာ ဝမ်းသာအားရ ပေါ်လာသည့် ဂမုန်းမျက်နှာ
မြင်သည်နှင့် ဦးမင်းကျော်ဇင်က နူးညံ့သော မျက်နှာသို့
ပြောင်းလဲသွားကာ…

'စာမေးပွဲ ဖြေနိုင်ခဲ့ပြီ မဟုတ်လား'

'ဟုတ်တယ်… ဦး'



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းက ဦးမင်းကျော်ဇင်နားမှာ ဒူးထောက်လေး ပြေးထိုင်လိုက်၍…

'ဂုဏ်ထူးပါ ပါဦးမှာဦးရဲ့၊ ဂမုန်း တအားဖြေနိုင်တာ'

'ကောင်းတယ်…'

ဦးမင်းကျော်ဇင် ခေါင်းကို ခပ်လေးလေးညိတ်၏။ ဒီကောင်မလေးဟာ ရောက်လာကတည်းက အလုပ်နဲ့လက်နဲ့လည်း ပြတ်သည်မရှိ။

မျက်လုံးနဲ့လည်း စာနဲ့လည်း ခွာသည်မရှိ။

အလုပ်ချိန်လေး လက်ကနားတာနှင့် စာအုပ်က လက်ထဲမှာရှိပြီးသား။ သူ့ဘေးမှာထိုင်လျက် စာဖတ်ရင်း သူ့ကိုလည်း တစ်ချက်မှ အလစ်မပေးဘဲ ဂရုစိုက်စောင့်ရှောက်သည်။

သိမ့်ခနဲလှုပ် အားခနဲ ညည်းသံသဲ့သဲ့ ထွက်လိုက်တာနဲ့ ပျာပျာသလဲ ရှိတတ်တဲ့မိန်းကလေး။

စာဖတ်နေပေမယ့် ဝတ္တရားပျက်ကွက်သွားသည်ဆိုတာ မရှိခဲ့ပေ။

'ဂမုန်း… ညည်း သွားအိပ်ဦးလေ'

'ရပါတယ်… ဦးရဲ့၊ ညဉ့်နက်တော့မှ လူကြီးတွေက အိပ်လို့ပျော်တာ၊ ဦး… နှစ်နှစ်ခြိုက်ခြိုက်ပျော်သွားမှ ဂမုန်း အိပ်လို့ရတာပဲ၊ အခု… ဂမုန်း ဒီမှာ ထိုင်စောင့်နေတော့ စာလည်းဖတ်ရတယ်၊ ဦးလည်း အဖော်ရတယ်၊ စာဖတ်နေတယ်ဆို





ပြီး အားမနာနဲ့နော်ဦး၊ ဂမုန်းကိုခိုင်းပါ၊ မခိုင်းဘဲ နေတာကမှ ဦးဘာများလိုသလဲဆိုပြီး အကဲခတ်နေရတာ ပိုဆိုးတာ ဦးရဲ့'

အသစ်အကြေး အဝတ်အစား လဲလှယ်ပေးတဲ့အထိ မလှုပ်နိုင်၊ မကြွနိုင်သော သူ့အပေါ် ဂမုန်းက တကယ့်သားသမီးရင်းနှယ်…

'မရှက်ပါနဲ့… ဦးရယ်၊ ဂမုန်းကို ကိုယ့်သမီး အရင်းလိုပဲ သဘောထားပြီး ကုသိုလ်ပေးပါ၊ ဦးကို ပြုစုပေးရတဲ့ ကုသိုလ်ကျေးဇူးကြောင့် ဂမုန်း ခုလိုသင်ချင်တဲ့ ပညာကို သင်ခွင့်ရတာပါ'

ဟုလည်း သနားစဖွယ် ပြောတတ်သေးသည်။

ဒီကောင်မလေးကို သူ သံယောဇဉ် ရှိခဲ့သည်။

ကိုယ့်သားသမီး အနားမှာ မရှိတဲ့အခါမျိုးမှာ ဝတ္တရားမဆန်သော ပြုစုလုပ်ကိုင်ပေးသော စေတနာများကိုလည်း ခံစားမိနေခဲ့သည်။

သူ ခြေမလှုပ်နိုင် လက်မလှုပ်နိုင် ပက်လက်ဖြစ်ခဲ့ရသည့် ဘဝကတည်းက ချစ်လှပါသည့် ဇနီးချောက အနားမသီခဲ့ပေ။

'အစကတည်းက… မေ့ဘက်က ချစ်ပါတယ်လို့ ပြောခဲ့လို့လား'

ဒါကို ဒီလိုမနေသင့်ကြောင်း ပြောမိတော့ မေက တစ်ချက်ကလေး မျက်နှာမပျက်ဘဲ ပက်ခနဲ ပြန်ပြောခဲ့သည်။

သူကလည်း သူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ချစ်သူကိုမှ လက်ထပ်ယူခဲ့မိတဲ့အဖြစ်။

'မင်း… အောင်မှာ သေချာသွားပြီပေါ့'

'ရှင်… ဟုတ်ကဲ့ မမမေ'

သူတို့ စကားပြောနေကြသည့် အခန်းထဲကို မေ ဝင်လာသည်။ ဦးမင်းကျော်ဇင်ကို တစ်ချက်လှမ်းကြည့်ကာ…

'ကဲ… ဆယ်တန်းအောင်ဖို့ သေချာပြီဆိုရင်တော့ ရှေ့ဆက်သူ့ကို ဘယ်လိုစီစဉ်ပေးမလဲ၊ ဦးကျော် ပြောပါဦး'

မေ့ထံကို ဦးမင်းကျော်ဇင်က အပြုံးအမဲ့ကင်းသော မျက်လုံးများနှင့် လှမ်းကြည့်သည်။

'ပညာတော်တဲ့လူကို ချီးမြှောက်ပေးရမှာပဲ၊ အခု… သူ ဒီမှာနေတဲ့ ကာလပတ်လုံး တာဝန်လည်းကျေခဲ့တာပဲ၊ အားလုံးနဲ့လည်း သင့်တင့်မျှတအောင်နေတယ်၊ သူ… ကျောင်းဆက်တက်ပါစေ'

သိထားပြီးသည့် အဖြေတစ်ခုကို ကြားလိုက်ရသလို မေက နှုတ်ခမ်းခပ်တွန့်တွန့်နှင့်ပြုံးလိုက်သည်။

*

ဂုဏ်ထူး သုံးဘာသာနဲ့အောင်ကော ရယ်လည်းရယ် မျက်ရည်ကျ ဘယ်သူ့ကို ပြေးဖက်ရမှန်း မသိတော့ အိမ်အရောက်ပြေးလာပြီး ဒေါ်ဖြိုးကို ပြေးဖက်ကာ ပါးပြင်ပျော့တွဲတွဲကို ဘယ်





ပြန်ညာပြန် နမ်းမိသည်။ ဒေါ်ဖြိုးပါးပြင်မှာ ဂမုန်းရဲ့မျက်ရည်စတွေ စိုလေသည်။

ဆေးတက္ကသိုလ်ကို အမှတ်ဝင်တာကြောင့် ဆေးကျောင်းသူ ဖြစ်ခဲ့ပေမယ့် ဂမုန်း သက်ပြင်းမချနိုင်သေးပေ။

အိမ်မှာ လူမမာကိုပြုစု၊ ကျောင်းချိန်နီးတော့ မှတ်တိုင်မှာ ကားသွားစောင့် ကားပေါ်တိုးတက်၊ စာသင်။

ပြီးတော့ လိုင်းကားတိုးစီးပြီး အိမ်ပြန်၊ နေ့တစ်ရွာ စိတ်လှုပ်ရှားရ၊ ပျော်ရွှင်ရ။

ဂမုန်းအတွက်ကား စာသင်နေရလျှင် ပျော်နေတဲ့သူပါ။

○

www.burmeseclassic.com

www.burmeseclassic.com

'ကျောင်းရောက်လာလည်း စာဖတ်မယ် ဆိုတာချည်းပဲ ခဏလာစမ်းပါ၊ ပြမလို့'

'ဘာလဲ...'

'ခဏ... ခဏလေး...'

ရဲရဲက အတင်းဆွဲခေါ်ထုတ်နေသဖြင့် ဂမုန်း ထလိုက်လာခဲ့မိတာ လက်ထဲက ဘောပင်ကိုတောင် မချခဲ့မိပေ။

'ဟိုမှာ... ကြည့်စမ်း'

'ဘာလဲ'

'ဟိုမှာလေ... ပုဆိုးတိုက်ပုံနဲ့ တွဲသွားတဲ့ ပါတိတ်အနက်လေးဟာ'

'အင်း... မြင်ပြီ'

'လှလား...'

'လှပါတယ်... ယဉ်ယဉ်လေး'





'မလှပါဘူး... ယဉ်တာပဲရှိတယ်၊ အဲဒါက... သီရိနိုင် သူ့ရဲ့ဘေးက ပုဂ္ဂိုလ်လေးကို နေ့စဉ်လာလာကြိုတဲ့ မဒီလေ'

'နေပါဦး... နင်က ဒေါ်သီရိနိုင်အကြောင်း ပြောချင်တာလား ဟိုပုဂ္ဂိုလ် ဟင်...'

ဂမုန်း စကားမဆုံးလိုက်ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ကိုမင်းပါလား...

အပြာနုနု ပုဆိုးကွက်စိပ်နဲ့ တိုက်ပုံအဖြူ ဝတ်ထားသည့် မင်းညီလာရဲ့ ဘေးတိုက်မြင်နေရသည့် မျက်နှာက ဖြူနုရှင်းသန့်နေ၏။

'ခစ်... ခစ်... နင် ဒါတော့ ပေါက်သွားပဲ ဟုတ်တယ်၊ ဒီဘက်က ပုဂ္ဂိုလ်လေးအကြောင်း ပြောချင်တာ၊ သူက တို့ကို သင်မယ့် ကျူတာပဲ၊ ဒါပေမယ့်... တို့ကံဆိုးပြီး ဒေါ်သီတာငြိမ်းနဲ့ လူလဲသွားတယ်ဟ'

'သူက... ဆရာ'

'ဟုတ်တယ်... သူ့ကိုချောလို့ လူတိုင်းစိတ်ဝင်စားတယ်၊ ကြည့်ပါလား၊ နုညက်ချောမွတ်နေတာနဲ့ သွားပုံလာပုံက ဘယ်လောက်တောင် နူးညံ့သလဲ၊ ကျားကျားလျားလျား ရှိပေမယ့် ပြေပြစ်မှုကို ထင်းထင်းကြီး မြင်နေရတယ်၊ သူ့နာမည်ကရော ဘယ်သူမှတ်လို့လဲ'

နှစ်ယောက်တူယှဉ်၍ ကျော်လွန်လျှောက်လှမ်း သွားကြ



www.burmeseclassic.com

www.burmeseclassic.com

ပြီဖြစ်သော မင်းညီလာရဲ့ ကျောပြင်မှာ ဂမုန်းရဲ့ မျက်လုံးလေးတွေ က မြားကလေးများပမာ...

'သူ့နာမည်က... မင်းညီလာတဲ့၊ ဖအေက ဟိုက်ဘော့ ပဲဟ၊ ဒါပေမယ့်... သူတို့ ဘယ်လိုဇာတ်လမ်းတွေ ဖြစ်ကြသလဲ မသိဘူး သူက ဖအေနဲ့ မနေဘူးတဲ့'

'အဲဒီ... အမျိုးသမီးက သူ့... သူ့ချစ်သူလားဟယ်'

'ကျောင်းနေဖက် သူငယ်ချင်းတဲ့၊ ဟိုဘက်ကတော့ သေချာနေတဲ့ပုံပါ၊ ဆရာက ဟုတ်သေးပုံမရပါဘူး၊ ဘယ်နှယ်ထဲ ငိုင်သွားတာပဲလား'

ဂမုန်း ဟန်ဆောင်၍ပင် မပြုံးနိုင်ပေ။

ရင်ထဲမှာ ထာဝရ ကိန်းအောင်းနေခဲ့သော နှလုံးသား တစ်နေရာမှာ မီးတောက်ငယ်လေးတစ်ခုက ဟုန်းခနဲ ထတောက် လာသည့်နှယ်...

သူဟာ ဘယ်လိုလူပါလို့ ဘယ်သူ့ကိုမှ ရေရေရာရာ ပြောမသွားခဲ့သော ယောကျ်ားတစ်ယောက်ဟာ တိုင်းခန်းလှည့် လည်သွားတဲ့ မင်းသားလေးတစ်ပါး ဖြစ်မှန်း ခုမှသိခဲ့ရသည်။

ကောင်းကင်ထက်က တောက်ပစွာ လင်းလက်နေသော ကြယ်ပွင့်ကလေးကိုတော့ ငေးနေမိရသလို ဂမုန်း ငေးနေမိတာ နှုတ်ခမ်းလေးများပင် ခြောက်သွေ့လာခဲ့တဲ့အထိ။

၀



ကားလာပြီဆိုသည်နှင့် မမိမှာစိုးကာ မှတ်တိုင်ဆီကို အသုတ်သုတ်ပြေးစဉ်...

'ဟင်... ကိုမင်း'

ရှေ့မှာ ကိုမင်းကို တွေ့လိုက်သဖြင့် ရုတ်တရက် ဘာဘာ ညာညာ မတွေးမိဘဲ နှုတ်ဆက်ဖို့ ပြောလိုက်မိသည်။

'ကိုမင်း...'

ဟု လှမ်းခနဲ ခေါ်လိုက်ပြီးမှ မင်းညီလာနံဘေးကို ရောက်လာသည့် အရိပ်တစ်ခုကြောင့် ကိုယ့်ပါးစပ်ကလေးကိုယ် လက်ဖဝါးနဲ့ အလျှင်အမြန် ဖိပိတ်လိုက်မိ၏။

ဂန္ဓာမှာ ပန်းစည်းကြီးကိုပိုက်လျက် ပြုံးရယ်နေသော သီရိနိုင်ကို မြင်လိုက်သဖြင့် ဂမုန်း လူကြားထဲ ပြေးကွယ်ဝင် လိုက်၏။

မင်းညီလာ ဖျတ်ခနဲ နောက်လှည့်ကြည့်တာကို မြင်နေ သည်။ သို့သော် ဟိုဒီတစ်ချက်သာ မျက်လုံးဝေ့ကြည့်ပြီး သီရိ



www.burmeseclassic.com

www.burmeseclassic.com



နိုင်နဲ့ စကားအတူပြောကာ ရပ်ထားသည့် ကားအနီလေးဆီ ဆက်
လျှောက်သွား၏။

ဂမုန်းကားဆီဘက် ပြေးခဲ့ပေမယ့် မမီတော့ပေ။

မျက်ဝန်းထဲတွင် မျက်ရည်တွေ ဝဲနေမိ၏။

ဒီမျက်ရည်ဟာ ဟိုနေ့ကတည်းက ကျချင်ခဲ့တာဖြစ်၏
သူငယ်ချင်းရှေ့မှာမို့ ထိန်းချုပ်ခဲ့ရသည်။ မင်းညီလာဟာ
နှလုံးသားမှာ စွဲခဲ့ပြီးတဲ့ပုံရိပ်တစ်ခုကြောင့်သာ…

ဆင်ဖြူကျွန်းမှာတော့ သူမအပေါ် ညီမလေးတ
ယောက်လိုသာ ဆက်ဆံခဲ့တာ ဖြစ်ပါလိမ့်မည်။ သူမကသာ…

မှတ်တိုင်မှာ ရပ်မနေလိုတော့၍ ဂမုန်း အငှားကားတ
စီးကို လှမ်းတားလိုက်၏။ ကားပေါ်တက်ခါနီးမှာတော့ ထိုကား
တစ်ချက်ကြည့် ဖြစ်ပါသေးသည်။

ဖြစ်ချင်တော့ ကားက ဂမုန်းတက်လိုက်ပြီးမှ မီးပွိုင့်
ရောက်သော်…

'ဟင်…'

မင်းညီလာက မီးပွိုင့်နဲ့ဝေးသေးတာမို့ ကားကို ဘီးလို
ရုံလေး တိုးဝင်နေပြီးမှ ကားကိုရပ်သည်။

သူ့မျက်လုံးတွေက ဘက်မှန်ဆီသို့ အရောက်မှာ မျက်
တွေတွန့်ကာ နှုတ်ခမ်းမှာ ဟင်ခနဲဖြစ်သွားလေသည်။

'ဂမုန်း… ဂမုန်းများလား'





သူ ကားတံခါးမှန်ကိုချ၍ ခေါင်းထုတ်ကြည့်လိုက်မိ
သည်။ ဘေးတန်းနောက် တစ်စီးကျော်မှာရှိသည့် အငှားကားလေး
ပေါ်မှာ ဂမုန်း ရှိနေသည်။

သို့သော် သူ့ကိုမြင်သည်နှင့် ဂမုန်း ဖျတ်ခနဲ မျက်နှာလွှဲ
သွားလေသည်။

ဒါဟာပဲ ဂမုန်းပဲဆိုတာ သက်သေပြနေသည်သို့ပါ။
သူ့ကို ဂမုန်း အစောကြီးကတည်းက မြင်နေခဲ့သလား…

ဘာကြောင့် နှုတ်မဆက်ဘဲ မျက်နှာလွှဲပါသနည်း။

'ညီ… အို မီးစိမ်းနေပြီလေ ဘာကြည့်နေတာလဲ'

သူ့လက်တွေ မလှုပ်ရှားနိုင်မီ ကားတန်းက ဂမုန်းတို့
ကားလေး ကျော်တက်သွားသည်။

သူ တစ်ချက်မှ မျက်ငုံးမလွှဲဖြစ်ပါ။

ဂမုန်းသည် ရွှေအိုရိပ်သန်းနေသော ဆံပင်တွေကို ဖြန့်
ချထားလျက် ရွှေအိုရောင်လက်ပြတ် အပွင့်ရိပ် အင်္ကျီလေးကို
ဝတ်ထား၏။ ပါးမို့လေးနှစ်ဖက်မှာ နှင်းဆီပွင့်ဖတ်လေးတွေ ကပ်
တင်ထားသလို နီမြန်းနေကာ တမင်တကာ ရှေ့ကိုသာ ငေးစိုက်
ကြည့်သွားခဲ့သည့် မျက်ဝန်းများကို ရံခနေကြသော မျက်တောင်
ရှည်များဟာ မမှတ်မိနိုင်စရာ မရှိတဲ့ ဂမုန်းရဲ့ အလှတရားတွေ
သာ။

'ညီရယ်… ကောင်မလေးကလည်း လှပါတယ် ကား



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဂရုစိုက်မောင်းပါဦး၊ တော်ကြာ… လိုင်စင်အပ်ခဲ့ရပါဦးမယ်'

သူ ဘာစကားမှ ပြန်မပြောနိုင်။

မယုံမှတ်လောက်အောင် အလှလည်း ကြွယ်နေတာဟာ မမှတ်မိနိုင်ဖွယ် မရှိပေမယ့် သူ့အတွက်က ဒီမျက်နှာလေးကို မေ့ခဲ့သည်မှ မဟုတ်ဘဲ…

'ကောင်မလေးက… ဘယ်သူလဲဟင်၊ ညီနဲ့ ပတ်သတ်တယ်ထင်တယ်'

သူ မပြုံးချင်ပြုံးချင် ခေါင်းညိတ်၍…

'ဟုတ်တယ်…'

ဟု ခပ်လေးလေး ဝန်ခံလေသည်။

○

'ဒေါ်ဖြိုး…'

'ဟော… လာပြီ မေ'

ဒေါ်ဖြိုး အပြင်ထွက်သွားလျှင်…

'ဒီနေ့… ညီ ရောက်လာလိမ့်မယ်၊ ညစာ ဒီမှာစားမယ်၊ သူ့အကြိုက် အားလုံးပြည့်စုံအောင် ချက်ထားပေးပါ'

'ဟင်… လူလေးရောက်လာမယ် ဟုတ်လား'

ဒီအိမ်မှာ သူမအပေါ်ဆို ခပ်စိမ်းစိမ်း ခပ်မှန်မှန် ဦးကျော်ညွှီအသံ ကြားတာနဲ့ ပျာယာခတ်သွားတတ်သော ဒေါ်ဖြိုးကိုလည်း မေ ကြည့်လို့မရ။

မျက်နှာခပ်တည်တည်နှင့် စိုက်ကြည့်လိုက်ပြီး…

'ဒီနေ့… ဂမုန်း ကျောင်းပိတ်တယ် မဟုတ်လား'

'ပိတ်တယ်… ပိတ်တယ်… အတော်ပဲ'

ဒေါ်ဖြိုး ကျေနပ်ဝမ်းသာသွားပုံကို တစ်ချက်ကြည့်၍ ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖြိုး အခန်းထဲ ပြန်ရောက်တော့…

'ညီ… လာမယ်တဲ့ ဂမုန်းရေ၊ ငါ့လူလေး ဘယ်လောက် ချောတယ် သန့်တယ်ဆိုတာ ညည်း မြင်ဖူးပါတော့မယ်၊ ဟင်း… ဟင်း…'

ဒေါ်ဖြိုးက အင်္ကျီလက်မောင်းတွေ ဆွဲလိပ်တင်နေကာ စောစောကထက် ပိုမိုတက်ကြွသော လှုပ်ရှားမှုများနှင့် မီးဖိုထဲ ဝင်လာရင်း…

'လူလေးကလေ သူ့အမေကို သိပ်ချစ်တာပဲ၊ သူ့အမေ ကလည်း ယောက်ျားကို သိပ်ချစ်တဲ့မိန်းမပေါ့'

ဒေါ်ဖြိုးက အသံကိုပို၍ နှိမ့်ချကာ…

'တကယ်တော့… အဲ့ဒီ မေဥယျာဉ်ဆိုတာက လူလေး ချစ်သူကွဲ့'

'ရှင်…'

ဂမုန်း လန့်ဖျပ်သွားခဲ့လေသည်။

'အခု… ဦးကို လာကြည့်တယ် ထင်တယ်နော်'

'ဒါပေါ့… သူ့ကို လူလေးကဖြင့် လန့်လွန်းလို့၊ သူ ချစ်သူဟာ ဒီလို မိန်းမတစ်ယောက် ဖြစ်ခဲ့လိမ့်မယ်လို့ လုံး မထင်ဘူးဆိုပြီး သွားခါနီး တက်ခေါက်သွားရှာတယ်၊ အင်မတန် နူးညံ့တဲ့ကလေးဟာ သူ့ကြောင့် အတော်နာကြည်းတတ်သွားတယ် ကွယ်၊ ဘယ်လောက်ထိလဲဆိုရင် သူနဲ့ဝေးရအောင်လို့ တစ်သက်





လုံးက ခေါင်းခါခဲ့တဲ့ သူငယ်ချင်း မိန်းကလေးတစ်ယောက်နဲ့ ချက်ချင်း စေ့စပ်ပစ်လိုက်တယ်'

'သြော်…'

'ဒါပေမယ့်… သူ စိတ်လိုက်မာန်ပါ လုပ်ခဲ့တာပါကွယ်၊ စေ့စပ်ပြီးမှ စိတ်တွေလေပြီး အညာကို ခရီးထွက်သွားလိုက်သေး တယ်၊ အဲဒီခဏအတွင်းမှာပဲ ဆရာကြီးလည်း အခြေအနေဆိုးပြီး လူမမာဘဝကနေ ဒုက္ခိတဖြစ်ခဲ့ရတာပါပဲ'

ဒေါ်ဖြိုးလေသံက အဖျားခတ်မှာ ကြေကွဲသံထွက်သွား သည်။

'ဘာပဲဖြစ်ဖြစ် ကိုယ်က အလုပ်သမားဆိုတော့ ဒီအိမ် ကြီးရဲ့ အတွင်းရေးက ကိုယ်နဲ့ မဆိုင်ဘူးလေ၊ ဆိုင်တဲ့နေရာကပဲ ကြည့်နေရုံအပြင် ဘာရှိမှာလဲ၊ လူလေးရောက်လာရင် ညည်း သတိထားဖို့ပြောတာ၊ လူလေးက ချောတယ်၊ ညည်းကလည်း လှလှလေး မမြင်ဖူးခဲ့လို့ပဲဖြစ်ဖြစ် သိထားလို့ ဘာညာခံစားမိလို့ ပဲဖြစ်ဖြစ် မေဥယျာဉ်မြင်အောင်တော့ သွားမကြည့်မိစေနဲ့၊ မိုးဒီး လောင်မှာပဲ'

ပြောပြောဆိုဆို ဒေါ်ဖြိုး ဆွဲခြင်းဆွဲ၍ ထွက်သွားလေ သည်။

၀



www.burmeseclassic.com

www.burmeseclassic.com

သနပ်ခါးလိမ်းပြီးရင်လည်း ခြောက်မှကြိုက်တာမို့ မျက်နှာကို ယပ်တောင်နဲ့ခပ် လက်မောင်းတွေကိုတော့ ကိုယ့်ပါးစပ်နဲ့ ကိုယ်ပဲ ဘယ်ညာလိုက်မှုတ်ရင်း အခန်းပြင်ထွက်လာခဲ့သည်။

'မင်း… ဆံပင်တွေက လှတာပဲ'

ဆိုပြီး ဆံပင်တွေကိုတော့ မမမေကိုယ်တိုင်လိုက်ပြီး ဖြီးပြင်ပေးထားတာမို့ ခါးလောက်ဆံပင်တွေဟာ နွဲ့အိပျော့ပျောင်းကာ ယိမ်းနွဲ့လိုက်တိုင်း ရွှေရောင်လေးတွေလက်နေတဲ့အတိုင်း။

'အဲဒါ… အမြဲဖြန့်ချထား'

ဟုလည်း မမမေက သင်သည်။

အနေတည်ပေမယ့် လိုအပ်တာလေးတွေကို မမမေက ဖြည့်စွက်ပေး အလိုက်သိပေးတတ်တာကြောင့် မမမေကို ဂမုန်း ကြောက်ပေမယ့် ခင်ပါသည်။

'ဘယ်သူမှ မရှိဘူးလား ဒေါ်ဖြိုး'

'ရှင်… ရှိ… အဲ… လာပါပြီ'





ဂမုန်း လက်မောင်းတွေကို တဟူးဟူးမှုတ်ရင်း အေးအေး ထွက်လာနေရာမှ ဆတ်ခနဲ တုန့်သွားကာ ပြေးထွက်သွားလိုက် [illegible] ညှော်သည်ဆိုရင်တော့ ဒုက္ခပါပဲဟု စိတ်က ပူနေဆဲ…

'ဒေါ်ဖြိုး…'

'လာပြီ… လာပြီ…'

ဂမုန်း အိမ်ရှေ့ကို အလောတကြီး ပြေးထွက်သွားမိပြီးခဲ့…

'ဟင်…'

ဆတ်ခနဲ ထောင့်မတ်သွားသည့်ကိုယ်ဟာ ရေခဲပြင်ကြားထဲ ရောက်သွားရသူကဲ့သို့…

'မင်း… မင်း ဂမုန်း'

မင်းညီလာ မှင်တက်မိကာ ရုတ်တရက် စကားလုံးတို့ ပျောက်ဆုံးကုန်သည်။

'မင်း… ဂမုန်း ဒီကို ဘယ်လိုလုပ်၊ ဟိတ်… နေဦး'

ဂမုန်း ဖျတ်ခနဲ ပြေးသည်။

မင်းညီလာ မီအောင် လိုက်ဖမ်းဆွဲကာ…

'နေဦး… ဂမုန်း၊ မင်း… ကိုယ့်ကို ဘာဖြစ်လို့ အဲဒီ မျက်လုံးတွေနဲ့ ကြည့်သွားတာလဲ၊ ကိုယ့်ကို… ဘာမကျေနပ်ခဲ့တာလဲ၊ ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ'

မေးခွန်းတွေ ဆက်တိုက်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်း ဘာမှမဖြေဘဲ ခေါင်းသာ တွင်တွင်ခါနေ၏။

'ကိုယ်… မင်းကို သွားရှာခဲ့သေးတယ်'

ခေါင်းခါရပ်သွားလျက် ဂမုန်း မင်းညီလာကို ငေးခနဲ ကြည့်မိ၏။ သူဟာ ကိုယ့်ရဲ့ အလုပ်ရှင်သူဌေးပါလားဟူသော အတွေးက ချက်ချင်းဝင်လျက် မမမေအကြောင်းကိုပါ သတိရလာသည်။

'လွှတ်… လွှတ်ပါ ကိုလေးရယ်၊ ဂမုန်းကို သနားရင် လွှတ်ပါနော်'

'မလွှတ်နိုင်ဘူး ဂမုန်း၊ မင်း… ဒီမှာ ဘယ်လိုလုပ် ရောက်နေတာလဲ၊ ကိုယ့်နောက်ကို လိုက်လာတာလား'

'အို… မဟုတ်ဘူး… မဟုတ်ဘူး'

'ဒါဆို… ဘာလဲ'

'ဂမုန်း ကျောင်းတက်ချင်လို့ ရန်ကုန်မှာ အလုပ်လာလုပ် တာပါ'

'ဒါဆို… မင်း အခု ကျောင်းတက်ရတယ်ပေါ့'

'ဟုတ်…'

ဂမုန်း ခေါင်းညိတ်လျက် သူဆွဲထားသည့်လက်ကို ရုန်း ပေမယ့် မရပေ။

'ဒီကို… ဘယ်သူ လိုက်ပို့တာလဲ၊ ဒါ… ကိုယ့်အိမ်ဆို တာ သိသလား'





'မသိပါဘူး… သိရင်လည်း ဂမုန်း ဒီလောက် ရဲရဲတင်း တင်းကြီးလိုက်မှာ မဟုတ်ပါဘူး၊ ဂမုန်းကိုလွှတ်ပါ ကိုလေးရယ်၊ မေမေ မြင်သွားရင် ဂမုန်း နှင်ချခံရမှာ စိုးလို့ပါ'

ဘယ်လိုအကြောင်းမှန်း မသိဘဲ မင်းညီလာ မျက်နှာ ရှဲခနဲ ဖြစ်သွားသည်။ ပြီးမှ မျက်နှာ ခပ်လွှဲလွှဲအနေထားနှင့်…

'မင်းကို… ကိုယ်ပြောစရာတွေ အများကြီးရှိတယ်၊ မင်း ဘယ်ကျောင်းမှာလဲ'

'ဆေး(၁)မှာ'

'ဟင်…'

မင်းညီလာမျက်နှာ အံ့သြဟန် ထင်းခနဲဖြစ်ကာ ချက် ချင်း ပြုံးကျသွား၏။

'မင်း… ကိုယ့်ကို မြင်နေတယ် မဟုတ်လား'

ဂမုန်းလက်ကို သူလွှတ်ပေး၍ မေးသည်။

ဂမုန်းက မဖြေဘဲ မျက်နှာလေးလွှဲပစ်၏။

'ဘာဖြစ်လို့ မခေါ်တာလဲ'

'ဘာမှ မဖြစ်ပါဘူး'

'ကျောင်းနားက မှတ်တိုင်မှာ ဘာဖြစ်လို့မခေါ်တာလဲ'

'မခေါ်ရဲလို့ပါ'

'နောက်တစ်ခါ အဲသလို ဆင်ခြေ့ရန်ရှောင် ကြပ်ကြပ်ခြင်း ထိပ်ထုခံရမယ်'



www.burmeseclassic.com

www.burmeseclassic.com



မင်းညီလာ မျက်နှာရှင်မြူးနေသည်။

လာရင်းကိစ္စကို မေ့လျော့သွားပုံမျိုးနှင့် ဂမုန်းမျက်နှာလေး ကိုသာ စိုက်ကြည့်၍ ကျေနပ်နေသည်။

'ဘယ်သွားမလို့လဲ ဂမုန်း'

'မီးဖိုချောင် ဝင်ရှီးမှာကိုလေး၊ ညနေစာ ချက်မလို့'

'မချက်နဲ့... ကိုယ့်ကို သံပုရာရည်တစ်ခွက်လောက် ဖျော်ပေး'

'ပုလင်းယူခဲ့ရမလား... ကိုလေး'

'ပုလင်း... ဘာလုပ်ဖို့လဲ၊ ရေခဲသေတ္တာထဲမှာ ... သောက်လို့ရတာပဲ'

ဂမုန်းရင်တွေ တဒိန်းဒိန်းခုန်လာ၏။ မင်းညီလာမျက်နှာ ကို မကြည့်ရဲတော့ပေ။

'ဟယ်... လူလေး ရောက်နေပြီ'

ဒေါ်ဖြိုး ဆွဲခြင်းကြီးနဲ့ ပြန်ရောက်လာ၏။

'ဟုတ်တယ်... လာတုန်းကတော့ ဖေဖေ့ကိုကြည့်ပြီး ပြန်ဖို့ပဲ'

'ဟော... ခုရော'

'ထမင်းစားဖို့ စိတ်ကူးလိုက်တာလေ'

'တော်ပါသေးရဲ့နော်... ဘာကြောင့်များ အစီအစဉ် ပြောင်းသွားရတာလဲ'





'ဒေါ်ဖြိုး'

'ဟော...'

'အဲဒီကောင်မလေးကို ဂရုစိုက်နော်'

'ဘယ်သူလဲ... သား'

'ဂမုန်း...'

'ဂမုန်း...'

'ဟုတ်တယ်...'

ဒေါ်ဖြိုးမှာ တအံ့တသြကြီး ဖြစ်နေတာကြောင့် မင်းညီလာက နားနားကပ်၍ တစ်စုံတစ်ရာပြောလေသည်။

'ဟင်... တကယ်'

မင်းညီလာက ဂမုန်းကို တစ်ချက်ကြည့်၍ အပေါ်ထပ်သို့ တက်သွားလေသည်။

ဒေါ်ဖြိုး ပြုံးပြုံးကြီး လှည့်ထွက်သွား၏။

ဂမုန်းတစ်ယောက်သာ ကျန်ခဲ့သည့်ဆွဲခြင်းကြီးကို မနိုင်နင်းမ၍...

○

www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့… ဟဲ့… ဂမုန်း နင့်ကို ဆရာမင်းညီလာနဲ့ တွဲလာ
တာ တွေ့လိုက်တယ်ဆို'

'ဘယ်သူ ပြောလဲ'

'သိမ့်တို့ ပြောတာ'

'ဟုတ်တယ်… ငါ ကျောင်းနားမှာ ဆုံဖြစ်တာပါ'

'တယ်ဟုတ်ပါလား၊ ဘယ်လို ဘယ်လိုတွေ သိကျွမ်း
ကုန်ကြတာလဲ၊ ပြောပြပါဦး၊ လျှို့လိုက်တာဟယ်'

ဂမုန်း မပြောချင်ပါ။

အထူးသဖြင့် မင်းညီလာဟာ ဒီနေရာမှာ ပေါ်လွင်တဲ့သူ
မို့ သူမပါရော၍ မပေါ်လွင်ချင်တာ ဖြစ်သည်။

ဒါပေမယ့်…

'နင်တို့က… အခုမှ သိကြတာလား'





'ဖြစ်နိုင်ပါ့မလား စီစီရယ်၊ သိတာက ဟိုးအရင်ကတည်း
…ပါ၊ ဒါပေမယ့် ပြန်တွေ့တာတော့ မကြာသေးဘူး၊ ဟိုတလော
… လှိုင်းပြမှ မြင်လိုက်တာ'

'ဘာရယ်… လှိုင်းက မိတ်ဆက်ပေးတာ'

စီစီခင်က စပ်စုနေပြန်သည်။

'မဟုတ်ပါဘူး… စီစီရယ်'

'ဂမုန်းရေ… ညှော်သည်ဟ'

ပြေးလာပြောကြသည်က သုံးယောက်တောင်။ စပ်ဖြ
… မချိုမချဉ်။ လှမ်းကြည့်လိုက်တော့ ပြူးပြဲပြန်ကြည့်နေကြ
…ည့် အတန်းထဲက မိန်းကလေးတွေရဲ့ မျက်နှာပေါင်းများစွာကို
…ဆိုင်လိုက်ရပြီးမှ ကော်ရစ်ဒါမှ မင်းညီလာရဲ့ အပေါ်ပိုင်းမျက်
…ကို မြင်ရ၏။

ဂမုန်း မျက်နှာပူပူနဲ့ပဲ ထွက်လာခဲ့ရ၏။ အားလုံးသော
…လုံးများရှေ့မှာ ဂမုန်းခြေလှမ်းတွေ မှားကုန်၏။

'ဘာလို့… အတန်းထဲထိ လာခေါ်တာလဲ ကိုလေးရယ်'

'ဟော… လုပ်ပြန်ပြီ'

ပခုံးချင်းယှဉ်လျှောက်ရင်း မင်းညီလာက တစောင်းငဲ့
…ကြည့်၏။

'အိမ်မှာကျတော့ မေဥယျာဉ်ကြောင့်၊ လမ်းမှာကျတော့
…တွေတစ်မျိုးထင်မှာစိုးလို့၊ ကျောင်းမှာမခေါ်ရင် ကိုယ်က ဘယ်
…ခေါ်ရမလဲပြော'



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းက နှုတ်ခမ်းမဖွင့်ဘဲပြုံးသည်။

'တော်ကြာ… အတန်းတက်တော့မှာ'

'မတက်နဲ့တော့လေ'

'အို… မဟုတ်တာ'

မင်းညီလာက ဟက်ခနဲရယ်၍…

'တကယ်ပြောတာ၊ ဒီတစ်ချိန်တက်ပြီး အတန်းဖြုတ်

လေ၊ ဒီတစ်ချိန်ကလည်း ဝင်မယ့်ဆရာ ဦးစန်းလွင်ဦးက

မိန်းမ ကလေးမွေးလို့ ခုနလေးတင်ပဲ ပြန်သွားပြီ၊ အဲဒါကြောင့်… အတန်းထဲမှာ မင်းပျင်းနေမှာစိုးလို့ ကိုယ်လာခေါ်တာ'

'ဂမုန်းကဖြင့် မပျင်းပါဘူး၊ ဆရာမလာလည်း စာကျ

နေတာပဲ'

'တစ်ခါတလေ… အဲဒီအချိန်လေး ကိုယ့်ကိုပေးကွာ'

အနောက်စောင်းတန်းရဲ့ထောင့်နားက ခုံတန်းလေးမှာ

မင်းညီလာထိုင်တော့ ဂမုန်း မတ်တပ်လေးရပ်နေမိ၏။

သူမ ယှဉ်ထိုင်မချဝံ့ပေ။

သူ ဂမုန်း လက်ဖဝါးလေးကို တစ်ချက်ဖျစ်ကာ…

'ကိုယ်… ဆင်ဖြူကျွန်းကို ဘာဖြစ်လို့ နောက်တ

ခေါက်ပြန်လာခဲ့တာလဲ မင်းသိလား'

ဂမုန်း သူ့ကို ကြည့်နေမိ၏။

'မင်းကို လက်ထပ်ပြီး ရန်ကုန်တစ်ခါတည်း ခေါ်လာ

မလို့'





ဂမုန်း ရှက်သွားရပြန်ပြီ။

ဒါဟာ မယုံကြည်ထိုက်တဲ့ စကားပေမယ့် ယုံကြည်စွာ

…နိမ့်မိနေတာ သူမ အပြစ်ရှိနေပြီဆိုလျှင်…

မင်းညီလာက စကားတစ်ခုကို ပြောသင့်မပြောသင့်

…ဆနေသလိုမျိုးနဲ့ ဂမုန်းကို စိုက်ကြည့်နေပြီးမှ…

'ဒီစကားက အမှန်ပဲ ဂမုန်း၊ ဘာဖြစ်လို့ ကိုယ် အဲဒီလို

…ဖြတ်ခဲ့ရသလဲ မင်းသိလား၊ မင်းကို ကိုယ်မေ့မရအောင် ခံစား

…နေတဲ့အချိန်မှာ ကိုယ့်ဆီကို မင်းအစ်ကိုရောက်လာတယ်'

'ဟင်… ကိုကြီးရောက်လာတယ် ဟုတ်လား၊ ကိုကြီး

…ယ်မှာလဲဟင်၊ သူရှိတဲ့နေရာ ကိုလေးသိတယ်ပေါ့၊ ဝမ်းသာ

…တ်တာ ဂမုန်းလေ ရန်ကုန်မှာ တစ်ကောင်ကြွက်ပါလားဆိုပြီး

…ငယ်လိုက်ရတာ'

'သူရှိတဲ့နေရာ ကိုယ်သိတယ် ဂမုန်း၊ ဒါပေမယ့် မင်း

…လို့ မရဘူး'

'ဘာဖြစ်လို့လဲ ကိုကြီးက ဘယ်မှာနေတာမို့လို့လဲ'

သူ ဂမုန်းမျက်နှာလေးကို ကရုဏာမျက်ဝန်းများနှင့်

…တန်ကြာစိုက်ကြည့်နေခဲ့ပြီး…

'သူ… မရှိတော့ဘူး ဂမုန်း၊ ဆုံးသွားပြီ'

'ဟင်…'

ဂမုန်းကိုယ်ကြီးတစ်ခုလုံးဟာ လေလျော့သွားတဲ့ ပူဖောင်း

…ကြီး တစ်ရပ်လို ချက်ချင်း ဘုံးဘုံးကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်း ကျောင်းဝိုင်းထဲမှာပေမယ့် ရှိုက်ကြီးတငင်ငင် ငိုပစ်လိုက်မိလေသည်။

မင်းညီလာ လူရှိနေသောပတ်ဝန်းကျင်ကို တစ်ချက်ကြည့်၍ ဂမုန်းရဲ့ငိုယိုနေမှုကို တားဆီးခြင်းမပြုဘဲ ကြည့်နေလိုက်၏

'သူ... ဘာအလုပ် လုပ်သလဲဆိုတာ မသိပေမယ့် အမှောင်ဆိုတာကို ကိုယ်သိထားတဲ့အတွက် သူဆုံးသွားတော့ သူရယ် သူနဲ့ပါလာတဲ့ အဲဒီပစ္စည်းတွေရယ်ကို သက်ဆိုင်ရာ ကိုယ်အပ်ပစ်လိုက်တယ်၊ အဲဒီအတွက် ကိုယ့်ကို ခွင့်လွှတ်ပါ မသန့်ရှင်းတဲ့ ပစ္စည်းတွေကို မင်း မစံစားစေချင်ဘူး၊ ပြီးတော့ မင်းရဲ့ သန့်ရှင်းတဲ့ဘဝလေးကို တစ်သက်လုံးစောင့်ရှောက် ကိုယ် ဆုံးဖြတ်ခဲ့လို့လည်း ဆင်ဖြူကျွန်းကို လိုက်လာခဲ့တာ'

သူ ဂမုန်းကို လှည့်ကြည့်၍...

'မျက်ရည်တွေ သုတ်လိုက်ပါ ဂမုန်းရယ်၊ မောင်နှမ ပူဆွေးတာကို အပြစ်မဆိုသာပေမယ့် ကိုယ့်ဘဝနဲ့ချီပြီး ထိခိုက် ခံစားတာမျိုးတော့ မလုပ်နဲ့ကွာ'

မင်းညီလာက ဂမုန်း လက်ဖဝါးလေးကို သူ့ဘက် ဆွဲယူကာ အိတ်ထဲက တစ်စုံတစ်ရာကို နှိုက်ယူလိုက်၏။

သူ့လက်ထဲမှာ ပါလာသည့် လက်စွပ်လေးတစ်ကွင်းက ဂမုန်းရဲ့ ဖောင်းပြည့်သွယ်လျသော လက်သူကြွယ်လေးမှာ စွပ်လိုက်ပြီးသား ဖြစ်သွားကာ...





'အဲဒါ... စေ့စပ်လက်စွပ်နော်၊ ခုတစ်ခါတည်း အားရအောင်ငိုပြီးရင် စားကြီးစား၊ မင်းကျောင်းပြီးတာနဲ့ လက်ထပ်မယ်၊ မင်းမှာ ချစ်သူတော့ မရှိသေးဘူး မဟုတ်လားဟင်'

ဂမုန်း အာရုံတွေတွေပြားကုန်အောင် သူလုပ်တာလား။ မျက်ရည်မစဲနိုင်ခင် ရှက်ကြောက်ရ၏။

'ကိုလေးမှာ စေ့စပ်ပြီးသားဆို'

'ဟုတ်တယ်... ဒါပေမယ့် သူ့မိဘတွေက ကိုယ်ထက်သာတယ်ထင်တဲ့ သမက်လောင်းတွေ့လို့ စေ့စပ်ထားတာကို ဖျက်ချင်နေတာ ကြာပါပြီ၊ ပြောရခက်နေတာ'

'မသီရိနိုင်ကတော့ ကိုလေးကိုသဘောကျနေတာမဟုတ်လား'

မင်းညီလာက ဖျတ်ခနဲလှမ်းကြည့်၏။

'အဲဒါတွေ... မင်း သိနေတယ်'

'ကျောင်းမှာ... သူ ကိုလေးကို လာလာကြိုနေတာမြင်တော့ ကျောင်းသူတွေ ပြောကြတာလေ'

သူ ခေါင်းညိတ်ခံလိုက်လေသည်။

○



www.burmeseclassic.com

www.burmeseclassic.com



'သား… လာတုန်းက ပြောသွားတယ်'

ဦး စကားစလိုက်သည်နှင့် ဂမုန်း ဒိန်းခနဲ ရင်ခုန်သွားသည်။ မျက်နှာကို ဘယ်မှာ သွားဝှက်ထားရမှန်းမသိ ဖြစ်သွားမိ၏။ ဦးမျက်နှာမှာ တမ်းတခြင်း မရှိသလို ပြုံးရယ်နေတာမျိုးလည်း မဟုတ်ပေ။

'သားနဲ့သမီးတို့ မေတ္တာမျှနေကြသလား'

'ရှင်…'

'သားကတော့ သမီးနဲ့ လက်ထပ်ဖို့ သူရည်ရွယ်ထားတဲ့အပြင် ဟိုအရင် အညာကို သူ အလည်သွားကတည်းက သမီးနဲ့ ဆုံစည်းခဲ့တာဖြစ်ကြောင်း ဦးကို အားလုံးပြောသွားခဲ့တယ်၊ သမီး ဒီကို ရောက်လာခဲ့တဲ့အကြောင်းဟာလည်း ပညာကြောင့် သက်သက်ဆိုတာ ဦးတို့ သိခဲ့တာပဲ'

ဦးမျက်နှာက နူးညံ့သိမ်မွေ့နေ၏။



'အေးလေ… တိုက်တိုက်ဆိုင်ဆိုင် သမီး သားဆီကို ရောက်လာတာကိုက ဖူးစာမှန်လို့ပဲပေါ့၊ ဒါပေမယ့်… ပညာကိုတော့ ဆုံးအောင်သင်ကွဲ၊ ဒီကြားထဲမှာ သားကလည်း ပူဆာတယ်၊ သမီးရဲ့သိက္ခာလည်းရှိတယ်ဆိုတော့ စေ့စပ်ထားမှဖြစ်မယ်'

'ဟင်…'

ဂမုန်း အံ့သြခြင်းလည်းဖြစ် ထိတ်လန့်သလိုလည်း ဖြစ်တာ ငြင်းဖို့ဆိုတာ စိတ်က သတိရပေမယ့် မငြင်းဖြစ်လိုက်တာ ဘာကြောင့်မှန်း မသိပေ။

'သမီးရဲ့ မိဘများနဲ့ မိသားစုအကြောင်း အကြမ်းသဘောလောက်တော့ ဦး သိထားပြီးပြီ၊ ဒီတော့ နှစ်ဘက်အုပ်ထိန်းသူ ခဲ့ညီမှာ မဟုတ်တဲ့အတွက် လောလောဆယ်တော့ သီရိနဲ့ စေ့စပ်ထားတဲ့ကိစ္စကို အရင်ရှင်းရမယ်၊ ပြီးမှ… သမီးနဲ့ စေ့စပ်တဲ့ သတင်းကို သတင်းစာထဲ ထည့်ပေးမယ် ဟုတ်လား'

'ဟို… ဂ… ဂမုန်းလေ'

'ပြော… သမီး ရဲရဲပြော၊ သားကို သမီးဘက်က လက်ခံနိုင်စရာ ရှိနေသလား၊ ဦးဘက်ကတော့ သားကို စိတ်ချမ်းသာစေချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားကို မငဲ့ဘဲ ဦးက ကိုယ်စိတ်ချမ်းသာရာကို ရှာခဲ့မိတာရှိခဲ့တယ်၊ ဒါကြောင့် သားဖြစ်ချင်တာကို အတတ်နိုင်ဆုံးဖြစ်အောင် ဖြည့်ဆည်းပေးချင်တယ်၊ တကယ်တော့ သီရိနဲ့သား စေ့စပ်ဖြစ်သွားတာလဲ သူ့ သဘော



www.burmeseclassic.com

www.burmeseclassic.com



မပါခဲ့ဘူးဆိုတော့ ဦးတို့အားလုံးသိတယ်၊ သားဟာ အားလုံးရဲ့ သိက္ခာအတွက် သူ အနစ်နာခံပြီး ကာကွယ်ခဲ့တာ၊ ဒါပေမယ့် မရပါဘူး၊ သူမှ လက်မခံနိုင်တာ စိတ်တွေလေပြီး အညာရောက် သွားတာ အဲဒါကြောင့်ပါကွယ်'

ဦးမင်းကျော်ဇင် မျက်ဝန်းမှာ လွန်စွာကြေကွဲ ခံစားနေ ဟန်များက ထင်ရှားစွာပေါ်လွင်နေသည်။

'သမီးကိုတော့… သူ့ တော်တော်မြတ်နိုးနေရှာတယ်ဆို တာ ဦး အကဲခတ်မိတယ်၊ ဒါ့ကြောင့်… ဒီလက်ထပ်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ဖို့ ဦးစိတ်ကူးခဲ့တယ်၊ သမီးက… ကျောင်းရှိနေတော့ လောလောဆယ် စေ့စပ်ရုံပေါ့လေ၊ ဒါပေမယ့် သမီးဘက်က သားကို သဘောမကျတာ ရှိနေတယ်ဆိုရင်တော့ ငြင်းခွင့်ရှိတယ်၊ ဒါပေမယ့်… ကာယကံရှင်ရဲ့ ဆန္ဒမပါဘဲ ဖွတ်စီစဉ်လို့ရတဲ့ ကိစ္စမှ မဟုတ်ဘဲ၊ ကဲ… သမီးပြောလေ'

ဂမုန်း မပြောတတ်တော့ပါ။

ကိုလေးအပေါ် တာဝန်မကျေခဲ့ရတဲ့ ဖခင်အဖြစ် ရောဂါ သည်ဦးဟာ ကိုလေးစိတ်ချမ်းသာအောင် တာဝန်ကျေပေးချင်ရှာ ပေလိမ့်မည်။ သူမဘက်ကလည်း မမမေရှိနေတာကို မေ့လို့မရ ပါ။ ဦးက အခန်းထဲမှာပဲ နေရတဲ့ ရောဂါသည်…

ဒါတောင် ဂမုန်းရောက်လာမှ ပိုးချယ်နဲ့ ခြံထဲဆင်းကြည့် ခွင့် လေကောင်းလေသန့် ရှူရှိုက်ခွင့် ရခဲ့တာမို့ သက်သာခဲ့ရ





သည်။ ဂမုန်းနက်ဆိုသော မိန်းကလေးဟာ သူ့အတွက်တော့ အလွန်တန်ဖိုးရှိသော သမီးလေးတစ်ဦးပါပဲ။

ကျောင်းပိတ်ရက်တွေဆို ပိုးချယ်ပေါ်ပြောင်းတင် စိတ် ရှည်လက်ရှည်တွန်း၍ ရယ်စရာတွေပြော ဟိုမေးဒီမေး…

ညစဉ်ညတိုင်း တရားစာအုပ်၊ ဝတ္ထု၊ မဂ္ဂဇင်းကအစ ဖတ်ပြတတ်သေးသည်။ အင်မတန် ချစ်စရာကောင်းသည့် သမီး လေးသဖွယ်ပါ။ သူ ဂမုန်းကို လက်ဝတ်လက်စားတွေ အတင်း ဝတ်ခိုင်း ပြီး ကြည်နူးစွာ ကြည့်နေမိ၏။

သူ လူရွေးမမှားနိုင်ပါ။

သားကလည်း ကံကောင်းပါလိမ့်မည်။

ဒါမှမဟုတ် သူတို့သာမက ဒီတစ်ခါ ထပ်မှားကြဦးမည် ဆိုလျှင်ဖြင့် သူ ကျေနပ်စွာနဲ့သာ…

○

www.burmeseclassic.com

www.burmeseclassic.com

‘ငါ့… ပစ္စည်းတွေနဲ့ ပတ်သက်လို့ မင်းဘာမှ မေးစရာ မလိုဘူး မေ၊ ပစ္စည်းဆိုတာ ဓားထိုက်မှ စားရတာ၊ မင်းနဲ့ထိုက်ရင် မင်းရမှာပေါ့၊ ငါ့မှ… မသေသေးတာ၊ ဘာဖြစ်လို့ အမွေစကား လာပြောနေတာလဲ’

‘ပြောရမှာပဲ ဦးကျော်၊ ဦးကျော် သက်ရှိထင်ရှားရှိတုန်း ဘာမှ စီစဉ်မပေးခဲ့ရင် မေက ညီ့ဆီက လက်ဝါးဖြန့်ဖြန့် နေရမှာလား၊ အခုပဲ နိုင်ငံခြားမှာရှိတဲ့ ဖက်စပ်လုပ်ငန်းတွေကို သူလုပ်တော့မယ်၊ ချွေးမ မဖြစ်သေးတဲ့ မိန်းကလေးက မျိုးဆက်ရတာမှာ တွေ့ဝတ်လို့ မေ လုံးဝ မကျေနပ်နိုင်ဘူး’

‘ဒါက… မျိုးဆက်ခံမယ့် သားသမီးကို မိဘဝတ္တရားအတိုင်း ပေးတာပဲ မင်းနဲ့ ဘာဆိုင်လဲ’

‘မဆိုင်ဘူးဆိုလည်း ဆိုင်တာပဲပြောမယ်၊ မေ့အတွက် အမွေကိစ္စ စီစဉ်ပေးဖို့ ဦးကျော် အမြန်ဆုံး ဆုံးဖြတ်ပါ၊ အခု… မေ ဘာမှ ထင်သလိုမဝတ်ရဘူး၊ မသုံးရဘူး၊ ဦးမင်းကျော်ဇင်ရဲ့





ဆိုတဲ့ပါဝါ ဘာမှမရှိဘူး၊ ဒီအိမ်မှာ အိမ်ဖော်တောင် မလေး ချင်ဘူး၊ အဲဒါတွေကို မေ အခွင့်အရေး ဆုံးရှုံးမှုနဲ့ သက်ဆိုင် စကားပြောရလိမ့်မယ် ဒါပဲ’

‘ခက်ပါလားအေ’

ဦးမင်းကျော်ဇင် စိတ်ပျက်စွာ ခေါင်းယမ်းမိလေသည်။ တော့ သူပြောချင်ရာပြောပြီး ထွက်သွားပြီဖြစ်သည်။

သူ့မှာ ကိုယ့်ရောဂါနဲ့ကိုယ်တောင်မှ ငြိမ်ငြိမ်လေး မခံစား ပါလား။ မေ လှေခါးထိပ်ရောက်တော့ ရေနွေးဖတ်တိုက်ဖို့ ရေနွေးဇလုံလေးနဲ့ စောင်ပိုင်းလေး ကိုင်တက်လာသည့် ဂမုန်းကို တွေ့လေသည်။

ခုနစ်ဖော်ဆွဲကြိုးရှည်နှင့် ခုနစ်ဖော်လက်ကောက်၊ လက် ပ်တွေ ထပ်ညပ်ကာ ရောက်စကနဲ့ လုံးဝမတူဘဲ နဖတ်အိစက် နေအောင် လှသည့် ဂမုန်းကို အပေါ်စီးက စိုက်ကြည့်၍ နှုတ်ခမ်း မဲ့၏။

‘ဟုတ်တယ်… ငါက အသက်ကြီးပြီး မင်းလို ပညာ မကြွယ်ဝခဲ့တာ’

ခါးနှစ်ဖက်ထောက်၍ နာကြည်းသံနှင့်ပြောသည်။

ရှေ့ဆက် မသွားသာအောင် ပိတ်ရပ်ထားတာကြောင့် ဂမုန်း ဘာပြောမှန်း နားမလည်နိုင်ဘဲ နေရာမှာသာ ခြေစုံရပ်နေ လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း… ညီ့ကို အပိုင်ဖမ်းရအောင် ဒီရောက်လာခဲ့တာ မဟုတ်လားဟင်'

'ရှင်… မဟုတ်ဘူး မမမေ၊ ကိုလေး… ဒီမှာရှိနေတာကို ဂမုန်း လုံးဝ မသိပါဘူး'

'အိုမပြောနဲ့၊ အစက မသိခဲ့ရင်တောင် ဒီအိမ်မှာ မင်းညီလာဆိုတဲ့ တစ်ယောက်အကြောင်းကို မသိဘဲမနေဘူး မင်း မျှော်လင့်ပြီး ထွက်မသွားတာ၊ ထမင်းကျွေးတဲ့လက်ကိုကိုက်တဲ့ မိန်းမ၊ သားရေပေါ်အိပ် သားရေနားစား၊ ကျေးဇူးကန်းတဲ့ ငမန်းမျိုး'

BURMESE CLASSIC .com

'မဟုတ်ပါဘူး… မမမေရယ်၊ ဂမုန်းလေ…

'မပြောနဲ့၊ တော်… မင်းကြောင့် ဒီအိမ်မှာ ပြဿနာတွေဖြစ်၊ စိတ်တွေဆင်းရဲကြ၊ ဒါတွေကို မင်း မသိဘူးလား၊ မသိချင်ယောင်ဆောင်နေတာ မဟုတ်လား၊ ဟင်း… မင်းဟာ သိပ်ကို ငွေမက်ပြီး မျက်နှာပြောင်တဲ့မိန်းမ'

'မမမေ…'

ဂမုန်း နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ကာ မျက်ရည်တွေဝေ့တက်လာ၏။ သူမ မော့ကြည့်နေမိသော မေ့မျက်ဝန်းများမှာလည်း မျက်ရည်တွေ ပြည့်လျှမ်းလို့ပါပေ။

မေ့ရဲ့ ရင့်သီးသော စွပ်စွဲပြောဆိုမှုများကို ခံပြင်းနာကြည်းမှု ဂမုန်း မဖြစ်ခဲ့ပါ။ ဒေါသလည်း မဖြစ်မိပေ။





သို့သော် သူ့အပေါ်ကောင်းရှာသော မေ့မျက်ဝန်းများမှ မျက်ရည်များကြောင့် သူမ အရည်ပျော်မတတ် ပူလောင်သွားခဲ့သည်။

ငါ အပြောခံရလေခြင်းဆိုတာထက် 'မမမေ ခံစားနေရပါလား' ဆိုသော သနားကြင်နာခြင်းသာ ရင်မှာ ဖြစ်လေသည်။

မေကတော့ သူမကို လက်ညှိုးငေါက်ငေါက်ထိုး၍…

'ညီ့ကို ငါမရခဲ့ပေမယ့် ဘယ်သူနဲ့မှလည်း ပေါင်းဖက်သွားတာ မကြိုက်ဘူး၊ ဒါကြောင့်… ငါ မိန်းမကြမ်းကြီး လုပ်နေတာ သိလား၊ ခုတော့… ဘာမဟုတ်တဲ့ ငါ့အိမ်က အလုပ်သမားနဲ့ဖြစ်သွားတယ်၊ ငါ့ရင်ထဲကို မင်းဝင်ကြည့်စမ်း ဂမုန်း၊ မင်း… ငါ့ရင်ထဲကို ဝင်ကြည့်စမ်းပါ'

'မမရယ်… ဂမုန်း… ဂမုန်း ကိုလေးကို ချစ်တာ…'

'မပြောနဲ့၊ မချစ်ရဘူး၊ မင်း… ညီ့ကို မချစ်ရဘူး'

'အား…'

မေ စိတ်မထိန်းနိုင်ဖြစ်ကာ ဂမုန်း လက်နှစ်ဖက်ကို ဆွဲခါနေဆဲ ဂမုန်းခြေတစ်ဖက်က လှေခါးထစ်ဘေးကို ကျော်နင်းမိတာ နောက်ကို ယိုင်ခနဲဖြစ်သွားသည်နှင့် လှေခါးပေါ်မှ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေသည်။

'ဟာ… ဂမုန်း'

ထိုအချိန်မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



မင်းညီလာသည် လှေခါးကြီးပေါ် ပြေးတက်လာကာ ဂမုန်း
ဖမ်းယူဖို့ ကြိုးစား၏။ သို့သော် အနည်းငယ်မတ်သော လှေခါး
ပေါ်မှကျသည့် အရှိန်ကြောင့် မင်းညီလာ ဟန်ချက်ပျက်ကာ နှ
ယောက်လုံး လုံးထွေးပြုတ်ကျသွားလေသည်။

ကံကောင်းထောက်မ၍ လှေခါးရဲ့ ဒုတိယ တစ်ဆစ်ချိုး
ကွေ့မှာ ဆက်ကျမသွားအောင် မင်းညီလာ ထိန်းလိုက်နိုင်၏

'ဂမုန်း… ဂမုန်း…'

သူ ဂမုန်းကို ဖက်၍ ကာကွယ်ခဲ့ပါသည်။

သို့သော် ဂမုန်းနဖူးမှာလည်း သွေးကျလျက် သူ့ရင်ခွင်
ထဲမှာ သတိလစ်နေလေသည်။

'ဘယ်လိုဖြစ်ကြတာလဲ လူလေးရယ်'

အလုပ်သမားတွေ စုပြုပြေးရောက်လာကြ၏။

မင်းညီလာ အားလုံးကို ပြန်လွှတ်၍ မူးနောက်နာကျင်
သွားသည့်ခေါင်းကို ခါထုတ်ပစ်လိုက်သည်။

'ဂမုန်း…'

နောက်တစ်ခါ ဂမုန်းရဲ့ မေးဖျားလေးကို လှုပ်ခေါ်တော့
ဂမုန်း လွန့်လူးလာသည်။

'ဟော… လူလေး၊ သမီး… သမီး သတိရလာပြီ'

အနားမှာရှိနေခဲ့သည့် ဒေါ်ဖြိုးက ဝမ်းသာအားရပြော
သည်။ သူ ကြည့်နေဆဲမှာ ဂမုန်းမျက်လုံးတွေ တဖြည်းဖြည်း
ပွင့်လာ၏။





'ဒေါ်ဖြိုး… ဆရာဝန်ဆီ ဖုန်းဆက်ပေးပါ၊ အမြန်ဆုံး
ပါလို့'

'အေး… အေး…'

ဒေါ်ဖြိုး အပြေးအလွှား ထွက်သွား၏။

'ဟင်… ကိုလေး'

'ဂမုန်း…သက်သာလားဟင်၊ ခေါင်းက သိပ်နာနေလား'

ဂမုန်း ဘာမှမပြောဘဲ မင်းညီလာရဲ့ မျက်နှာကိုပဲ မျက်
ုံးပြူးလေးနဲ့ မော့ကြည့်နေခဲ့၏။

*'မင်းကြောင့်… ဒီအိမ်မှာ ပြဿနာတွေဖြစ်၊ စိတ်တွေ
င်းရဲ့ကြ၊ ဒါကို မင်းမသိဘူးလား'*

*'မင်း… မသိချင်ယောင်ဆောင်နေတာ မဟုတ်လား၊
သိပ်ကို ငွေမက်ပြီး မျက်နှာပြောင်တဲ့မိန်းမ'*

*'ထမင်းကျွေးတဲ့လက်ကို ကိုက်တဲ့မိန်းမ'*

*'သားရေပေါ်အိပ်၊ သားရေနားစား ကျေးဇူးကန်း မေ့
ျှ'*

'မဟုတ်ဘူး…၊ ဂမုန်း… ကျေးဇူးမကန်းပါဘူး'

မျက်ရည်ပေါက်ပေါက်ကျကာ ဂမုန်း အတင်းရုန်းကန်
သည်။

'ဂမုန်း… မင်းဘာဖြစ်တာလဲ၊ ခေါင်းမှာလဲ ဒဏ်ရာ
တွေနဲ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… ဟင့်အင်း…'

ယိုင်ခနဲဖြစ်လိုက်…

လက်ယမ်းကို ဖမ်းကိုင်လိုက်နှင့် ဂမုန်း လှေခါးပေါ်က ဖွတ်တရှုတ် ပြေးဆင်းသွားသည်။

ဘာဖြစ်လို့ ဘာလုပ်မှန်းမသိတာကြောင့် လွှတ်ပေးလိုက်မိသော မင်းညီလာမှာ ဆွဲချိန်တားချိန် မရလိုက်ဘဲ နောက်ကျွှာ ပြေးလိုက်ရလေသည်။

'ဂမုန်း…ကိုယ်တောင်းပန်တယ်၊ ပြန်လာကွာ၊ မကျေနပ်တာရှိရင် နောက်မှပြောရအောင်နော်၊ ခေါင်းက ဒဏ်ရာကြီးနဲ့ မပြေးပါနဲ့၊ ဂမုန်း…'

စိတ်ကြောင့် ဖွတ်အတင်း ပြေးချလာခဲ့ကာ မင်းညီလာ အသံ ပြတ်တောက်သွားကာမှ ပြေးရင်း နောက်ပြန်လှည့်ကြည့်မိတော့ ခြံထဲမှ နောက်ပြန်လှည့်ဝင်ကာ ကားပေါ်တက်သွားသည့် မင်းညီလာကို မြင်လိုက်ရ၏။

ကားနဲ့လိုက်လာရင် မှီလာမှာမို့ ဂမုန်း အငှားကားတစ်စီး တားလိုက်သည်။

ကားပေါ်ရောက်တော့မှ ခေါင်းက တဆစ်ဆစ်ကိုက်ခဲကာ အုပ်ကိုင်လာခဲ့သည့် လက်ဖဝါး လက်ဖမိုးများမှာပါ သွေးတွေ ချင်းချင်းနီနေတာကို ဖြန့်ကြည့်လိုက်မိသည်။

သွေးမြင်မှ ပို၍ မူးဝေလာ၏။





'ဦးလေး… နောက်က ပရာဒိုခဲရောင်ကို ဖြတ်ခဲ့နိုင်အောင် မောင်းပေးပါရှင်'

'ဘယ်ကိုမောင်းရမလဲ ကလေးမ၊ သွေးတွေကလည်း များကြီးပဲ၊ ကျုပ်ကို အမှုပတ်တော့မှာပဲ'

'ဘာအမှုမှ မဖြစ်ပါဘူး ဦးလေးရယ်၊ မောင်နှမချင်း ခဲ့ဖြစ်လာတာပါ၊ မြန်မြန်သာ မောင်းပေးပါ၊ ဘယ်ရောက် ရောက်ပါရှင်'

'ဟော…'

ဒရိုင်ဘာ ကြိုးစားမောင်းပါသော်လည်း ကားက နှစ်မိုင်လောက်ပဲ မောင်းအပြီးမှာ တုံ့ဆွဲသွားသဖြင့် လမ်းဘေးမှာ ထိုးရပ်သွားလေသည်။

'ကဲ… ကံတရားပဲ သွငယ်မရေ'

'ဒီ…'

ကံကို ပုံမချနိုင်ပါ။

မင်းညီလာနဲ့ ဝေးရာကိုသာ သွားချင်နေသော ဂမုန်း ကားပေါ်က ကမန်းကတန်း ဆင်းပြေးခဲ့သည်။

နောက်တော့ တစ်စီးအမြန်ငှားစီးဖို့ကို စိတ်က သတိမရဘဲ… ကိုယ့်ခြေထောက်ထက် ဘာမှ မြန်သည်မထင်သော အလျှင်လိုမှုကြောင့် ပြေးသာပြေးနေခဲ့မိသည်။

ထိုစဉ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟော့…'

'ကျွိ…'

'အား…'

ဂမုန်း မျက်လုံးထဲမှာ ကားတစ်စီးရဲ့ ဦးခေါင်းကြီး ဘွားခနဲ မြင်လိုက်ရကာ ဘာဆိုဘာမှ မသိတော့ဘဲ ပုံကျမေ့မျော သွားလေသည်။

'သိမ်းပိုက်တို့ လုပ်ချလိုက်ပြန်ပြီကွာ'

နောက်ခန်းထဲက ညည်းသံသဲ့သဲ့ ထွက်လာသည်။

သိမ်းပိုက်ချမ်းက ကိုယ်တိုင်စိတ်ပျက်စွာ ကျွတ်ခနဲ စု သပ်လျက် တပ်ထားသည့် မျက်မှန်ကို ဆွဲချွတ်လိုက်၏။

ကိုယ့်ကားနဲ့ မတိုက်မိသေးဘဲ လဲကျသွားတာက ဘာ အလျော်လိုချင်လို့ ဟန်ဆောင်တာလား။

အကြံအဖန်တွေလား။

ကိုယ့်အကြောင်းနဲ့ကိုယ် ခရီးဖင့်သွားရတာကို မကျေနပ် ကာ သိမ်းပိုက်ချမ်း ကားတံခါးကို တအားဆောင့်ပိတ်၍ ရှေ့ ထွက်လာခဲ့သည်။

ဟင် သွေးတွေပါလား…

ကားနဲ့လည်း အလှမ်းကွာနေလျက်နှင့် ခေါင်းမှာ သွေး တွေရဲနေသော မိန်းကလေးကိုမြင်တော့ မျက်လုံးပြူးသွားခဲ့တာ အမှန်ပင်။





ထိုစဉ်မှာပင် ပရာဒိုကားတစ်စီးက အနီးနားမှာ ငြိမ့်ခနဲ ဦးရပ်လာသည်။

လူရှင်းနေသေးသော လမ်းပေါ်မှာမို့ လူတစ်ယောက်စ ယောက်စ ပြေးလာကြတာရှိကာ ထိုကားပေါ်မှ လူဆင်းလာမှ သာ…

'ဟင်…'

မမေ့ခဲ့သည့်အာရုံက ဖျတ်ခနဲ သတိရ၏။

မင်းညီလာကို သိမ်းပိုက်ချမ်း ချက်ချင်းမှတ်မိလေသည်။

မင်းညီလာသည် သူ့ကိုမကြည့်…

'ဂမုန်း…'

ဟု ခပ်ကျယ်ကျယ်လှမ်းခေါ်ကာ ဒရောသောပါး ပြေး သွားတော့မှ ရွှေအဆင်းတို့ လွှမ်းနေသော ဆံနွယ်များအောက်မှ ျက်နှာလေးကို သိမ်းပိုက်ချမ်း မြင်လေသည်။

'ဆံနီမ…'

○

www.burmeseclassic.com

www.burmeseclassic.com

လုံးဝကို မထင်မှတ်ခဲ့သည့်မြင်ကွင်း…။

ဂမုန်းကို ဒီနေရာမှာ လာတွေ့ရလိမ့်မည်ဟု သူ ဘယ်[illegible]မှ ထင်မထားခဲ့ပေ။ ထို့အတူ မင်းညီလာဆိုသော တ[illegible] တစ်ပါးသော ယောကျ်ားရင် ခွင်ထဲမှာ ဂမုန်းရှိနေလိမ့်မည်[illegible] မမျှော်လင့်ခဲ့ဘူး။

'ဂမုန်း… ဂမုန်း'

မင်းညီလာက ဂမုန်းမေးဖျားလေးကို စိုးရိမ်တကြီး လှ[illegible] ခါနေသည်။ တွေဝေမနေတတ်သည့်စိတ်က အနားကို ချက်ချင်[illegible] ရောက်သွားကာ…

'ကိုမင်းညီလာ ဂမုန်းက ခင်ဗျားနဲ့ ဘယ်လိုပတ်သက်[illegible]တာလဲ'

ဖျတ်ခနဲ အနားမှာ ဒူးတစ်ဖက်နှင့် ထိုင်၍ မေးပစ်လိုက်၏။ မင်းညီလာ သူ့ကို လှည့်ကြည့်သည်။

ခပ်စိမ်းစိမ်းပဲဖြစ်လျက် မှတ်မိပုံမပေါ်ပါ။





'ဆောရီးပဲ ငါ့ညီ၊ ကိုယ် မင်းကို မသိဘူး'

ဟုဆိုကာ ဂမုန်းကို ပွေ့မည့်ဟန်ပြင်၏။

'ခဏနေဦး'

သူ ဂမုန်းလက်မောင်းကို ဆွဲထားလိုက်ကာ မင်းညီလာက ဒေါသမကင်းသော အံ့ဩဟန်ရိပ်ရိပ်နှင့်ကြည့်၏။

'ဂမုန်းက ကျွန်တော်နဲ့ ငယ်သူငယ်ချင်း၊ ကျွန်တော် ဆင်ဖြူကျွန်းကပဲ၊ ဂမုန်းတို့အိမ်မှာ ခင်ဗျားတည်းခိုသွားတာ ကျွန်တော် သိတယ်'

'ဩော်'ဟု မင်းညီလာ ခေါင်းညိတ်လိုက်ပြီး…

'မင်း ကိုယ့်အိမ်လာလည်လို့ ရပါတယ်၊ ခုတော့ သူ့ကို ဆေးခန်းအရင်ပို့ဖို့က အရေးကြီးတယ်'

မင်းညီလာက ဂမုန်းကို ပွေ့ချီလိုက်၏။

'နေဦး၊ ဂမုန်းကို ခင်ဗျားက ဘယ်ခေါ်သွားမှာလဲ၊ ဂမုန်းရဲ့ လူကြီးတွေရော'

မင်းညီလာ စိတ်မရှည်တော့ပါ။

'သူ ကိုယ့်နောက်ကို လိုက်လာတာ၊ ကိုယ်တို့[illegible]တယ်၊ ဒီလောက်ဆို လုံလောက်ပြီထင်တယ်'

ပြော၍ ကားဆီ ပွေ့ခေါ်သွားသည်။

ဂမုန်းကိုယ်ပေါ်မှာ ညွတ်နေအောင် ဝတ်ထားသည့် လက်ဝတ်ရတနာများကို မြင်လိုက်ကာ သိမ်းပိုက် ကြောင်ရှောင်တောင် ရပ်ကျန်ခဲ့၏။ ဟုတ်များ ဟုတ်လေသလား။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် မဖြစ်နိုင်ဘူးဟု စိတ်ကိုချက်ချင်းအတည်ပြု ထွက်မယ့်ဆဲဆဲ ကားဆီသို့ ပြေးလိုက်ခဲ့သည်။

'ဟေ့လူ… ခဏနေဦး'

'သိမ်းပိုက်'

'တီ…'

ဆောင့်တီးလိုက်သော ကားဟွန်းသံနှင့် ခေါ်သံသြဲ ကြီးကြောင့် ခြေလှမ်းတုံ့သွားရာ ပရာဒိုကားလေးက ရှေ့ ထွက်သွားသည်။ နောက်ဆုတ်တာမဟုတ်ဘဲ လမ်းအတိုင်း ဆောင့်ထွက်သွားတာမို့ သူနှင့် ဝေးကွာသွားလေသည်။

မှင်တက်သလို ကြောင်တောင်တောင်ဖြစ်သွားသည် ကိုယ့်ကိုယ်ကိုပဲ ဒေါပွလာကာ အနားရောက်တော့ ကားဘီးကို ဒုံးခနဲ စောင့်ကန်ပစ်လိုက်မိ၏။

'တောက်'

တောက်ခေါက်သံက ခပ်ပြင်းပြင်း…။

'ဘာဖြစ်တာလဲ့ သိမ်းပိုက်၊ ဘယ်သူမို့လို့လဲ၊ ဘာပြော သွားတာလဲ'

သိမ်းပိုက်ချမ်း စတီယာရင်ကို ခပ်တင်းတင်းကိုင်ကာ ကားကို ဆောင့်ခနဲ ဖြစ်သွားအောင် ထွက်၏။

လိပ်စာတောင် ဘာမှန်းမသိလိုက်သည့်အဖြစ်။

ဂမုန်း ဘာတွေလျှောက်လုပ်နေတာလဲ။

ဘာတွေဖြစ်လို့ ဒီလူ့နောက် လိုက်လာတာလဲ။





သူပြောတာ တကယ်ဟုတ်နေသလား။

ရင်ထဲမှာ ဗလောင်ဆူနေသည်။

တစ်ခါတလေသာ သတိတရဆိုကတ်ပြီး အချိန်ပြည့် နေမရတာမျိုးလည်း မဟုတ်ခဲ့ပါဘဲ ရုတ်တရက် မြင်လိုက်ရသည့် ဘာမှာ ရင်ထဲမှာ အုန်းခနဲ ဒိုင်းခနဲ လျှောင်လှုပ်ကုန်တာ…။

နွေနေဆယ်စင်းလောက် ပူပြင်းနေတာ။ သူ့ကိုယ်သူပင် ဒုံသြမိသည်။ မဟုတ်ဘူး။ ဒါ မဖြစ်ရဘူး။ အဓိပ္ပာယ်မှ မရှိတာ။

'ကျွီ…' … 'ဟာ…'

ဆဲဆိုသံတွေ ညံသွားသည်။

ကျွိခနဲ မြည်သံကြီး ဟိန်းထွက်သွား၏။

အရှိန်သတ်နေသော ရှေ့ကားရဲ့ နောက်မြီးကို ဝင်ဆောင့် မိတဲ့အဖြစ်။

'သိမ်းပိုက်ရာ… မင်း'

ကားချင်းတိုက်မိပြီဆိုသော ဆူညံသံများကြောင့် လူတွေ အုံလာသည်။ ယာဉ်ထိန်းရဲတွေ လာနေကြပြီ။

ဦးလူမော် သိမ်းပိုက်ချမ်းကိုကြည့်၍ ရှုံ့မဲ့မဲ့နှင့် ကားပေါ် က ဆင်းချသွားသည်။ ရှင်းရပါတော့မည် ယာဉ်တိုက်မှု။

သိမ်းပိုက်ချမ်း ကားမောင်းလိုင်စင်ထုတ်၍ ငူငူကြီးပဲ ထိုင်နေခဲ့၏။ သူ ဘာဖြစ်နေသလဲ။

○



www.burmeseclassic.com

www.burmeseclassic.com

'မင်း ပညာလိုချင်လို့ ဒီလိုစွန့်စားထွက်လာတာ မဟုတ် လား ဂမုန်း၊ ဘာဖြစ်လို့ မဟုတ်တာတွေကို ခေါင်းထဲထည့် နေရတာလဲ'

'သိပ်ဟုတ်တာပေါ့ ကိုလေးရယ်၊ မိန်းမဘဝရဲ့ ဂုဏ် သိက္ခာဟာ အသက်ထက်တောင် တန်ဖိုးရှိသေးလား၊ ပညာ ဂမုန်းစွန့်ဟာ မဆန်းပါဘူး'

'မဟုတ်ဘူးလေ၊ ဂုဏ်သိက္ခာကိုပဲ ရှေ့တန်းတင်ကြည့် စမ်းပါဦး၊ မင်းအဆောင်မှာနေတယ်ဆိုတာ ဘာသိက္ခာရှိမှာမို့လို့ လဲ'

'အဆောင်မှာနေတဲ့ မိန်းကလေးတွေတိုင်း သိက္ခာမဲ့ကြ ပါဘူး ကိုလေး၊ နယ်ဝေးက လာပြီး စက်ရုံတွေမှာ လုပ်ကြ အိမ်ကို ငွေပို့ကြ၊ တချို့ဘွဲ့ယူပြီးတဲ့အထိ ဗိုင်းကောင်းကျောက် လုပ်နေကြတာ အများကြီးပါ၊ ဂမုန်းကတော့ သူများလို အလုပ် လုပ်ရင်း တက်လို့ရမှာမှမဟုတ်တာ'





'အဲဒါကြောင့် အိမ်ကိုပဲ ပြန်လိုက်ခဲ့ဖို့ လိုက်ခေါ်တာ၊ သူ ဘာမှထပ်ပြောမလာဖို့ ကိုယ် တာဝန်ယူတယ်၊ ဂမုန်းနဲ့အတူ ကိုယ်လာနေမှာ'

ဂမုန်း လုံးဝလက်မခံတော့ပါ။

'မမမေရဲ့ စကားလုံးကြားမှာ ဂမုန်းဘဝ သေခဲ့ပါပြီ ကိုလေးရယ်၊ ဂမုန်းကို ထပ်မနှိပ်စက်ပါနဲ့တော့၊ ကိုလေးလည်း ဂမုန်းကို မေ့နိုင်အောင် ကြိုးစားပါ'

'ဘာပြောတယ် ဂမုန်း'

'အို…အဆောင်မှာ သူများတွေကြားပါ့မယ်ကိုလေးရယ်'

'ကိုယ့်ကိုမင်းစိန်မခေါ်နဲ့နော် ဂမုန်း၊ မင်းကို ကိုယ် ပေါ့ပေါ့လေးချစ်ခဲ့တာ မဟုတ်ဘူး၊ ကိုယ်တင်မကဘူး၊ မင်းကိုချစ် တဲ့သူတစ်ယောက်ရှိသေးတယ်၊ မျှော်လင့်ခဲ့တာလည်း ရှိတယ်။ ဖေဖေ့စေတနာတွေကို မင်းက ဟိုမိန်းမမျက်နှာတစ်ခုတည်း ကြောင့် မေ့ပစ်ရက်တယ်'

ဂမုန်းမျက်နှာလေး ဆတ်ခနဲမော့လာသည်။

'ပြန်လိုက်ခဲ့ပါ ဂမုန်းရယ်၊ မင်းကို ကိုယ် ဒီမှာ လုံးဝ စိတ်မချဘူး'

'မလိုက်ဘူး ကိုလေး၊ ကိုလေးကို ဂမုန်းချစ်ပေမယ့် မမမေရဲ့ မျက်လုံးတွေကို ကြောက်တယ်'

ဂမုန်းက ဆွဲကြိုးတွေ လက်ကောက်တွေကို ချွတ်ပစ်၍



www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေ ဦးကို ပြန်အပ်ပေးပါ၊ ဂမုန်း ခုယူခဲ့ပေး အပြောင်အပျက်လုပ်တာ မဟုတ်ပါဘူး၊ မလုပ်သင့်မှန်းလည်း သိတယ်၊ ဒါပေမယ့်...'

'ခုပြန်ဝတ် ဂမုန်း၊ ဒါ မင်းနဲ့ကိုယ်စေ့စပ်ထားတဲ့အထိမ်း အမှတ်နဲ့ ဖေဖေကပေးခဲ့တာ၊ မင်းပိုင်ပစ္စည်း၊ ပြီးတော့ မင်း ဒီလို လုပ်ပြတာက ကိုယ့်ကို တရားသေကွာရှင်းလိုက်သလိုပဲ၊ အချစ် တစ်ခုကို အကြောင်းလေးတစ်ခုနဲ့ မင်း ခုချစ် ခုမုန်းလို့ရသလား'

'မဟုတ်ပါဘူး ကိုလေးရယ်'

'မဟုတ်ရင် ခုပြန်ဝတ်၊ မင်းကိုယ့်ကို ဒီလောက်အနိုင်ယူ ရရင် တော်ပါတော့၊ ကိုယ်အရှုံးပေးပါတယ်၊ တစ်ခုပဲ တောင်းဆို ချင်တယ်'

'ကိုလေး'

'နေဦး၊ မင်း ကျောင်းပြန်တက်ပါ၊ ကိုယ့်မှာ မင်းနဲ့စေ့စပ် ထားပြီးတဲ့ ခင်ပွန်းလောင်းဆိုတဲ့ စောင့်ရှောက်ခွင့်ရှိတယ်၊ အဲဒီ အတွက် မင်း ဘာမှလိုလေသေးမရှိအောင် ကိုယ်ထောက်ပံ့မယ်'

'ဂမုန်း'

'ထပ်မငြင်းနဲ့နော်၊ ကိုယ်ဒီထက် မလိုက်လျောနိုင်ဘူး၊ အဆောင်မှာနေပြီး အလုပ်လုပ်မယ်၊ ကျောင်းထွက်မယ်ဆိုတာ အဓိပ္ပာယ်မရှိတာကို'

ဂမုန်းထပ်ငြင်းမှာစိုး၍ မင်းညီလာ နေရာမှ ထထွက်





သွားကာ အဆောင်မှူးနဲ့သွားတွေ့သည်။ ဂမုန်းကို အထင်မသေး အောင် အခြေမဲ့အနေမဲ့ဟု မထင်ရအောင် ပြောသင့်သလောက် ကို အကျိုးအကြောင်းပြောပြ၍ သေချာအပ်နှံသည်။

အဆောင်မှူးကလည်း ခေါင်းတညိတ်ညိတ်နှင့် မင်းညီလာ နဲ့ ပြေလည်နေ၏။ ခဏကြာမှ ပြန်ရောက်လာပြီး...

'ကိုယ်ပြန်မယ်၊ လိုက်ပို့ဦး'

ကားနားထိ ဂမုန်းပါလာတော့ မျက်နှာလေးကို လှည့် ကြည့်ကြည့်နှင့်...

'မျက်နှာကြီးကလည်း ညှိုးပုပ်နေတာပဲကွာ၊ မကျေနပ် နေတာ သိသာလိုက်တာ၊ ပြန်မလို့ဟာ၊ နည်းနည်းလေးတောင် ပြုံးမပြတော့ဘူးလား'

'ကိုလေးကလည်း'

ဂမုန်း ခပ်သဲ့သဲ့လေး ပြုံးပြတော့ ထိပ်ကို လက်ဖျားနဲ့ ဆတ်ခနဲ ပုတ်သည်။

'ကိုယ်တော့ မုန့်ကျွေးချော့ရတော့မယ် ထင်တယ်'

ဟု ခပ်တိုးတိုးပြော၏။ ဂမုန်း ကြာရှည်မပြုံးနိုင်ပါ။ သူမ အတွေးထဲမှာ မမမေ မျက်နှာကြီးကို ဖျောက်လို့ မရ။ ကိုလေး ဒီမှာ ဝင်ထွက်သွားလာနေတာသိလျှင် မမမေ ရောက်လာဦးမည်လား။

○



www.burmeseclassic.com

www.burmeseclassic.com

'အသားဖြူတာတွေ အများကြီးရှိတယ်ကွာ၊ ဖြူစွတ်စွတ် ဝက်ခြံပုန်းတချို့နဲ့လေ၊ ပါးမို့တွေရဲနေသလိုလို ဘာလိုလိုနဲ့ ကြည့်လိုက်တော့ ဝက်ခြံဖုတွေ'

'အင်း'

'တချို့ကျတော့ တစ်ကိုယ်လုံး သွေးတုံးကြီးလို နီမြန်းမြန်း ဖြူတာကြီး'

'ဘာကျန်သေးလဲ'

'ကျန်တာပေါ့၊ သူကကျတော့ ဒီလိုမဟုတ်ဘူး၊ ဖြူတာက ဝင်းဝင်းကလေးဖြူတာ'

'ကောင်းတာတွေ ပြောတော့မယ်'

သိမ်းပိုက်ချမ်းက နှုတ်ခမ်းတွန့်၍ ပြုံးသည်။

စိုင်းလိတ်က အားတက်သရောမပျက်ဘဲ ဆက်ပြောနေ၏။





'အေးပါ၊ ငါပြောတာ မပိုဘူးဆိုတာ မင်းမြင်မှာပါ၊ သူ့အသားလေးတွေက ဝင်းစိုပြီး ဝတ်တော့လည်း နုနုဖတ်ဖတ် အရောင်လွလွလေးတွေဆိုတော့ အဝတ်အစားရောင်နဲ့ သူ့အသားအရောင်က ရောပြီး ဆံပင်ရှည်တွေများ ဖြန့်လျှောက်လာရင် ပန်းတော်မှုံလေး တစ်စလွင့်လာသလိုပဲ'

'အင်း… နည်းနည်းစိတ်ဝင်စားလာပြီ'

ကားသော့ကို ဆော့နေရင်း သိမ်းပိုက်ချမ်းက စိုင်းလိတ်ဘက် လှည့်လာသည်။

'ငါလေ သူ ရွှေအိုရောင် လက်ပြတ် ခါးတိုလေးဝတ်ပြီး သူ့ရဲ့ရွှေရောင်ဆံပင်တွေကို ဖြန့်ချလာတိုင်း အသက်ရှူမှားခဲ့ရတယ်၊ ငေးနေခဲ့ရတယ်'

'ရွှေရောင်ဆံပင် မဟုတ်လား၊ ဆိုးထားတာ နေမှာပါ'

'မဟုတ်လောက်ဘူးကွ၊ မဟုတ်ဘူးလို့လည်း ကြားတယ်၊ သူ့ရဲ့အလှဟာ အဝေးကကြည့်တော့ ရင်ခုန်စရာကောင်းတယ်၊ ကပ်ကြည့်တော့ အသက်ရှူမှားတယ်'

'တော်ပါကွာ၊ အသက်ရှူမှားလောက်အောင် ချောတဲ့ မိန်းမ ငါ မတွေ့ဖူးသေးပါဘူး၊ မင်းပြောတဲ့တစ်ယောက်ကြောင့် ငါ အသက်ရှူတာကယ်မှားရမယ်ဆိုရင် ကြိုက်တဲ့လောင်းကြေးနဲ့ လျှော်ပစ်လိုက်မယ်'

'မင်းအပြောမကြီးနဲ့ သိမ်းပိုက်၊ မင်းတော်တာ ငွေရှာဖို့



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ၊ တကယ်အချောအလှတွေ စုဝေးနေတဲ့ တက္ကသိုလ်မြေ
မင်း မကျွမ်းပါဘူး'

'ထားပါတော့၊ ငါက ဖေဖေဆုံးသွားလို့ အဝေးသင်နဲ့
ဖြေနေရတဲ့ကောင်ပါ၊ မင်းအနိုင်ပြောလို့ရပါတယ်၊ ဒါပေမယ့်
မင်း ကြည့်ထား၊ မင်းတို့ဆေးတက္ကသိုလ်မှာ နှစ်များစွာ ရင်းနှီး
ပေးဆပ်ခဲ့ရသမျှ ဆရာဝန်ဆိုတာ ဖြစ်လာရင် ငါငွေပေးနိုင်
ပြမယ်'

သိမ်းပိုက်ချမ်းက ဖအေဆုံးသွားလို့ တက္ကသိုလ်မတက်
နိုင်ခဲ့ပေမယ့် ဆင်းရဲလို့မဟုတ်ပါ။

များပြားတိုးတက်နေသော စီးပွားရေးလုပ်ငန်းများကို အုပ်
ချုပ်မည့်သူ မရှိ၍ဖြစ်သည်။

သူ့လက်ထက်ကျမှ အရွယ်လေးငယ်ငယ် နာမည်က
ထည့်၍ စီးပွားရေးလုပ်ငန်းများက တစ်ဟုန်ထိုး တိုးတက်လာခဲ့
သည်။ ကိုယ်တိုင်လည်း ဝါသနာပါသည်။

စာတွေကျက်နေရတာကို ပျင်းတတ်သော သိမ်းပိုက်က
စီးပွားရေးမှာ အောင်မြင်သည်။

သူ့နောက်က အောင်မြင်မှု ပြယုဂ်အဖြစ် ဘွဲ့တစ်ခုကို
မဖြစ်မနေ ယူထားဖို့ပဲဖြစ်ကာ သိန်းပေါင်းများစွာကို နာရီပိုင်း
အတွင်း ရှာနေနိုင်တဲ့ လူငယ်တစ်ယောက်ဖြစ်သည်။

မိဘလုပ်ငန်းအပြင် နိုင်ငံခြားကွက်အတိုင်း သူ ကစား





၏။ သိမ်းပိုက်ချမ်းရဲ့ နာမည်တစ်လုံးက စီးပွားရေးသမား
. မသိသူမရှိပေ။

လိုက်ခဲ့စမ်းပါ။ လိုက်ကြည့်စမ်းပါ။ ပြောလွန်း၍ လိုက်ခဲ့
လည်း စိုင်းလိတ်လို မိန်းမတစ်ယောက်အပေါ် နုနုရွရွ
စားတတ်ပေ။ သူစိတ်ဝင်စားတာ စီးပွားရေးပဲဖြစ်သည်။

'အချစ်က မင်းနဲ့ ဝေးနေလို့ပါကွာ၊ လာပါ ခံစားကြည့်
ပါ၊ မင်းတကယ်ငိုင်ဆင်းသွားမယ်၊ မင်းရဲ့ရှုးရဲဖျတ်လတ်မှု
ခုလိုအပြောကြီးတတ်တာတွေ အလှတရားတွေရဲ့ရှေ့မှာ
ဆင်းသွားတဲ့အခါ နူးညံ့တတ်လာမယ်၊ နွေးနွေးထွေးထွေးရှိ
မယ်'

ခင်မင်တဲ့သူငယ်ချင်းချင်း၊ ခြံချင်းကပ်လျက်တွေမို့
တိုင်း ကြားနေရတဲ့စကားထဲ ဒီနေ့တော့ ထူးဆန်းတာကြောင့်

'မင်းအတွက်က ဘယ်ဆန်းမလဲကွ၊ မင်းက လူကိုဘယ်
ကြောရမလဲပဲ စဉ်းစားတာ၊ ဘယ်လိုအနိုင်ယူရမလဲပဲတွေးတာ၊
ဒါ အချစ်နဲ့ဝေးနေတဲ့သဘောပဲ'

သိမ်းပိုက်ချမ်းက ပြုံးနေသည်။

'ကဲ... ဆင်းစမ်းပါကွာ၊ ငါ မှန့်လိုက်ကျွေးချင်လို့ပါ'

'မဆင်းချင်ဘူးကွာ၊ မင်းတို့ကျောင်းသားတွေထဲက
ကားတစ်လုံးလောက် စွန်းထွက်လာရင် ငါ ခံနိုင်မှာမဟုတ်ဘူး'

'ဒါနဲ့ မင်း အားမယ်တတ်ဘူးဆို'



www.burmeseclassic.com

www.burmeseclassic.com



'မငယ်ပါဘူး၊ ငါပြောသားပဲ၊ မင်းတို့ဆရာဝန်‌ေ ငါနိုင်းပြမယ်လို့'

'ဒါဆို ဆင်းပါကွာ၊ ဟိုကလာရင် သေသေချာချာ ရမယ့် Seen ဖြစ်သွားအောင်လို့'

'မလိုပါဘူးကွာ၊ ဒီကကြည့်ရင် ဝင်ပေါက်ကို မြင်‌ တာပဲ၊ ငါကျေနပ်ဖို့ထက် မင်းကျေနပ်သွားအောင် ငါက လို ကြည့်ပေးတာပါ'

'အေးပါ၊ မင်းအပြောကြီးထားပါဦး'

စိုင်းလတ်က အံကြိတ်သံနှင့်ပြော၍

'ငါကလည်း သူလှတာကို မင်း အသိအမှတ်ပြုသွား တာကိုပဲ လိုချင်တာပါ၊ သူ့ကိုငါလည်း မှန်းလို့မရဘူး၊ မင်း ကြိုက်တယ်ဆိုရင်တောင် သနားတယ်လို့ ပြောရမှာ'

'ဘာဖြစ်လို့လဲ၊ ရည်းစားရှိနေလို့လား၊ ဒါများ ဒု ဆင်းရဲခံလို့ကွာ'

'ရည်းစားထက် ဆိုးတာပေါ့ကွာ၊ သူမှာ စေ့စပ်ပြီးသာ ကို ရှိနေတာ'

'ဟွန့်'

သိမ်းပိုက်ချမ်းက ပစ်ပစ်နှစ်နှစ်မဲ့ပစ်သည်။

'ဒါကြီးကိုများကွာ၊ ငါကတော့ မိန်းမဆို ကိုယ်ကမှ လိုက်ရင် အသန့်စင်ဆုံးဖြစ်မှ၊ ကိုယ်ပဲ နံပါတ်တစ်၊ ကိုယ် နံပါတ်နှစ်'





'ကိုယ့်ဘက်က ချစ်နေခွင့်လေးဆိုတာ မင်း မကြားဖူး လား'

'ဝါသနာကို မပါတာ'

'ဟာ··· ဟို··· ဟိုမှာ လာပြီ၊ တွေ့လား၊ ငါမြတ်နိုးတဲ့ ‌ အိုရောင်ကလေးနဲ့'

အဖြူရောင် တိုရိုတာကားလေးက ဖြည်းဖြည်းလေး ‌မှဝင်လာသည်။

'အဲဒါ သူနဲ့စေ့စပ်ထားတဲ့ ဘဲကြီးက အကြိုအပို့လုပ် ‌ားပေးတာ၊ သည်းသည်းကိုလှုပ်နေတာပဲကွာ၊ ဘယ်လောက်ထိ ‌ချစ်သလဲဆို သူက ဒီတက္ကသိုလ်က ကျူတာကွ၊ ကောင်မကလေး ‌ကို ချစ်ပြီးမှ အလုပ်ကထွက်သွားတာ'

ကားလေးက နီးလာတော့ မျက်နှာလှလှလေးတစ်ခုက ‌း‌ကပ်လာ၏။ သိမ်းပိုက်ချမ်းမျက်လုံးတွေ ဖျတ်ခနဲ စုကျုံ့သွား သည်။

'ခံနိမ'

ဟု ဖွဖွရေရွတ်လိုက်ကာ အလိုလို မတ်သွားသည်။

'ကြည့်··· သေချာကြည့်၊ မလှဘူးလား၊ ကားပေါ်ဆင်း ရင် ကြည့်ဦး၊ မင်း သူ့ကို ဟမ်း'

စိုင်းလိတ် တိုးလိုးတန်းလန်းကြီး ဖြစ်သွားသည်။ သိမ်းပိုက်ချမ်း ကားတံခါးဖွင့်ဆင်းလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အသက်ခပ်ကြီးကြီး ဒရိုင်ဘာကြီးရဲ့ကားမှ ဂမုန်းထ ဘယ်ကိုမှမကြည့် ကားရပ်တော့ ကားပေါ်က ဆင်းသည်။

'ညနေ လာမကြိုနဲ့တော့နော် ဘဘ၊ ကိုလေးကို ပြော ပေးပါ၊ ဂမုန်းဈေးဝယ်စရာရှိလို့'

'မဟုတ်ဘူး၊ သွားပြန်ကြိုခဲ့ဖို့ သူမှာထားတာ၊ ဘဘပဲ လိုက်ပို့ပေးမှာပေါ့'

ဂမုန်းခေါင်းခါ၍...

'ဟင့်အင်း... ဂမုန်းတစ်ယောက်တည်း သွားချင်လို့ပါ'

ဒရိုင်ဘာ ထပ်ပြောလာမှာစိုး၍ ဒီဘက်လှည့်ထွက်လာခဲ့ သည်။

'ဆံနီမ'

ဂမုန်း ခြေလှမ်းတုံ့သွားသည်။

ဆံနီမဆိုတာ သူမကို ခေါ်မည့်သူ တစ်ယောက်ပဲရှိသည်။ ဟုတ်ရဲ့လား။ ကိုယ့်ကိုဆို သတိထားတဲ့လူတွေက အများသားမို့ နောက်ကိုလည်း သမင်လည်ပြန်လှည့်မကြည့်ရဲ။

'ဟိတ်'

'အို'

လက်မောင်းကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆွဲလှည့်ခံလိုက်ရတာ မို့ ဂမုန်း ကိုယ်လေး ယိုင်သွားသည်။

တစ်ခါတည်းလည်း သေချာသွားခဲ့လေသည်။

သိမ်းပိုက်ချမ်း...အံ့ဩဝမ်းသာ၍နှုတ်ဆက်သည့် စကား





သုံးတို့က လည်ချောင်းဝမှာပဲ ပျောက်ဆုံးကုန်ကာ ဂမုန်းမျက်နှာ လေး နီရဲသွား၏။

ပတ်ဝန်းကျင်မှာ ကျောင်းသားတွေ ကြည့်ကုန်ကြလေပြီ။

'ဆံနီမ... နင် ဆေးတက္ကသိုလ်ရောက်နေတယ်ပေါ့၊ မ်းသာလိုက်တာဟာ၊ တကယ်ချီးကျူးတယ်'

ရှေ့မှာ ခါးထောက်ကုန်းကွလျက် တစ်လောကလုံးမှာ သူတစ်ယောက်တည်း ရှိနေသလိုလုပ်နေသည့် သိမ်းပိုက်ချမ်းကို မုန်းအံ့ဩစိတ်ပျက်သလို မော့ကြည့်မိသည်။

'ဘယ်လိုလုပ်လိုက်တာလဲ သိမ်းပိုက်ရယ်၊ ကျောင်းထဲမှာ ါကို အရှက်ခွဲလိုက်တာလားဟင်'

'ဟ... ဘာဆိုင်လဲ၊ ငါခေါ်လို့ နင်အရှက်ကွဲရအောင် ါက ခွက်ဆွဲထားတဲ့ သူတောင်းစားမှ မဟုတ်တာ၊ ဘာလဲ၊ င်က တက္ကသိုလ်ဝင်းထဲမှာမို့ မြင့်သွားတာလား၊ အခု ငါလှည့် ပြန်သွားလို့ရတယ်၊ နင် တစ်ခွန်းပဲပြော'

သိမ်းပိုက်ချမ်းမျက်နှာက ချက်ချင်းရဲတက်လာပြီး...

ခုမှတွေ့ရသည့် ငယ်သူငယ်ချင်းမို့ ဂမုန်း ပျာပျာသလဲ ခေါင်းခါသည်။

'မဟုတ်ပါဘူး သိမ်းပိုက်ရယ်၊ နင်က လက်ဆွဲလိုက် တော့ ငါ ရှက်သွားလို့ပါ၊ ငါတို့တွေ ကလေးမှမဟုတ်ကြတော့ တာ၊ နင် ဆင်ခြင်ဖို့ကောင်းတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ချမ်းက ဂမုန်းမျက်နှာကို အဖြေရှာသလို စူး
စိုက်ကြည့်ရင်း နှုတ်ခမ်းကို ခပ်ဖိဖိကိုက်ထားပြီး

'ဂမုန်း'

'ဟင်'

'ငါတို့ အေးအေးဆေးဆေး စကားပြောရအောင်၊ ခဏ
လိုက်ခဲ့'

'ဟင်'

သူမ ဘယ်အကြောင်းနဲ့မှ အတန်းမဖျက်လိုပေ။

'သိမ်းပိုက် ငါ… ငါတို့က အတန်းပျက်လို့မရဘူးဟ
တစ်ချိန်လောက်ပျက်သွားရင် အရမ်းပင်ပန်းတာ၊ နင်သွားစရာ
ရှိရင် ခဏသွားလိုက်လေ'

ဂမုန်းက နာရီကိုတစ်ချက်ကြည့်၍ တစ်ခုခုပြောဖို့ ပြ
စပ်ပြင်လျှင်…

'နောက်တစ်ခေါက်ပြန်လာဖို့က နင့်လိုပဲ ငါ့မှာလည်း
အချိန်ပေးစရာမရှိဘူး၊ ခုပဲလိုက်ခဲ့၊ နာရီဝက်လောက်ပဲ'

'ငါးမိနစ်လောက်ဆို အတန်းတက်ရတော့မှာ သိမ်းပိုက်
ရယ်'

အဲဒါ နင့်အပိုင်းဆိုတာသည့်သဘောနှင့် သိမ်းပိုက်ချမ်းက
ဘောင်းဘီထဲ လက်သည့်၍ ခပ်မော်မော်ကလုပ်လှည့်နေသည်။

'သိမ်းပိုက် ငါတို့ တစ်နေရာရာကို ချိန်းမယ်လေ'

'မလိုချင်ဘူး ဆံနီမ၊ ငါက ခုဆိုခုပဲ၊ ဒီလောက် နှစ်နှစ်





သုံးနှစ်ဝေးနေတဲ့ သူငယ်ချင်းချင်း နင် ဒီအချိန်လေးကိုတောင်
အနှံ့တိုရသလား'

'အချိန်ကိုမဟုတ်ဘူး၊ အဲဒီအချိန်ထဲမှာ'

'တော်ပြီ၊ ရပြီ'

သိမ်းပိုက် ချာခနဲ လှည့်သည်။

ဂမုန်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

'ငါ လိုက်ခဲ့မယ်'

သိမ်းပိုက်ချမ်း နှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။

○

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကို တစ်ဖက်လှည့်ထားလိုက်သည်။

တစ်မိနစ်သာသာလောက်ကြာမှ ပြန်ကြည့်တော့ မျက် လုံးချင်း ဒိုင်းခနဲဆုံသည်။

မျက်လွှာချပစ်လိုက်ရတာလည်း သူကြည့်နေမှန်းသိတော့ တော်တော်နဲ့ ပြန်မကြည့်ရဲတာကြောင့် ဖက်တွေညောင်းလာ သည်။

သိမ်းပိုက်ချမ်းက လက်ပိုက်မပျက်။ မျက်တောင် မခတ်

'သိမ်းပိုက်'

'ဘာလဲ'

'နင် ငါ့ကို ကိုက်စားဖို့များ အစီအစဉ်ရှိသလား'

သိမ်းပိုက်ချမ်းက ပြုံး၍ ဆံပင်တွေကို ဖွပစ်သည်။

'အင်း… နင်ပြောမှပဲ သတိရတယ်၊ အဲဒါဆို စိတ်ချ မှာ သေချာတယ်'

'ဘာရယ်'





သိမ်းပိုက်ချမ်း ထပ်မပြောတော့ပေ။

သူ့စကားအဓိပ္ပာယ် သူပဲသိသည်။

သူ ဂမုန်းရဲ့အလှမှာ ယစ်မူးခဲ့ပါပြီ။

သို့သော် သိမ်းပိုက်ချမ်း ဝန်မခံချင်ပါ။

ဂမုန်းမှာက ချစ်ရမည့်သူ ရှိနေပြီးသား။ လက်ထပ်ဖို့ထိ သေချာနေတဲ့သူ။ ဒီလောက်ထိ မြန်ဆန်စွာ ပြောင်းလဲသွားသည့် အဖြစ်တွေကို သူ အံ့သြမိသည်။

သူ့ရုပ် နည်းနည်းရင့်သွားသတဲ့။

အရုပ်လည်း ပိုရှည်လာတာ၊ လူကြီးတစ်ယောက်ထက် ကျော်မှာပဲ။ ဒါ သူ့ဘက်က ပြောင်းလဲမှု။

တွေ့တွေ့ချင်း ဂမုန်းက ဝေဖန်ခဲ့သည်။

ဒါပေမယ့်…

အရာရာပြောင်းလဲနေတာကိုတော့ သူ့ဘက်က လက်မခံနိုင်ပါ။ ဂမုန်းနဲ့ မင်းညီလာ ဤအခြေထိ ဖြစ်သွားကြတာကို ဘယ်လိုမှ တွေးယူလို့မရ။

မင်းညီလာ ဆင်ဖြူကျွန်းကို ရောက်လာတဲ့အထိတော့ သူတို့ချင်း ဘာမှမဖြစ်ခဲ့တာကို ယုံကြည်သည်။

သူမမျက်နှာကို ကြည့်နေလျက် မျက်နှာက ရှုံ့တွသွားလိုက် မေးကြောတွေ တင်းခနဲဖြစ်သွားလိုက် မျက်လွှာချပြီးမှ ပြန်ပင့်ကြည့်၊ ဆတ်ခနဲ မျက်နှာလွှဲ၍ တစ်ခုခုပဲပြောတော့မလို



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းကြီး ပြောင်းလဲသွားသည့် သိမ်းပိုက်ချမ်းကို ဂမုန်း တအံ့တသြ ကြည့်နေမိသည်။

'နင်က' ဖြူးဖြူးပြဲပြဲနဲ့ ဘာကြည့်တာလဲ'

'နင်ကရော ဘာဖြစ်နေတာလဲ'

'ငါက ဘာမှမဖြစ်ဘူး၊ နင်ဖြစ်နေတာ'

'အောင်မယ် ငါဘာဖြစ်လို့လဲ'

'ရှန်ကုန်ကို ဘာလို့ ရောက်ယောက်တည်း ထွက်လာတာ လဲ'

'ဩော်… သိမ်းပိုက်ရယ်… ငါ့ဘဝပျက်ခဲ့တာ နင်မှ မသိဘဲ'

ဂမုန်းမျက်နှာလေး ညှိုးသွားသည်။

'ငါသိပါတယ်၊ ဟေမာန်စာရေးသားပဲ၊ ဒေါ်လေးဆုံး သွားတယ်ဆိုတာ'

'ဟုတ်တယ်၊ မပြည့်တို့လင်မယားလည်း ထောင်ကျ သွားတယ်လေ၊ ငါ့မှာ အရိပ်ကောင်းတစ်ခုပျောက်ဆုံးသွားရတဲ့ နောက် အရိပ်သစ်ရှာရင်း ဘဝပျက်ရဖို့ရှိတယ်၊ သူများခိုင်းဖတ် ဖြစ်မယ်၊ ဒါတွေအားလုံးကို ငါ ခါးစည်းခံရပြီး ပညာကိုလည်း ဆုံးရှုံးရဦးမယ်'

သိမ်းပိုက်ချမ်းက စူးစူးစိုက်စိုက်ကြည့်၍နားထောင်နေ၏။

'ငါ ပညာလိုချင်တယ်၊ ဒါကြောင့် ပညာရဖို့ ငါ ရွှန့်စား





ထွက်ခဲ့တာပါ၊ အိမ်ဖော်လုပ်ဖို့ထိ ဆုံးဖြတ်ပြီး ငါလိုက်ခဲ့တာ'

'အဲဒီဒေါ်မြစန်းကြီးက ရှိးသားလို့ပေါ့၊ မရိုးမသားဆိုရင် နင် ဘယ်လိုလုပ်မလဲ'

'ဒါလည်း ငါ မကြောက်ဘူး၊ တကယ်တော့ ပညာနဲ့ ဆုံးရှုံးမှုကို ငါလဲယူလိုက်တာပဲ၊ တစ်ခု ငါကံကောင်းသွားတာက လိုအပ်တဲ့နေရာချင်းလဲလှယ်ခွင့်ရလိုက်တာပဲ သိမ်းပိုက်၊ ငါလည်း ငါဖြစ်ချင်တာ ဖြစ်ရတယ်၊ သူတို့အတွက်လည်း ငါတာဝန်ကျေ နိုင်ခဲ့တယ်'

'တာဝန်ကျေပါတယ်၊ ဘဝပါပေးဖို့ ဆုံးဖြတ်ထားတဲ့ ဟာပဲ'

ဂမုန်းက သိမ်းပိုက်ချမ်းကို နားလည်သလိုကြည့်ကာ…

'အဲဒါ တာဝန်အရမဟုတ်ဘူး သိမ်းပိုက်၊ နင့်ကိုငါ သက်သေပြမယ်'

ဂမုန်းက လွယ်အိတ်ကိုဖွင့်၍ အထဲက ပိုက်ဆံအိတ် တစ်အိတ်ကို ထုတ်ယူလိုက်သည်။

'ငါ ကိုလေးကို တာဝန်ကျေချင်လို့ ချစ်ခဲ့တာ မဟုတ် ဘူး၊ ဟိုးအရင် အိမ်ကို စရောက်လာကတည်းက စွဲလမ်းခဲ့တာ၊ မြတ်နိုးခဲ့ရတာ၊ အဲဒီတုန်းကဆို သူဟာ ဘယ်လိုလူစားဆိုတာ တောင်မှ ငါမသိခဲ့ပါဘူး၊ ဒါပေမယ့် ငါသူ့ကို ဘယ်လိုမှ မေ့လို့ မရဘူးဆိုတာ ဒီမှာကြည့်'



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်ပြားလေးကို ဖွင့်လိုက်တော့ အထဲမှာ စီးကရက်တိုတွေရယ်၊ တစ်ထောင်တန် တစ်ရွက်ရယ် စာတစ်စောင်ရယ်။ ဂမုန်းက သူမြင်အောင် အိတ်ကိုဖွင့်ပြကာ ပိုက်ဆံနဲ့စာကို ထုတ်ယူလိုက်သည်။

'ဒါက သူပြန်တော့ပေးသွားတဲ့စာ၊ သူကလေ အဲဒီတုန်းက ငါ့ကို သူ့ညီမလေးလိုပဲ အရမ်းရိုးသားခဲ့တာ၊ အဟင်း… ငါကသာ စွဲလမ်းခဲ့တာ သိလား၊ သူက ရိုးရိုးနှုတ်ဆက်သွားပေမယ့် ငါ ရင်ကွဲကျန်ခဲ့ရတာပဲ၊ ဒါနဲ့ ဒီကဗျာလေးကို သူက မှန့်ဖိုးလို့ ပြောပေးသွားတဲ့ ဟောဒီတစ်ထောင်တန်လေးမှာ ရေးလိုက်မိတာ၊ နင်ဖတ်ကြည့်စမ်း၊ ကာရံလည်းမမိဘူး၊ ရယ်စရာကြီး'

ဂမုန်းက စာရွက်နဲ့ တစ်ထောင်တန်ကို သိမ်းပိုက်ချမ်း မျက်နှာရှေ့မှာ ကပ်ပြ၏။

'အို'

သိမ်းပိုက်ချမ်းက စာရွက်နဲ့ ပိုက်ဆံကိုသာမကဘဲ စီးကရက်တိုလေးတွေရှိသည့် ပိုက်ဆံအိတ်ကိုပါ အားနဲ့လွှဲလွှင့်ပစ်လိုက်လေသည်။

'သိမ်းပိုက်… နင်… အို'

ဂမုန်း အံ့ဩလွန်းသဖြင့် ဒေါသထွက်ဖို့ပဲ မေ့နေမိသည်။ ပိုက်ဆံအိတ်ကလေးဟာ လွင့်ခနဲ အပြင်ဘက်ခုန်ထွက်ကာ





…င်းလျှားရေပြင်ထဲသို့ ဆင်းသက်သွားလေသည်။

တစ်ထောင်တန်လေးက အနားမှာပဲ ပြန့်လွင့်ကျ၍ …ခေါက်ကလေးက ကမ်းစပ်မှာခ၏။

'ငါ ဒီနေ့ကျမှ ကိုလေးကို ပြချင်လို့ တမင်ယူလာတာ၊ …င် တော်တော်ဆိုးပါလား သိမ်းပိုက် ဟင်'

ဂမုန်း ရန်လည်းတွေ့ ခုံတန်းလေးပေါ်မှလည်း ထကာ …ိုက်ဆံကို ငုံ့ကောက်၏။

သိမ်းပိုက်က ပိုက်ဆံကို ခြေထောက်နဲ့ နင်းထားကာ …မုန်းလက်ကို ဆွဲထားလိုက်ပြီး…

'ဘာလုပ်ဖို့လဲ ဂမုန်း၊ အခု နင် လူကိုရနေပြီမဟုတ်…သား'

'ဘာဆိုင်လဲ၊ အဲဒါ ငါ့အလုပ်၊ နင်ပြောဖို့မလိုပါဘူး၊ …ယ် လွှတ်'

ဂမုန်းက ပိုက်ဆံကိုနင်းထားသဖြင့် ဒေါသထွက်ကာ သိမ်းပိုက်ကို ကျန်သည့်လက်နှင့် တအားထုသည်။ ထိုလက်ကိုပါ …သူ ဖမ်းကိုင်ထားလိုက်ပြီး…

'ပြန်မယ်'

'အို မပြန်ဘူး၊ နင် ငါ့ပစ္စည်းကို သက်သက်ယုတ်မာ…တာ၊ ဖယ် ငါ့ကိုလွှတ်နော်'

'မလွှတ်ဘူး၊ အဲဒါကို လုံးဝပြန်မကောက်ရဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကောက်မယ်၊ နင်နဲ့ ဘာဆိုင်လဲ၊ ငါကတော့ သူငယ်ချင်းပဲဆိုပြီး ရင်ဖွင့်ပြောပြတာ၊ နင် သိပ်ယုတ်မာတယ်၊ လွှတ်နော်၊ ငါ နင့်ကိုတစ်ခုခုလုပ်မိလိမ့်မယ်'

'ဘာလုပ်ချင်လဲ လုပ်'

'သိမ်းပိုက်'

'ဘာလဲ'

'နင် အဲသလိုလုပ်ရရင် စားဝင်အိပ်ပျော်သွားရောလားဟင်'

ဂမုန်း မျက်ရည်တွေဝဲနေကာ ကန့်ထဲမှာမျောနေသည့် ပိုက်ဆံအိတ်လေးကို နှမြောတသစွာ လှမ်းကြည့်သည်။

သူမ မြတ်နိုးစွာ သိမ်းဆည်းထားခဲ့ပါသော ချစ်သူရဲ့ အမှတ်တရ ချစ်ခြင်းများ…။

ကိုလေးဟာ ဘယ်လိုပုဂ္ဂိုလ် ဘယ်လောက်စည်းစိမ်တွေရှိတယ် ဘာညာ ဘာကိုမှ မသိရသေးခင်ကတည်းက ချစ်ခဲ့ရတဲ့ သက်သေ။

ဒီနေ့ ကိုလေးကို သူမ ပြချင်လို့ တမင်ထည့်ယူလာခဲ့တာ။ ခုတော့…

'နင် ဘာဖြစ်ချင်သလဲ ဂမုန်း'

'နင့်ကို သတ်ပစ်ချင်တယ်'

'သတ်'





ဂမုန်းလက်ကို သူလွှတ်ပေးလိုက်သည်။

ဂမုန်း သူ့ကို ဘာမှမလုပ်ဘဲ ပိုက်ဆံကို ကောက်ဖို့ ကြိုးစားပြန်သည်။ သူအရင် ဖျတ်ခနဲကောက်ယူကာ ပိုက်ဆံကို လုံးချေ၍ ရေကန်ထဲ လွှင့်ပစ်လိုက်၏။

'သိမ်းပိုက်'

ဂမုန်း တအားအော်၍ သိမ်းပိုက်ချမ်း ရင်ဘတ်ကို ဆီးထုသလို ဘယ်ရော ညာရော ပြေးထုသည်။ ပြီးတော့ အီးခနဲ ငိုချပစ်၏။

'နင် သက်သက်ညစ်တာ၊ ယုတ်မာတာ၊ ငါ မုန်းတာ နင့်ရဲ့ အဲဒီအကျင့်တွေပဲ သိလား၊ လူဆိုး၊ ဒီလိုလုပ်လိုက်တော့ နင့်မှာဘာတွေအမြတ်ထွက်ရသွားလဲ ပြောစမ်းပါ'

'ကျေနပ်တယ်'

သိမ်းပိုက်ချမ်းက မထိတရိ အကြည့်နဲ့ ကြည့်၍ အံကြိတ်သည်။

'သိပ်ခံစားသွားရတယ်ပေါ့'

'မခံစားရဘဲ နေမလား၊ ခဲဒါ ငါ့ချစ်သူ ငါလက်ထပ်မယ့် ယောကျ်ား'

'ဒါဆိုလည်း ယူလိုက်ပါလား၊ အဓိပ္ပာယ်မရှိတာတွေ သိမ်းပြီး ဘာလို့အရှုးထနေသလဲ'

'နင့်လို ဖွတ်တရွတ် တဖောက်ကန်းတွေ ဒီလို နူးနူး



www.burmeseclassic.com

www.burmeseclassic.com



ညှံ့ညှံ့ သိမ်းဆည်းတတ်တာတွေ ဘယ်ရှိမလဲ'

'တော်စမ်းပါ၊ ဖွတ်တရွတ်ဖြစ်ဖြစ် တခေါက်ကမ်းဖြစ်ဖြစ် လူကိုချစ်ရင် ရအောင်ယူမှာပဲ၊ ခပ်ကြောင်ကြောင်အလုပ်တွေ ငါဘယ်တော့မှ မလုပ်ဘူး'

ဂမုန်း သူ့ကို စူးစူးဝါးဝါးကြည့်ကာ တံ့ခနဲ လှည့်ထွက်သွားလေသည်။ သူ ခြေလှမ်းကျဲများနှင့် နောက်ကလိုက်၏။

'ဂမုန်း'

ဂမုန်းက မထူး။

'နင်က ငါ့ကို ရည်းစားစာလွှင့်ပစ်တဲ့အပြစ်နဲ့ သူငယ်ချင်းအဖြစ်က ပြုတ်စဲတဲ့သဘောလား'

'နင့်ကို ငါ အရမ်းစိတ်ဆိုးနေတယ် သိမ်းပိုက်၊ ပြတ်စဲတာတွေ၊ ပြန်ဆက်တာတွေ ငါ ဘာမှစိတ်မဝင်စားဘူး'

ဘေးနားရောက်တော့ ဂမုန်းက မရပ်ဘဲ ဆက်လျှောက်သွားသဖြင့် သိမ်းပိုက်ချမ်းက ဂမုန်းလက်ကို ဆောင့်ဆွဲပစ်လိုက်၏။

'အား'

ဂမုန်း ယိုင်ခနဲ ပြန်ပါလာကာ

'နင်... နင်... လွှတ် ငါ့ကို'

'ကားပေါ်တက်'

'မတက်ဘူး၊ ငါ့ဟာငါ ပြန်မယ်'





'မပြန်ရဘူး'

ကားတံခါးကို ဆွဲဖွင့်၍ ဂမုန်းကို ကားထဲထည့်လိုက်ကာ သူပါ ရှေ့က ပတ်၍ဝင်ထိုင်လိုက်၏။

ဂမုန်းက မျက်နှာကိုအုပ်၍ ကြုံကြုံပါအောင် ငိုသည်။ သူ ကားမမောင်းသေးဘဲ ဂမုန်းကို အကြာကြီးငေးကြည့်နေသည်။

အတန်ကြာမှ

'ဆောရီးဟာ ငါတောင်းပန်ပါတယ်'

'ဘာ... ဆောရီး ဟုတ်လား၊ နင်လုပ်ချင်ရာလုပ်ပြီးမှ ဆောရီး စကားတစ်ခွန်းနဲ့ ငါက ကျေနပ်ရမယ်ပေါ့'

'ငါ့လုပ်ရပ် မှားသွားလို့ တောင်းပန်တာပါ၊ မကျေနပ်သေးတာတော့ ငါမတတ်နိုင်ဘူး၊ တစ်ခုတော့ရှိတယ်၊ နင် ငါ့ရှေ့မှာ ဘယ်ကောင့်အကြောင်းမှ မပြောမိအောင် ကြိုးစား'

ဂမုန်း သူ့ကို စိတ်မပြေနိုင်စွာ ကြည့်သည်။

ပြီးတော့ မျက်နှာကို ဆတ်ခနဲလွှဲပစ်လိုက်၏။

သိမ်းပိုက်ချမ်းနဲ့ ပတ်သက်ခဲ့တိုင်း သူမ ဝမ်းသာပျော်ရွှင်ခဲ့ရဖူးလို့လား။

○



www.burmeseclassic.com

www.burmeseclassic.com

'ဟာ'

နောက်ကကားက ဘာလဲ။ ကားလည်း မရှုပ်ပါဘဲ

ရှေ့ကလည်းကျော်မတက်။ နောက်ကလည်း ခွာမသွား။

မင်းညီလာ ကားကို အရှိန်မြှင့်၍ ခွာထွက်ဖို့ ကြိုး

လိုက်၏။ သို့သော် နောက်ကားက ချက်ချင်းမြှင့်လိုက်လာ

'ဟ'

'ဂျိုး'

သူကမန်းကတန်းဆွဲချလိုက်တာတောင် အရှိန်နှစ်ခု ပွ

တိုက်သံက ကျယ်လောင်စွာ…

'တောက်'

ထွက်ခဲ့သည့်ဒေါသက ဟုန်းခနဲ ထဖြစ်သွားသည်

ဒါ သက်သက်ရန်စတာ…။

ဒါပေမယ့် သူ အတင်းလိုက်ဖို့ မလိုပေ။





ဖင်ကြီးနဲ့ ပွတ်ယမ်းသွားသည့် မာစီဒီးက သူ့ကားရှေ့မှာပဲ ပိတ်ရပ်သွားကာ ချက်ချင်းတံခါးဖွင့်ဆင်းလာသူက လူငယ်တစ်ယောက်။

သူ ကားပေါ်က မဆင်းသေးဘဲ စိုက်ကြည့်လိုက်၏။

ပုံစံကတော့ ဖြူဖြူနုနုပါပဲ။ ဆံပင်ထူခပ်အုပ်အုပ်က ဝုတ်ထောက်လောက်ရှိကာ မျက်လုံးအစုံက ထင်ရှား၍ စူးစူးရဲရဲဖြစ်နေသည်။

နှုတ်ခမ်းပါးအစုံက တင်းတင်းစေ့လျက် မထိတထိပုံရှိလေရာ တကယ့်ကို ပြိုင်ချင်ဆိုင်ချင် အနိုင်လိုချင်သော စိတ်ဓာတ်ကြီးမားသူမှန်း ချက်ချင်းအကဲခတ်လိုက်နိုင်လေသည်။

ဒီမျက်နှာကို သူ တရင်းတနှီးမြင်ဖူးသလိုလိုရှိပေမယ့် နီးနီးလေးနဲ့ ကပ်မေ့နေသည်။

'မင်းနဲ့ကိုယ် အကြောင်းမရှိခဲ့ဖူးဘူး' ထင်တယ်ကွ၊ ဘာဖြစ်လို့ ကိုယ့်ကားကို တမင်လိုက်ချိတ်တာလဲ'

'သြော်… ခင်ဗျားက ကျွန်တော့်ကို မသိပြန်ဘူးကိုး၊ ဒါဆို ကျွန်တော်က တစ်ကြိမ်တစ်ခါမြင်ရုံနဲ့ ထူးဆန်းစွာ မှတ်မိနေတာ အံ့သြစရာပဲ'

'ထားပါတော့ မင်းနာမည် ပြောပါဦး'

'ကိုယ့်ကိုယ်ကို မိတ်ဆက်ရလောက်အောင် ခင်ဗျားကို ကျွန်တော်က စိတ်မဝင်စားပါဘူး၊ ရော့… ဒီစာလေး ဂမုန်းခေါ်ကို ယူသွားပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာစာလဲ'

စာကို လှမ်းမယူဘဲ မင်းညီလာက မျက်မှောင်ကုတ်၍ မေး၏။

'သိချင်ရင် ယူကြည့်လေ'

မိန်းကလေးလက်ရေးနဲ့ စာတစ်စောင်။

စာပေါ်မှာ ဂမုန်းအတွက်ဆိုတာ မပါဘဲ တီဝီစီဆိုသည့် စာသုံးလုံးကိုပဲ တွေ့ရသဖြင့်…

'မင်းက ကယ်ရီလား'

'မဟုတ်ဘူး၊ အဲဒါ ကျွန်တော့်ဆီကိုရေးတဲ့စာ၊ ဒါပေမယ့် သူ့အကြောင်းတွေချည်းပဲ၊ သူ့ကိုပေးလိုက်ပါ၊ ဟေမာန်ဆိုရင် ဒီစာကို သူဝမ်းသာအားရ ယူလိမ့်မယ်'

'နေပါဦး၊ မင်းက သိမ်းပိုက်ချမ်း ဆိုတာများလား'

သိမ်းပိုက်ချမ်းက ခပ်မဲ့မဲ့ပြုံးလိုက်၏။

'ကျွန်တော်ကတော့ မသေချာဘူးထင်ရင် ဘာကိုမှ ခေါင်းထဲမထည့်ဘူး'

အတော်လေး ဂျစ်ကန်ကန်နိုင်သော သူ့အပေါ် တမင်ရန်လိုနေမှန်းလည်း သိသာနေသော သိမ်းပိုက်ချမ်းရဲ့ မျက်ဝန်းထဲကို မင်းညီလာ သေချာစူးစိုက်ကြည့်၍ ပြုံးလိုက်သည်။

'သေချာသိပြီကွ၊ ဂမုန်းပြောဖူးတဲ့ သူငယ်ချင်းသုံးယောက်ဆိုတာလေ၊ ဆင်ဖြူကျွန်းမှာ ကြားခဲ့ဖူးတာဆိုတော့ ဆက်





ပ်မတွေးမိဘူး၊ ဂမုန်းကားအက်ဆီးဒင့်ဖြစ်နေတုန်းကလည်း မင်းတို့ကို ပြောခဲ့ဘူးတယ်နော်၊ မမှတ်မိတာ ကိုယ်မှားပါတယ်၊ ဆောရီး'

မင်းညီလာက လက်ကမ်းလာတော့ သိမ်းပိုက်ချမ်းက သက်ကို အတန်ကြာစွေကြည့်နေပြီးမှ ဟက်ခနဲရယ်၍ လက်ပြန်ကမ်းသည်။

'မင်းက ကိုယ့်ကို ကွန်ကရက်ကျူလေးရှင်းပေးသင့်တယ်'

သိမ်းပိုက်ချမ်း သူ့ကို စိုက်ကြည့်သည်။ မင်းညီလာက ကြည်လင်စွာပြုံး၍…

'ဂမုန်းနဲ့ ကိုယ် လက်ထပ်ကြတော့မှာလေ၊ နှစ်လလောက်ပဲလိုတော့တာ၊ မင်းတို့သူငယ်ချင်းချင်း မဆုံဖြစ်ကြသေးဘူးထင်တယ်၊ ရပါတယ်၊ ကိုယ်ကိုယ်တိုင် ဖိတ်စာလာပို့မှာပေါ့'

'ဘာ'

မကျယ်ပေမယ့် မျက်နှာကြီးပျက်ကျသွားသည့် သိမ်းပိုက်ချမ်းရဲ့ 'ဘာ'သံကို မင်းညီလာ သဘောပေါက်ကာ ဟန်မဆောင်နိုင်စွာ ရယ်လိုက်မိလေသည်။

သိမ်းပိုက်ချမ်း မင်းရင်ထဲ ဘာဖြစ်နေတယ်ဆိုတာ မသိဘဲ နေပါ့မလား။

'အဟင်း… အစကတော့ ကျောင်းပြီးမှ လက်ထပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပါ၊ ကိုယ့်ဘက်က အမွေကိစ္စတွေရှုပ်လာမှာစိုးလို့ အခြေအနေ
အရ ဖြစ်သွားတာ'

မင်းညီလာ သူ့ကို တမင်ရိနေမှန်းသိသည်။

တကယ်ဖြစ်နိုင်မှန်းလည်း သိနေသည်။

သို့သော် သိမ်းပိုက်ချမ်း ဂရုမစိုက်စွာ ပြုံးလိုက်၏။

ဆွဲထားသည့်လက်ကို ဖြုတ်၍ ဘောင်းဘီထဲထည့်လိုက်
သည်။

'စောပါသေးတယ် ကိုမင်းညီလာ၊ ခင်ဗျား မင်္ဂလာ
ဆောင်တော့မှပဲ ပေးတာပေါ့၊ ဖြစ်တယ်မဟုတ်လား'

'ဖြစ်ပါတယ်ဗျာ၊ ဖြစ်ပါတယ်၊ ကိုယ်ကတော့ [illegible]
ကတည်းက ကြိုတင်ပြီး ကျေးဇူးတင်ပါတယ်၊ သွားမယ်နော်'

သူ ကားပေါ် ပြန်တက်သွားတဲ့အထိ သိမ်းပိုက်ချမ်းရပ်
နေပြီးမှ ကားဆီပြန်လျှောက်လာခဲ့၏။

သည်းမခံနိုင်တဲ့လူက အရှုံးတဲ့…။

ဒါဆို ကိုယ်က သည်းခံနေရင်း ရှုံးသွားတာတွေ ဘယ်လို
လုပ်မလဲ။

○

'ဂမုန်း'

'ဟင်'

သိမ်းပိုက်ချမ်းကို မြင်လိုက်တော့ မျက်နှာသည် ရုတ်
တရက် ပြုံးလိုက်မိပြီးမှ ခပ်တည်တည်လေးပြန်ဖြစ်သွား၏။

သူမအပေါ်ဆို အမြဲအနိုင်ယူခဲ့တဲ့ သိမ်းပိုက်ချမ်း။

ကလေးတုန်းကတော့ တစ်မျိုး။

အခုကျတော့…

'ခဏနေဦး၊ ဒီမှာ နင့်ကြောင့် ငါ ဒုက္ခရောက်နေတာ
သိလား'

'ဘာ'

ဂမုန်းကုန်တိုက်ကြီးထဲက အထွက်မှာ ခြေလှမ်းမှားသွား
သည်။

'ငါ့ကြောင့်'

သစ္စာမှုန်တပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ နင်နဲ့ငါ ဟိုတစ်နေ့က အင်းလျားဧ
ပြဿနာ တက်နေကြတာ ငါ့ကောင်မလေး မြင်သွားလို့ ကွ
တက်ကုန်ပြီ'

'အဲဒါ နင့်ကြောင့်ဖြစ်တာပဲ'

'ငါက စတာရော၊ ငါတို့ဘာဖြစ်ကြတယ်ဆိုတာ
သူက မသိဘူးဟ၊ နင်နဲ့ငါ့ကို စွပ်စွဲနေတာ၊ ရှင်းလို့ကိုမရဘူး'

'အဲဒါ ငါဘာလုပ်ရမလဲ'

ဂျင်းဘောင်းဘီပွ ဂျင်းဂျက်ကက်နှင့် သိမ်းပိုက်ချမ်းကို
ဂမုန်းက မျက်စောင်းလှမ်းထိုး၏။

'နင် လိုက်ရှင်းပေးဟ'

'အလိုတော်'

'ဟုတ်တယ် လိုနေတယ်၊ ခဏလေးဖြစ်ဖြစ် လိုက်ခဲ့
ဂမုန်းရာ၊ ငါ သူ့ကို မနည်းကြိုးစားထားရတာဟ၊ ကွဲသွားရင်
ငါ ရင်ကွဲရလိမ့်မယ်၊ လာပါဟာ၊ နင်ပြောရင်တော့ သူ ယုံမှာပါ'

တောင်းတောင်းပန်ပန်ပြောနေသည့် သိမ်းပိုက်ချမ်းကို
ဂမုန်း အံ့ဩစွာကြည့်၏။

'သနားစရာကောင်းလိုက်တာနော်၊ ငါ့ကျတော့
ငါ့ရည်းစားမြင်သွားရင် ဘယ်လိုဖြစ်မလဲဆိုတာ ကိုယ်ချင်းမစာ
ဆွဲလားလွဲလားနဲ့ အနိုင်ကျင့်တယ်၊ သူ့ကိုထိတော့ မျောက်သော
ရုပ်နဲ့'





'ဂမုန်းနော် ငါတောင်းပန်နေတာပဲဆိုပြီး မရှင့်နဲ့'

'မဟုတ်လို့လား နင်'

သိမ်းပိုက်ချမ်းက အထုပ်တွေကို ငဲ့ကြည့်ကာ…

'ဒါ ဘာတွေလဲ'

'မင်္ဂလာဆောင်ဝတ်ဖို့ ပိတ်စတွေ ဖြတ်လာတာလေ၊
ညနေကျမှ ကိုလေးနဲ့ သွားအပ်မှာ၊ ပြီးမှ ဖိတ်စာအပ်မယ်'

'ပျော်နေတယ်ပေါ့'

သိမ်းပိုက်ချမ်း မျက်လုံးတွေ စူးရဲအေးစက်နေတာကို
ဂမုန်းမော့မကြည့်လို့မသိပေ။

'ပျော်သလိုလိုပဲ၊ ဒါပေမယ့် ရင်လေးပါတယ်ဟာ၊
ကျောင်းက ဆေးကျောင်းဆိုတော့ ပေါ့လို့မရဘူးဟ၊ လက်ထပ်ပြီး
မှ ကျောင်းတက်ဖို့ အခက်အခဲတော့ဖြစ်မှာပဲ၊ ဪ… ဒါနဲ့
နင် ဟိုတစ်နေ့က ပေးလိုက်တဲ့ ဟောမာန့်စာကို ငါ ဖတ်ရတယ်၊
သတိရလိုက်တာဟာ'

'တော်သေးတာပေါ့'

'သိမ်းပိုက်ရယ်… ငါ့ဘဝ ဘယ်လောက်ထိ အကျပ်
အတည်းဖြစ်ခဲ့သလဲ နင်မသိပါဘူး'

'မသိချင်ပါဘူး၊ ငါနဲ့လိုက်မှာလား၊ မလိုက်ဘူးလား၊
ဒါပဲပြော'

ဂမုန်းက သူ့ကိုမော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

'အံမယ်… ငါက ဗလိုင်းကြီးလိုက်ရှင်းပေးရမှာလား သူက ဒေါသဖြစ်နေသေးတယ်၊ ရှင်းပေးမှာပေါ့၊ ဒါပေမယ့် ဒီနေ့က ငါမအားဘူး၊ နှင့်လိပ်စာပေးခဲ့လေ၊ ငါ ဖုန်းဆက်ချိန်းမယ်'

'မရဘူး၊ အခုလိုက်မှ ဖြစ်မှာ၊ သူ့ကိုငါက ချိန်းပြီးမှ ဒီကိုလာတာ'

'ဟင်… ဒါဆို နှင်က ငါ့ကို တကူးတကလိုက်ရှာနေတာပေါ့၊ ခုအမှတ်တမဲ့တွေ့တာ မဟုတ်ဘူးလား'

ဂမုန်း အူကြောင်ကြောင်မေးပုံကြောင့် သိမ်းပိုက်ချမ်းပြုံးစိစိဖြစ်သွား၏။

'နှင်က ဘာပြုံးတာလဲ'

'နှင် ဘာကြောင်နေတာလဲ၊ ဒီမှာအသည်းကျွမ်းလို့ ရေလိုနေတယ်ဆိုမှ ရေကိုရေရှိတဲ့နေရာ သွားမရှာဘဲ အိမ်က ထိုင်စောင့်လို့ရလား'

'ဖြစ်ရလေ'

ဂမုန်း ခေါင်းညိတ်ရှာလေသည်။

'နှင့်လိုလူ အသည်းကျွမ်းတယ်ဆိုတာ အံ့ဩစရာပဲ'

ဟု တိုးတိုးရေရွတ်လျက်…

'ငါ့ကို ကိုလေးက ဒရိုင်ဘာနဲ့ ပို့ထားတာ၊ အဲဒီကား ငါ ဘယ်လိုပြောရမလဲ'





'သွားစရာရှိလို့လို့ပြောပြီး အဲဒါကြီးတွေပါ တင်ပေးလိုက်'

ဂမုန်း သူ့အထည်ထုပ်တွေကို ပြန်ငုံ့ကြည့်ပြီး ခေါင်းညိတ်သည်။

'နှင် ကားပါတယ်ပေါ့'

'ပါတယ်'

'ဒါဆို ခဏလေးစောင့်နော်'

○

www.burmeseclassic.com

www.burmeseclassic.com

'ဝေးလှချည်လား ဟယ်၊ မရောက်သေးဘူးလား'

'ရှေ့က တိုက်ပြာပဲ'

ဂမုန်းက လှမ်းမျှော်ကြည့်ကာ…

'ကြီးကျယ်လိုက်တာ သိမ်းပိုက်ရယ်၊ ငါ နင့်ကို သနားလို့လိုက်လာတာ သိလား၊ ငါ မှားတာလည်း မဟုတ်ဘဲနဲ့ ဒီလောက် အဝေးကြီးထိ အောက်ကျနောက်ကျ လိုက်လာရှင်းပြရတာ နင် ငါ့ကိုဆို နည်းနည်းမှ မငဲ့ညှာဘူး'

သူမအဖြစ်ကို သူမ ပြန်တွေးဟန် ဒေါသဖြစ်လာပုံနှင့် ဂမုန်းက နှုတ်ခမ်းစူသည်။

'တကယ်ဆို နှစ်ယောက်ဆုံလိုက်ရင် ပြီးတာပဲ၊ ပန်းခြံဖြစ်ဖြစ် စားသောက်ဆိုင်တစ်ခုခုဆို တော်ပြီပေါ့'

'ကဲပါဟာ ရောက်ပဲရောက်နေပြီ၊ ဒေါသဖြစ်မနေပါနဲ့ ဆင်း'





ခပ်ဝပ်ဝပ် တိုက်ပြာလေးက ခေတ်မီပုံစံနှင့် အတော်လေး ဆုလေသည်။

ဒုံး..တို့ကားရပ်တော့ အဲထဲက အိမ်ဖော်လိုအမျိုးသမီးကြီး တစ်ဦး ထွက်လာတာတွေ့ကာ တစ်ချက်လှမ်းကြည့်၍ ခြံထဲဆက်ဆင်းသွား၏။

'လာ… ဒီမှာ လာထိုင်'

'ဘာမှာလဲ နင့်ချစ်သူ'

'သူရောက်မလာသေးဘူး၊ ခဏလေးထိုင်ပါ၊ နင်ကလည်း စိတ်မရှည်ဖို့ချည်း ပြင်နေတာပဲ'

သိမ်းပိုက်ချမ်းက ဂမုန်းရှေ့မှာတင်ပဲ ရေခဲသေတ္တာထဲက အအေးတစ်ပုလင်း ထုတ်၍ ဖိုက်တပ်ပြီး လှမ်းပေးသည်။

ရင်တွေပူနေသည်နှင့် ဂမုန်း တစ်ဝက်ကျော်ကျော် ကုန်တဲ့အထိ သောက်ပစ်လိုက်သောအခါ ခေါင်းထဲမှာ မူးဝေလာသည်။ သိမ်းပိုက်ချမ်းက ဘယ်ကိုဖုန်းဆက်နေမှန်းမသိ။

'သိမ်းပိုက်'

'ဘာလဲ ခဏ'

'ခဏနေလို့မရဘူး၊ ငါ ငါ ခေါင်းတအားမူးတာပဲ'

ဖုန်းချ၍ သိမ်းပိုက်ချမ်း ပြန်လှည့်လာသည်။

'ခေါင်းကိုက်တာပါ'

'ဟင့်အင်း မူးတာ၊ ဘယ်လိုကြီးမှန်းကို မသိဘူးအား'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ထိတ်လန့်ကာ ဂမုန်း ထရပ်ဖို့ ကြိုးစား ကြည့်သည်။

သို့သော် ယိုင်ခနဲလဲကျလေသည်။

ထိုသို့လဲကျခြင်းသည် သိမ်းပိုက်ချမ်းရဲ့ ရင်ခွင်ထဲ ရောက်လေသော်...

၀

'အား'

ခေါင်းတွေ တဆစ်ဆစ်ကိုက်ခဲနေသဖြင့် မျက်လုံးကို အားယူဖွင့်ကာ ဂမုန်းခေါင်းထောင်ကြည့်လိုက်၏။

'ဟင်'

အိပ်ခန်း။

ထိုအခန်းက ဂမုန်းနဲ့ မရင်းနှီးသည့်အခန်း။

လန့်ဖျပ်ကာ အတင်းကုန်းရုန်းထလိုက်မိသည်။

သိမ်းပိုက် လုပ်ကြံပြီဖြစ်ကြောင်းသိကာ ဒေါသက ဟုန်းခနဲ ထ၏။ ညနေ သုံးနာရီကတည်းက ညဆယ်နာရီထိ။

သွားပြီ။

သွားပြီဆိုသော အသိကြောင့် ဂမုန်း ကမ္ဘာပျက်မတတ် ချောက်ချားသွားခဲ့လေသည်။

'သိမ်းပိုက်'



www.burmeseclassic.com

www.burmeseclassic.com

သျှမ တအားအော်ခေါ်သည်။

'ငါ ဒီမှာရှိတယ်'

'ဟင်'

နောက်ကျောဘက်ကို ချာခနဲလှည့်ကြည့်တော့ ဒရင်းဘက်ပေါ်မှာ သိမ်းပိုက်ချမ်းက ခပ်လျောလျောမှီလျက် ခြေတစ်ဖက်ကို စားပွဲပုလေးပေါ် လှမ်းတင်ထားသည်။

'နင်··· နင်··· သိမ်းပိုက်၊ နင် ငါ့ကို ဖျက်ဆီးလိုက်ပြီပေါ့လေ'

'လျှောက်မပြောနဲ့၊ နင့်ကိုငါ လက်ဖျားနဲ့တောင် မထိရသေးဘူး'

'ဟုတ်တယ်၊ မထိရသေးဘူး၊ မထိရသေးပေမယ့် ငါ့ဘဝပျက်ပြီလေ၊ နင် ဘာအခြေနဲ့ ဒီလိုလုပ်တာလဲ၊ ငါ့ကို ဘာလို့ ညာခေါ်လာတာလဲ'

'မင်းညီလာဆိုတဲ့ကောင်ကို မပေးချင်လို့ပေါ့၊ နင် ငါ့ကိုကျော်ပြီး ဘယ်ယောကျ်ားကိုမှ စိတ်ကူးဖို့မလိုဘူး'

'မရှိဘူး၊ ငါ့စိတ်ကူး ငါ့အိပ်မက် ငါ့ရဲ့ရင်ခုန်သံတွေထဲမှာ နင် လုံးဝမရှိဘူး၊ နင့်ကိုငါ မချစ်ဘူး၊ ငါချစ်ခဲ့တာ ချစ်နေတာက ကိုလေး မင်းညီလာဆိုတဲ့ ယုယမြတ်နိုးထိုက်တဲ့ ယောကျ်ား'

ဂမုန်း တအားငိုရှိုက်ကာ အပြင်ကို လှမ်းအော်သည်။

'အပြင်မှာ ဘယ်သူရှိလဲဟင်၊ တံခါးဖွင့်ပေးပါရှင်၊ ဂမုန်းကို တံခါးဖွင့်ပေးပါ'





'ဒုန်း··· ဒုန်း'

လက်သီးဆုပ်ကလေးများနှင့် တံခါးကို ထုနက်၍ ခေါ်၍နေသည်။ မရတော့ ဒီဘက်ကို ချာခနဲပြန်လှည့်ကာ အိပ်ရာပေါ်ကနေ အေးဆေးလက်ပိုက်ကြည့်နေသည့် သိမ်းပိုက်ချမ်းကို မြင်၏။

'တောက်'

ဂမုန်း စားပွဲရှေ့က ဆက်တီခုံပုလေးကို ပြေးဆွဲလျက် သူ့ကိုပြေးရိုက်တော့သည်။

'ဟာ'

သိမ်းပိုက်ချမ်း အေးဆေးမနေနိုင်တော့ဘဲ ဖျတ်ခနဲထထိုင်ကာ ဂမုန်းတအားရိုက်ချလိုက်တဲ့ ခုံကို မိမိရရ ဆွဲဖမ်းလိုက်ရသည်။

'လွှတ်··· လွှတ်စမ်း၊ နင့်ကို ငါ ရိုက်မယ်'

'ဂမုန်း'

'မခေါ်နဲ့၊ ရိုက်မှာပဲ'

ဂမုန်းဆီက ခုံကို သူ ရအောင်လုယူ၍ ဘေးကိုဆွဲပေါက်ပစ်လိုက်သည်။

ပြီးတော့ ဂမုန်းကိုယ်လုံးလေးကို ခါးမှ သိမ်းဖက်၍ ရင်ခွင်ထဲ ဆွဲသွင်းလိုက်တော့ နှစ်ယောက်လုံး အိပ်ရာပေါ်မှာ လုံးထွေးသွားလေသည်။

'သိမ်းပိုက်··· နင်··· နင် ငါ့ကိုလွှတ်'



www.burmeseclassic.com

www.burmeseclassic.com



'မလွှတ်နိုင်ဘူး ဂမုန်း၊ နင့်ကိုငါ အလှကြည့်ထားဖို့ စိတ်ကူးယဉ်ခဲ့တာမဟုတ်ဘူး၊ တစ်သက်လုံး သိမ်းပိုက်ထားချင်လို့ ခေါ်လာတာ'

'ဟင့်အင်း'

'ချစ်တယ် ဂမုန်းရယ်၊ နင့်အတွက် ဘာမဆိုရင်ဆိုင်ဖို့ ငါ ဆုံးဖြတ်ပြီးသား'

'ဟင့်အင်း… ဟင့်အင်း'

ဂမုန်း ဘယ်လိုပင် ငြင်းဆန်ခဲ့ပေမယ့် အမြဲတမ်းအနိုင်ယူတတ်ခဲ့သော သိမ်းပိုက်ချမ်းရဲ့ အနမ်းရိုင်းများအောက်မှာ…။

○

မျက်လွှာပိတ်ချထားပေမယ့် သူ့အနမ်းတွေက မျက်ခုံး မျက်တောင်လေးများ နားဖျားလေးကအစ နူးညံ့စွာ ကျရောက်နေသည်။

မျက်တောင်ဖျားလေးတွေမှာ တစစ စိုစွတ်ခိုတွယ်လာသည့် မျက်ရည်စတို့ကိုလည်း စီးကျသက်ဆင်းစေခွင့်မပြုဘဲ သူ့နှာခေါင်းချွန်ချွန်နှင့် 'ပွတ်တိုက်ချေဖျက်ပစ်နေဆဲ…။

'မငိုပါနဲ့ ဂမုန်းရယ်၊ ငါ နင့်ကို သိပ်ချစ်တယ်ဆိုတာ နောက်တော့သိလာမှာပါ၊ ငါလေ ဟိုတုန်းကတည်းက နင့်ကို ချစ်ခဲ့တာ၊ နင်နဲ့ပတ်သက်ရင် ထိခိုက်ခံစားတတ်တာ၊ ဒီနေ့ထိ မသိစိတ်က ဘယ်မိန်းမကိုမှ ချစ်လို့မရခဲ့သေးတာ၊ အဲဒါတွေ နင်ယုံစမ်းပါ၊ ငါ ရည်းစားတစ်ယောက်မှ မထားခဲ့ဖူးသေးဘူး၊ မိန်းကလေးဆိုလို့ ငယ်ငယ်ကတည်းက သံယောဇဉ်ဖြစ်ခဲ့ဖူးတာ နင်ပဲ၊ ခုလည်း နင့်ကို သူများနောက်မပေးလိုက်နိုင်တော့ဘူး ဒါသ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ မရရအောင် လုပ်ယူခဲ့တာ၊ အဲဒါ နင့်ကိုချစ်လို့ တကယ် ဆို ပိုင်ဆိုင်ထိုက်ခဲ့တာ ငါပါ'

သူ တတွတ်တွတ်ပြောနေသမျှ ဂမုန်းမျက်လုံးစုံမှိတ် ရာမှ မဖွင့်ဘဲ နားငြီးလာတော့ မျက်နှာကိုတစ်ဖက်လှည့်ပစ်

'ဂမုန်း'

သူက သူ့ဘက်ပြန်လှည့်ယူသည်။

ဂမုန်း အတင်းတောင့်ထားတော့ သူတံတောင်တစ်ဖက် ထောင်ထကာ ပခုံးပြည့်ပြည့်လေးကို သူ့ဘက်ဆွဲလှည့်ယူ၍

'ဂမုန်းရာ နင် ငါ့ကို ဒေါသနည်းနည်းလေးပြေပါ ငါ နင်ဘာမှလိုလေးသေးမရှိအောင် ထားပါ့မယ်၊ နင်စိတ်တိုင်းကျ ဖြစ်စေရမယ်၊ ဒါမှမဟုတ်ရင်'

'လာမပြောနဲ့၊ မိနက်မဆိုတဲ့ စနေမကို ချိုးနှိမ်ခဲ့သူပဲ ရှိတာ၊ သနားသလိုလိုနဲ့ နှိမ့်ချချင်တဲ့သူပဲရှိခဲ့တာ၊ နွေးထွေးတဲ့ ကြင်နာမှုဆိုတာကို ကိုလေးနဲ့တွေ့မှ ငါ ခံစားတတ်ခဲ့တာပါ'

'တိတ်စမ်း'

'ပြောမှာပဲ'

'မပြောနဲ့'

'နင့်ကိုငါမုန်းတယ်'

'အေး… မုန်း၊ ကောင်းတာပဲ၊ တစ်ယောက်ကိုတစ် ယောက် ချစ်နေရင် ပျင်းစရာကောင်းတာပေါ့၊ မုန်းပစ်လိုက် တစ်ခုတော့ရှိတယ်နော်၊ ငါ့ကိုကြိုက်သလောက်မုန်း နင်ထင်သလို





နေ၊ ငါ့ကို တဏှာရူးလို့ နင်ပြောထားတဲ့အတွက် နင့်ကိုငါ နေ့ကစပြီး ကျူးလွန်ဖို့ မကြိုးစားဘူး၊ ဒါပေမယ့် ငါ့မျက်စိ အောက်ကနေတော့ ဘယ်မှထွက်သွားဖို့ မကြိုးစားနဲ့၊ ငါပြန်ရဖို့ ချော်လင့်ချက်မရှိတော့ရင် နင့်ကိုလိုက်သတ်ပစ်မယ်၊ သတ်လို့ ရရင် ဒုက္ခပေးနေမယ်၊ သိမ်းပိုက်ချမ်းဆိုတဲ့ ငါ့ရာဇဝင်မှာ ရှုံ့လွှတ်တယ်ဆိုတာ မရှိဘူး'

ဂမုန်း ဟီးခနဲ ငိုချလျက် တရှိုက်ရှိုက်ဖြစ်နေတာ ကလေးငယ်တစ်ဦးသဖွယ်ပါ။

'မုန်းတယ်၊ သိမ်းပိုက်ဆိုတဲ့ကောင်ကို သိပ်မုန်းတယ်၊ ဘယ်တော့မှ မကျေဘူး၊ လုံးဝမကျေဘူး၊ ဟီး… ဟီး… ဟီး'

သိမ်းပိုက်ချမ်းက တစ်ဖက်လှည့်ကာ ခေါင်းအုံးတစ်လုံး ဆွဲ၍ နားပေါ်မှာ ဖိပိတ်ထားလိုက်သည်။

'နားထောင်လေ၊ ငါ နေ့စဉ် ဒါတွေပဲပြောနေမှာ၊ နင် မကြားရဲဘူးလား၊ ဖယ်… ကာမထားရဘူး'

ခေါင်းအုံးကို ဂမုန်းက အတင်းဆွဲဖယ်၍ လွှင့်ပစ်လိုက် ၏။ သိမ်းပိုက်ချမ်း ငုတ်တုတ်ထထိုင်ကာ…

'ပြော… နားထောင်နေတယ်၊ ကြိုက်သလောက်ပြော၊ အေး… ငြီးမှမောပြီလို့ မပြောနဲ့၊ ပါးစပ်ပိတ်မသွားနဲ့ ပြန်ဖွင့် အောင် ငါလုပ်ပြမယ်'

ဂမုန်းပါးစပ်က အမုန်းတွေ ထွက်ကျမလာတော့ပါ။

၀



www.burmeseclassic.com

www.burmeseclassic.com

အဝေးကြီးမှာ ကိုလေးကားကို မြင်ကတည်းက ဒီအနီး အနားမှာ ကိုလေးရောက်နေပြီဆိုတာ ဂမုန်းသိသည်။

'နင်စပြီးကျောင်းပျက်ကတည်းက ကျောင်းတက် ကျောင်းဆင်း တစ်ရက်မှ မပျက်ဘူး ဂမုန်းရယ်၊ ဆရာ့ကို သနား ပါတယ်၊ သူ နင့်ကို သိပ်ချစ်ရှာတာ သိလား၊ ဘယ်သူ့ကိုမှ လည်းမမေးဘူး၊ ကျောင်းတက်သွားတဲ့အထိကြည့်တယ်၊ ကျောင်း သားတွေရှင်းမှ ပြန်တယ်၊ မျက်နှာဆိုတာ ငိုချတော့မယ့်အတိုင်းပဲ'

သူငယ်ချင်းတွေ ပြောကြကတည်းက ဂမုန်း ဒီနေ့ ကိုလေးလာမှာပဲဆိုတာ ကြိုသိပြီးသားပါ။

အတန်းပြီးလို့ ပြန်လာကြမှာတော့ ဘယ်လိုမှရှောင် ထွက်လို့မရတော့ပေ။

'ဂမုန်း··· ခဏနေပါဦး ဂမုန်းရယ်'





မင်းညီလာ အသံကြားသည်နှင့် ဂမုန်းမျက်ရည်တွေ ချက်ချင်းဝိုင်းတက်လာသည်။

ဘေးမှ ကျောင်းသားတွေလည်း ရှိနေသည်။

ဂမုန်း ခြောက်ရက်တိတိပျက်နေတာ။

မင်းညီလာနေ့တိုင်းလာလာရှာတတ်တာ။

သတိထားမိ စိတ်ဝင်စားကြသော ကျောင်းသူတွေက သူတို့နှစ်ယောက်ကို ပေါ်ပေါ်တင်တင်ပဲ ရပ်ကြည့်တဲ့သူကြည့်။

နောက်ပြန်လှည့်ကြည့်သူတွေ ရှေ့မှာ ဂမုန်းခေါင်းကို ငွင်တွင်ငုံ့၍ သွက်သွက်လျှောက်၏။

မင်းညီလာက မှီအောင်လိုက်၍···

'ဂမုန်း··· မင်း ကိုယ့်ကို လူလယ်ခေါင်မှာ မတ်တပ် ရပ်ချန်ခဲ့ပြီး အရှက်ရအောင် လုပ်မလို့လားဟင်၊ စကားလေး တောင် ပြန်မပြောနိုင်တော့ဘူးလား'

ဂမုန်း ခြေလှမ်းနှေးကျသွားသည်။

ကိုလေးမျက်နှာကိုတော့ ပြန်လှည့်မကြည့်ဝံ့သေးပါ။

မင်းညီလာက သူမကို ဘေးချင်းယှဉ်လျှောက်၍···

'သူ ကိုယ့်ဆီ ဖုန်းဆက်တယ်၊ ဒါပေမယ့် ဖုန်းမဆက်ခင် ကတည်းက ဦးလေးစပြောလို့ ကိုယ်သိပြီးပါပြီ၊ သိမ်းပိုက်ချမ်း နဲ့ပါသွားတယ်၊ ပြန်မလာတော့တာဟာ ဘာလဲဆိုတာ'

ဂမုန်း ကျလာသည့်မျက်ရည်ကို လက်မောင်းနှင့် ပွတ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပစ်ကာ လွယ်အိတ်ထဲက ရွှေဗူးလေးကို ထုတ်ယူလိုက်သည်။

'ဒါ ကိုလေးမေမေရဲ့ ပစ္စည်းတွေမို့ ပြန်ယူပါနော် ဂမုန်း ယူမထားပါရစေနဲ့'

'မယူဘူး ဂမုန်း၊ အဲဒီပစ္စည်းကို ထပ်ပေးစရာ ဘယ်မိန်းမမှလည်း နောက်ထပ်ရှိလာတော့မှာ မဟုတ်ဘူး၊ ဂမုန်း ယူသွားပါ'

'သူ့ပြန်ယူလာလည်း ကျွန်တော်က လွှင့်ပစ်မှာပဲ'

ဂမုန်းလက်ထဲက ဗူးလေး ဖျတ်ခနဲဆို သိမ်းပိုက်ချမ်း လက်ထဲရောက်သွား၏။

သူ ဘယ်လိုရောက်လာတာကို ရုတ်တရက် သတိမထားမိလိုက်ချိန်မှာ ဂမုန်းလက်ကိုဆွဲ၍ ရွှေဗူးကို မင်းညီလာလက်ထဲ ထည့်သည်။

'ခင်ဗျားက ဒီကဆရာဆိုလို့ ကျွန်တော် ဒီနေ့ ယဉ်ကျေးပေးလိုက်တယ်၊ နောက်ကို ခုလိုတကူးတက မပြောနဲ့ ခရီးသွားဟန်လွှဲတောင်မှ ဂမုန်းကို ခင်ဗျား နှုတ်မဆက်ပါနဲ့'

သိမ်းပိုက်ချမ်းမျက်နှာက တင်းမာနေသည်။ အနားမှာ ကျောင်းသူတွေရှိနေတာမို့ ဂမုန်း သိမ်းပိုက်ချမ်းမျက်နှာကို အလန့်တကြား ကြည့်လိုက်မိသည်။

ရှိုင်းစိုင်းတတ်တဲ့ သူ့အကျင့်ကို သိထား၍ပါ။





မင်းညီလာ မျက်မှောင်ကုတ်လျက် ချာခနဲ လှည့်ထွက်သွား၏။ သိမ်းပိုက်ချမ်း ဟင့်ခနဲ မဲ့၍ လမ်းမပေါ် ခဲလုံးသေးသေးလေးကို တအားလွှဲကန်ပစ်လိုက်သည်။

ဒေါသလား။ ပေါက်ကွဲခွင့်မရလိုက်တာမို့ ရင်ထဲမှာ လှိုင်းထနေသည်။ ဂမုန်းပါးပြင်ပေါ်က မျက်ရည်စကို ငုံ့ကြည့်မိတော့ ပိုဆိုးသွား၏။ ချစ်သူချင်း လွမ်းခန်းဖွင့်ကြစမ်းပေါ့။

'တောက်'

ဒေါသမပြေဘဲ ရှိပေမယ့် သူတစ်ခုခုပေါက်ကွဲလိုက်မည်စိုး၍ မျက်လုံးလေးဝိုင်းနေသော ဂမုန်းမျက်နှာကြောင့် သူ ဘာမှမပြောဖြစ်တော့ဘဲ ကားပေါ်ရောက်တဲ့အထိ ပါးစပ်ပိတ်ထားခဲ့ပါသည်။

'ဂျိမ်း'

တံခါးပိတ်လိုက်တာကြောင့် ကားဘော်ဒီတစ်ခုလုံး သိမ့်သိမ့်ခါသွားသည်။

'ဂမုန်း နင်ကျောင်းတက်ဖို့က ငါ ဘယ်လိုမှ ကြည်ဖြူလို့မရတော့ဘူး'

'ဘာဆိုင်လဲ'

ကားပေါ်ရောက်လာတော့ ဂမုန်း ပြန်အော်သည်။

'ဆိုင်တာပေါ့၊ သူ ဒီကျောင်းနဲ့ ဘာမှမဆိုင်ဘဲ နင့်ကို အခု သက်သက်လာစောင့်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါက အကျိုးအကြောင်း မေးချင်လို့ပဲ၊ ငါ ရန်ကုန်မှာ နေတာ ကိုလေးတို့ မိသားစုက ငါ့အုပ်ထိန်းသူ၊ ငါနဲ့လက်ထပ်ဖို့'

'အဲဒါကို ထည့်မပြောနဲ့နော်၊ ငါ လုံးဝ မကြားချင်ဘူး'

'မပါလို့ရမလား၊ သူနဲ့ငါ ပတ်သက်ခဲ့တာ တစ်ကျောင်းလုံးသိနေတာပဲ၊ စေ့စပ်ထားတာ၊ လက်ထပ်ဖို့စီစဉ်နေတာ၊ လူတိုင်းကို ကြေညာပြီးသား၊ ငါ့ရဲ့အုပ်ထိန်းသူလည်းဖြစ်နေတဲ့ ကိုလေးလိုလူက ငါ့ကို နင် ခွန်ချီသလို ချီသွားတဲ့ကိစ္စ ဘာမှ မမေးမြန်း မစုံစမ်းရတော့ဘူးလား'

'ဖလိုပါဘူး၊ ငါ သူ့ကိုဖုန်းဆက်ပြောပြီးသား၊ လာနှောင့်ယှက်ရင် ဘာဖြစ်မယ်ဆိုတာပါ ပြောပြီးသား၊ ဒါ သက်သက်လာပြီး မဏ္ဍာပ်တိုင်တက်ပြတာ၊ တောက်…'

သိမ်းပိုက်ချမ်း တွေးလေ မကျေနပ်လေ။

○

'သားနဲ့သမီးကို အမေ တစ်ခုပြောချင်တယ်'

'ဘာလဲ အမေ ပြောလေ'

'အမေ စိတ်ကူးတာပါ၊ သမီးက ဆေးကျောင်းသူဆိုတော့ အိမ်ထောင်ပြုလိုက်တာ ပညာရေးအတွက် ထိခိုက်နိုင်တယ်လေ၊ ဒါပေမယ့်ဖြစ်လည်းဖြစ်ခဲ့ပြီဆိုတော့ ရှောင်လွှဲလို့မရတော့ဘူး၊ ဒီတော့ ဖြစ်ပြီးခဲ့တဲ့အတွက် သားတို့ကို အမေက တခမ်းတနား မင်္ဂလာဆောင်ပေးမယ်၊ လက်ထပ်ပြီးပေမယ့် သားတို့ မပေါင်းသင်းကြနဲ့ဦး၊ သမီးကျောင်းပြီးမှ…'

'အဓိပ္ပာယ်မရှိတာ အမေရာ၊ မိန်းမယူပြီး မောင်နှမ-ို နေရမယ်လို့'

'အဲဒါ ကောင်းပါတယ် အဒေါ်၊ ဂမုန်းကျေနပ်တယ်'

နှစ်ယောက်က တစ်ယောက်တစ်မျိုးစီ အသံထွက်လာသည်။ ဒေါ်သိန်းသိန်းက သားဖြစ်သူကိုပဲ စိတ်မရှည်သလို ကြည့်ကာ…

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ သဘောမတူတာလဲ သား၊ ခုလိုတွေဖြစ်နေကြတာလည်း မင်း ဇွတ်တရွတ်လုပ်ခဲ့လို့ ဖြစ်ကုန်တာ၊ တကယ်ဆို ဂမုန်းက သူစိမ်းမှမဟုတ်တာ၊ သူနဲ့ဒီမှာ ပြန်တွေ့ကြတာ သားချစ်တာကို မေမေ့ဆီ လှမ်းပြောပေါ့၊ ခုလို မဖွယ်မရာတွေ ဖြစ်ဖို့တောင် မရှိဘူး'

'သူက ဟိုသူဌေးနဲ့ လက်ထပ်တော့မှာ အမေ၊ ကျွန်တော် ကြိုးစားချိန်မရတော့ဘူးလေ၊ ပြီးတော့ သူ့မှာ ဟိုတုန်းကလို သံယောဇဉ်တွေ ဘာတွေမရှိတော့ဘူး'

မျက်လုံးချင်း ဒိုင်းခနဲ ဆုံသည်။

သိမ်းပိုက်ချမ်းက ရှုသိုးသိုးနှင့် မျက်နှာအရင်လွှဲပြီး ဂမုန်းကို ပခုံးချင်းပစ်တိုက်သည်။

'ဟဲ့... သား၊ အို... ဒုက္ခပါပဲ'

ဒေါ်သိန်းသိန်း ဘာကိုဘယ်လိုဝင်ပြောရမှန်းမသိ။

သိမ်းပိုက်ချမ်းက ပခုံးချင်းတိုက်တော့ ဂမုန်းက သိမ်းပိုက်ချမ်း လက်မောင်းကို တံတောင်နဲ့ နောက်ပြန်တွတ်ပစ်သည်။

'ဟာ... ပြန်လုပ်တယ်၊ ကြည့်စမ်း'

လက်မောင်းအောင့်သွားတော့ သိမ်းပိုက်ချမ်းက ဂမုန်းလက်မောင်းကို သူ ထပ်ဆောင့်ဆွဲလိုက်၏။

'အား'





ဂမုန်း ယိုင်ခနဲပါလာတော့ ပခုံးပေါ်ကကျော်၍ ချုပ်ဖက်ထားလိုက်၏။

'ဟဲ့... ဟဲ့... အမေရှေ့မှာ ဒုက္ခပါပဲ၊ တော်ဆိုမတော်ကြဘူး'

အတင်းဖက်ထားသဖြင့် ဂမုန်းမျက်နှာလေး ရှုံ့မဲ့နေ၏။

'ရန်ဖြစ်တာ မဟုတ်ဘူး အမေ၊ နောက် ယောကျ်ားကို ရိုသေတတ်အောင် သင်ပေးမလို့'

'ဟူး... သင်ကြ၊ သင်ကြ'

ဒေါ်သိန်းသိန်း ဒေါသမကင်းစွာပြောကာ နေရာမှ ထထွက်သွားလေသည်။

'သိမ်းပိုက် နင် ငါ့ကိုလွှတ်နော်၊ ငါ ကိုက်ဆွဲပစ်လိုက်မှာ သိလား'

'ဆွဲကြည့်လိုက်လေ၊ အဲဒီပါးစပ် နောင်တရသွားမှာပေါ့'

'အား'

ဂမုန်းလှုပ်လေ နာလေ သူ့ရင်ခွင်ထဲမှာ နစ်နေသည်။

'နာလား'

'သွား... လာမပြောနဲ့၊ သတ်သာသတ်ပစ်လိုက်'

'ဒုက္ခပဲကွာ၊ ချစ်လို့ချစ်မှန်းလည်း မသိဘူး'

'မချစ်နဲ့၊ နင့်အချစ်ကို ငါ မလိုချင်ဘူး၊ နင်ချစ်တာကိုလည်း မျှော်လင့်နေတဲ့ မိန်းမမဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'သိတယ်၊ မမျှော်လင့်မှန်း၊ ချစ်ကိုချစ်နေတာ၊ မလိုချင်လည်း ပေးကိုပေးချင်နေတာ'

ရှေ့ဆက်မသွားဖြစ်ဘဲ အခန်းဝအကွယ်မှာ ရပ်ရင်း အပြင်က အသံတွေကြောင့် ဒေါ်သိန်းသိန်း စိတ်ပျက်စွာ သက်ပြင်းချလေသည်။

ဒီကောင်လေးကိုက ခက်တာပါ။

○

'သမီးရေ… ဖုန်းကွဲ'

'ဟုတ်ကဲ့ အမေ'

ဒေါ်သိန်းသိန်းကို ဂမုန်း အမေလို့ပဲ ခေါ်ရပါသည်။ ကိုယ်ကချစ်ချစ် မချစ်ချစ် သူ့သားရဲ့ဇနီးဖြစ်ခဲ့ပြီ။

'ဟဲလို'

'ဂမုန်းလား'

အသံကို သိနေသလိုလိုမို့ ဂမုန်း ထိတ်ခနဲဖြစ်သွား၏။

'ဂမုန်း၊ တို့ပါ မေဥယျာဉ်'

'ဟင်… မမမေ အ… အကြောင်းရှိလို့လားဟင်'

'ရှိပါသော်ကောကွယ်၊ မင်းမသိသေးဘူးလား'

'ဘာလဲဟင်'

'ညီ… ညက အရက်တွေ အလွန်အကျွံသောက်ပြီး ဆေးရုံတင်လိုက်ရတယ်လေ'

'ရှင်'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ညလုံး သူ့ကိုအသက်လုနေရတာ၊ ဒီမနက်တော့ ဘယ်လိုနေလဲမသိဘူး၊ သတိတော့ ကောင်းကောင်းမရသေးဘူး လို့ ပြောတာပဲ'

'ကိုလေးရယ်'

ဒါကြောင့် ညက ဂမုန်း အိပ်မက်ထဲကို ကိုလေးရောက် လာတာပါ။ ဖုန်းကိုင်ထားရင်း လက်တွေတုန် မျက်ရည်လည် လျက် ဒေါ်သိန်းသိန်း ရပ်ကြည့်နေတာကိုပင် သတိမထားနိုင် ပေ။ ဂမုန်း ဖုန်းချ၍ ဒေါ်သိန်းသိန်းကိုပြေးဖက်ကာ…

'အမေ'

'ဟင်'

'ဂမုန်း လူနာမိတ်ဆွေတစ်ယောက်ဆီကို သွားပါရစေ အမေ၊ သူ့ အရမ်းကို အခြေအနေဆိုးနေလို့ ဖုန်းဆက်တာ၊ ဂမုန်း သွားပါရစေနော်'

'အို မိတ်ဆွေဆိုရင် သွားပေါ့ကွယ်၊ ဘယ်သူတဲ့လဲ အမေ့ကို ပြောခဲ့လေ၊ သားဖုန်းလှမ်းဆက်ရင် ဘယ်သွားတယ်လို့

'မဟုတ်ဘူး အမေ၊ ဂမုန်းတစ်ယောက်တည်း သွားလို့ မဖြစ်ဘူး၊ သူ့ကိုပြောလည်း ခွင့်ပြုမှာမဟုတ်ဘူး၊ အမေပါ လိုက် ခဲ့ပြီး သူမသိမှ ဖြစ်မှာ'

'ဟင်… ဘာဖြစ်လို့လဲ၊ မိတ်ဆွေဆို၊ မိတ်ဆွေက ဘယ် သူရှိလို့လဲ'





'ကိုမင်းညီလာ အမေ၊ သူသိရင် လုံးဝလွှတ်မှာမဟုတ် ဘူး ပြဿနာတက်မှာပဲ၊ ဒါပေမယ့် ဂမုန်းသွားမေးသင့်တဲ့ ကျေးဇူးရှင်ပါ အမေရယ်၊ ဂမုန်းကျေးဇူးရှင် မိတ်ဆွေတစ်ယောက် နေနဲ့ သွားမေးမှာပါ'

'နေပါဦးကွယ်၊ သူက ဘာဖြစ်လို့ ချက်ချင်းကြီးဆေးရုံ ရောက်သွားရတာလဲ'

'ညက အရက်တွေ တအားသောက်ပြီး ရှော့ခ်ဖြစ်သွား တာတဲ့အမေ၊ ဂမုန်း ခဏလေးသွားကြည့်ပါရစေနော်'

'သွားကြည့်တာက ရပါတယ်၊ သားကတော့ လက်ခံ မှာ မဟုတ်ဘူး သမီး၊ ခုကိစ္စက သမီးတို့ချင်း တစ်ခါက လက် ထပ်ဖို့ ရည်ရွယ်ခဲ့ကြတဲ့ ချစ်သူတွေ၊ ဆေးရုံရောက်သွားတာက လည်း သမီးကြောင့်ဖြစ်နေတယ်၊ အဲဒီအတွက် သွားဖို့မသင့် ဘူးထင်တယ်ကွယ်'

'အမေရယ်… ဂမုန်း ရိုးရိုးသားသား မိတ်ဆွေလိုပဲ သွားတွေ့မှာပါ၊ ဒါတစ်ခုပဲ တောင်းဆိုတာပါ၊ သွားပါရစေနော်'

ဒေါ်သိန်းသိန်း မတားရက်တော့ပါ။

အားလုံးသေချာပြီးသားကို ခွဲကွာသွားခဲ့ကြတာ ကိုယ့် သားကြောင့်။ ဒါလေးကော့ လိုက်လျောသင့်သည်ဟု ထင်သည် မို့…။

○



www.burmeseclassic.com

www.burmeseclassic.com

'ဟိုမှာ သေကောင်ပေါင်းလဲဖြစ်နေတာ စကားတောင်မပြောခဲ့ရဘူး၊ သတိတောင်မရသေးဘူး၊ ဂမုန်းကို ကျောင်းထားပေးခဲ့တဲ့ ကျေးဇူးရှင်သတင်းတောင်မှ သွားမေးခွင့်မရှိတော့ဘူးလား'

'မရှိဘူး၊ မမေးရဘူး၊ ဘာကျေးဇူးရှင်လဲ၊ နင့်ကိုမင်ပြီးပံ့ပိုးနေတာ ကျေးဇူးရှင်လား၊ သားစမ်းပါ၊ ဒီအကြောင်းပြချက်မျိုးနဲ့ လာမနှူးပါနဲ့၊ သေတော့ဘာဖြစ်လဲ၊ မိန်းမတစ်ယောက်ကြောင့် ကိုယ့်ကိုယ်ကို သေအောင်အရက်နဲ့ စိမ်တာ ဘာမှသနားစရာမရှိဘူး၊ အလကား ငကြောင်'

'သိမ်းပိုက်'

'ဘာလဲ'

'နင် သူများကို မစာမနာ မပြောနဲ့နော်'





'ဘာလို့ စာနာရမှာလဲ၊ ယောက်ျားပဲ၊ လိုချင်ရအောင်ယူပေါ့၊ မရရင် သွား ဒီလိုခပ်ကြောင်ကြောင်အလုပ်တွေ ငါ ဘယ်တော့မှ မလုပ်ဘူး'

'ဟဲ့ ··· သား၊ မင်းအမေတစ်ယောက်လုံး သင့်တော်မယ်ထင်လို့ ခွင့်ပြုလိုက်တာကို ဘာဖြစ်လို့ ဆူပူနေရတာလဲ၊ အမေပြီးလို့မပြီးတဲ့သဘောနဲ့ အာဏာပြနေတာလား၊ ဟုတ်လား'

'မဟုတ်ဘူး အမေ၊ ခွင့်ပြုလိုက်တာကိုက အမေလည်းမှားတာ၊ ဒါ ကျွန်တော် ဆုံးဖြတ်ရမယ့် ကိစ္စ၊ အိမ်ထောင်ရေးအရေးအခင်း၊ နောက် ဒီကိစ္စမျိုးတွေကို နင်လည်း အမေ့ကိုဆွဲမထည့်နဲ့၊ ငါ့ကိုတိုက်ရိုက်ပြော'

သိမ်းပိုက်ချမ်းက အမေ့ကို လှည့်ပြောလိုက်၊ ဂမုန်းကိုပြောလိုက်၊ အလုပ်ထဲကနေ ချက်ချင်းရောက်လာခဲ့ရသည့်အဖြစ်ကိုက မင်းညီလာ ဆေးရုံရောက်သွားသည်ကြားကာ ဂမုန်း ငိုနေပြီလားဟု အထင်နှင့် နေမထိ ထိုင်မသာဖြစ်ရခြင်းကြောင့်။

ထင်လို့ပြန်ရောက်လာတော့ မယ်မင်းကြီးမက ဆေးရုံကတောင် ပြန်ရောက်နေတဲ့အဖြစ်။

ဂမုန်းမျက်ဝန်းမှာ မျက်ရည်တွေပြည့်လျက်။ အံကြိတ်ထားသည်။

'ဂမုန်း'

'····'



www.burmeseclassic.com

www.burmeseclassic.com



'နှင် ငါ့ကို လုံးဝဂရုမစိုက်ဘူးနော်၊ ငါ ဒီလမ်းသွားတာ မကြိုက်နိုင်ဘူးလို့များ နည်းနည်းမှ မတွေးမိခဲ့ဘူးလား'

'တွေးမိတယ်၊ တွေးမိလို့ ဖွတ်သွားတာ၊ ငါက မိတ်ဆွေ တစ်ယောက်အနေနဲ့ရော မသွားရတော့ဘူးလား၊ ဒါ ငါ့ကျေးဇူး ရှင်'

'လာပြန်ပြီ ဒီကျေးဇူးရှင်၊ အချိန်တန် လူသိမ်းမယ့်ဟာ ကို ကျေးဇူးရှင် ကျေးဇူးရှင်နဲ့ ခဏခဏ ထည့်မပြောနဲ့၊ နားခါး တယ်'

'ခါးလည်းပြောမှာပဲ၊ သတိတောင် မရသေးတဲ့ လူကို နှင်ဘာဖြစ်လို့ အူတိုနေတာလဲ'

'နင့်ကိုချစ်လို့ တိုနေတာလေ၊ အဲဒီကောင်က နင့်ကို မရလို့ သေမတတ်ဖြစ်နေတာ၊ နင်က သွားစရာလား'

ဂမုန်း ခေါင်းခါ၍ တအားရှိုက်ငိုသည်။

'ဖြစ်ကြ၊ ဖြစ်ကြ၊ ငါ ဆင်ဖြူကျွန်းကို မြန်မြန်ပြန်တာ ပဲ အေးမယ် သိမ်းပိုက်၊ မင်း မအေတစ်ယောက်လုံး လူလိုမထင် တာ သိလား'

'မဆိုင်ပါဘူး အမေရာ'

ဒေါ်သိန်းသိန်း အပေါ်ထပ်တက်သွားလေသည်။

ဂမုန်း အခန်းထဲ ပြေးဝင်သွား၏။

ညှို့ခန်းကြီးထဲမှာ သိမ်းပိုက်တစ်ယောက်တည်း ကျန်





နေခဲ့သည်။ ဆိုဖာပေါ် ပစ်ခတ်ထိုင်ချကာ ခြေကောက်တစ်ဖက် ကို တစ်ဖက်ဆိုဖာပေါ် လှမ်းတင် ဆံပင်တွေကို ဆွဲဖွ။

ကိုယ့်အိမ်ထောင်ရေးကို ဘယ်လိုခံစားရမှန်းမသိသော စိတ်က ဘာကိုနားလည်ရမှန်းကို မသိတော့တာဖြစ်သည်။

ဒီကောင်နဲ့ ဂမုန်းရဲ့ကိစ္စက ဘာဖြစ်လို့ ဓာတ်လမ်းပြတ် မသွားရတာလဲ။ ရေကို ဓားနဲ့ခုတ်ရတာထက် အဆများစွာခက်ခဲ လှသော သူတို့ရဲ့ချစ်ခြင်းကို ဘယ်လိုဓားနဲ့ ဖြတ်ရမလဲ။

၀

www.burmeseclassic.com

www.burmeseclassic.com

'ဂမုန်း ထမင်းစားပြီးပြီလား'

'မစားချင်ဘူးတဲ့၊ အခုလေးတင်ပဲ ဒီကထသွားတာ'

သူ အခန်းထဲ ဝင်လာခဲ့သည်။

ဂမုန်းက မှန်တင်ခုံရှေ့မှာ ထိုင်လျက် ခေါင်းငုံ့၍ ဘာ လုပ်နေသည်မသိ။ သူ ခပ်ဖွဖွ လျှောက်သွားကာ နောက်ကနေ မိုးကြည့်လိုက်တော့ ဘယ်လက်မှာ စွပ်ထားသည့် လက်စွပ်လေး ကို တယုတယ ပွတ်သပ်ကြည့်နေတာ မြင်လိုက်ရသဖြင့် သိမ်းပိုက် ပို၍ တင်းခံနဲ့ဖြစ်သွား၏။

ဒီလက်စွပ်ဟာ…

'အဲဒီလက်စွပ် ဟိုကောင်ပေးထားတာ မဟုတ်လား ဂမုန်း'

'ဟင်'





ဂမုန်း ဆတ်ခနဲ နောက်လှည့်ကြည့်ပုံက အလန့်တကြား …တို့လည်း နောက်မှာဝှက်ကာ ထရပ်လိုက်လေသည်။

'ဘယ်သူ့ဟာဖြစ်ဖြစ် ငါစွပ်ထားတာ ငါ့လက်စွပ်ပဲ'

'ဒါဆို အဲဒီလက်စွပ်ထက်လှတာ ငါဆင်မယ်၊ အဲဒါ …ထိုက်'

'မချွတ်နိုင်ပါဘူး၊ လှလှ မလှလှ ငါ့ပစ္စည်းပဲ ငါတန်ဖိုး …တယ်'

သိမ်းပိုက် ပို၍တစစ နီတွတ်လာလေရာ ဂမုန်း ပို၍လွဲ …လိုက်၏။

'ဒီလက်စွပ်ကို နင်ချွတ်မလား မချွတ်ဘူးလား'

'မချွတ်ဘူး'

'နင်က ငါ့ရင်ခွင်ထဲ ရောက်နေတာတောင်မှ ဟိုတစ် …ကောင်ကို တမ်းတနေသေးတယ်ဆိုတော့ ဖောက်ပြန်နေတာပေါ့ …တ်လား'

'နင်… နင်… ဘာပြောတယ်'

'ဟုတ်တယ်၊ ဖောက်ပြန်တယ်ဆိုတာ ကိုယ်နှုတ်နှလုံး …ယ်အရာပဲဖြစ်ဖြစ် လွန်ကျူးလိုက်ရင် ဖောက်ပြန်တာပဲ၊ နင် …ါ့ကို ကျော်ပြီး တစ်ပါးယောကျ်ားကို'

'တော်တော့ မပြောနဲ့'

'မပြောစေချင် ချွတ်လေ၊ ကိုယ့်သားမယား သူများတို့



www.burmeseclassic.com

www.burmeseclassic.com



တလှမ်းလှမ်း တဆွေးဆွေး လုပ်နေတာ ဘယ်ကောင်မှ မလွတ်ဘူးနော်၊ ပြီးတော့မှ နှင် ငါ့ကို အပြစ်မတင်နဲ့'

'မလှမ်းစေချင်ရင် သူများနဲ့ မချစ်ဖူးခဲ့တဲ့ မိန်း ရှာယူပေါ့၊ တစ်ယောက်ပြီး နောက်တစ်ယောက်ကို အလွယ် ပြောင်းမချစ်နိုင်တဲ့ မိန်းမတွေကတော့ လှမ်းမှာပဲ၊ သတိရ ဟာ ဖောက်ပြန်တယ်ဆိုရင်တော့ ငါ မတတ်နိုင်ဘူး'

'တောက်'

'အို'

ဂမုန်း ဘယ်လိုမှ ရှောင်မရ။

လက်ကိုလည်း ဘယ်မှဝှက်မရတော့ပေ။

သိမ်းပိုက်ချမ်းက လက်ကို ဖျတ်ခနဲ လှမ်းဆွဲကာ ရရ ချုပ်ထား၍ လက်စွပ်ကို ချွတ်ယူလိုက်သည်။

'သိမ်းပိုက်'

ဂမုန်း အာခေါင်ခြစ်အော်သည်။ သို့သော် နောက် သွားလေသည်။

လက်စွပ်ကလေးသည် လွင့်ခနဲ မြောက်တက် ပြတင်းပေါက်မှတစ်ဆင့် ခြံထဲသို့ ဝေးလွင့်စွာ ရောက်ရှိသွ လေသည်။

'နှင်… နှင်… အဟင့်'

ဂမုန်း သူ့ကို ပြေးလုပ်တာပါ။ သို့သော် သူ့ရင်ဘ





ကို အိပ်မက်ထဲမှာ ထုရသလို အားအင်ချိနဲ့စွာ နှစ်ချက်သာ ထုနိုင်ပြီး လူက ခွေကျသွား၏။

သိမ်းပိုက် ဂမုန်းကို ဆွဲပွေ့လိုက်သည်။

'သွား… ငါ့ကို မကိုင်နဲ့၊ လူရမ်းကား ဟင့်… ဟင့်'

ဂမုန်း အော်သာအော်၍ ရုန်းလည်းမရုန်းနိုင်။

ခံစားချက်တို့သည် အင်အားများကို မည်သို့ဆုပ်ဆွဲယူ သွားကုန်မှန်းမသိ။ သိမ်းပိုက်ချမ်း ဂမုန်း ကိုယ်လုံးကလေးကို တင်းကျပ်စွာ ဖက်ထားမိလိုက်…

မျက်ရည်စွဲနေသော မျက်နှာလေးကို မြတ်မြတ်နိုးနိုး နမ်းသည်။

'ငါ့ကို စိတ်မဆိုးပါနဲ့ ဂမုန်းရယ်၊ ငါ နှင့်ကိုချစ်လို့ ဖြစ်ခဲ့တာတွေရည်းပါ၊ သူ့လက်ထဲက ငါ နှင့်ကို လုယူခဲ့တဲ့သူ ငါ မဟာရားတာလုပ်ခဲ့တာမှန်တယ်၊ ဒါပေမယ့် အဲဒါ ငါ နှင့်ကို ချစ်လို့ နှင့်အချစ်ကို လိုချင်လို့၊ နှင် ဘာဖြစ်လို့ သူ့ကိုသတိရနေ တာလဲ၊ အဲဒါ ငါမခံနိုင်ဘူး၊ ငါတောင်းပန်တာပါ၊ နှင် သူ့ကို မေ့ပစ်လိုက်ပါ ဂမုန်းရယ်'

ဂမုန်း သူ့ကို အတင်းတွန်းပစ်နေသည်။

သူ မရေမရာ ဖက်ထား၍ ချော့သည်။

ချော့မရသည့်အဆုံး သိမ်းပိုက်ချမ်း လက်လျှော့ရလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်အုံ'

'ဟေ'

ဒေါ်အုံ ချက်ချင်းရောက်လာသည်။

'ခြံထဲမှာ သစင်တိုင်တွေဘက်ကို လက်စွပ်တစ်ကွင်းကျ သွားတယ်၊ အဲဒါ ခင်ဗျားသွားရှာ၊ တွေ့ရင် လက်စွပ်ကို ရောင်းပစ်လိုက်၊ ရောင်းရတဲ့ငွေ ခင်ဗျားယူ'

'ဟင်'

'လက်စွပ်ပြန်တွေ့ရင် ကျွန်တော့်ကို လာပြ၊ ဘယ်သူ့ကိုမှ မပြနဲ့၊ တွေ့တဲ့အတွက် ခင်ဗျားကို ကျွန်တော်က သပ်သပ် ထပ်ပေးဦးမယ်၊ ကြားလား'

'ဟေ… အေး… အေးပါကွယ်'

သူ သေသေချာချာမှာနေရတာက ဒီလက်စွပ်ကို ဂမုန်း ပြန်တွေ့သွားမှာစိုးလို့ ဖြစ်သည်။

တစ်ဖက်သတ်ချစ်ရတာ မလွယ်ပါလား။

○

'ဟော… ကိုသိမ်းတို့နေးမောင်နဲ့ လာပြီ'

အသံက နားထဲမှာ စူးခနဲ ဖြစ်လေသည်။ မင်းညီလာ ခေါင်းထောင်ကြည့်လိုက်၏။ တကယ်ပါပဲလား ဂမုန်းရယ်…။

အနက်ရောင်လုံနေသည့် ခရမ်းရောင်အပြောင် ချိတ်ထဘီ၊ ပဒုမ္မာသားခရမ်းရောင်ပါးပါးလေးကို လည်ထောင်ရင်ဖုံးလက်ရှည်လေးဝတ်လျက်။ အတော် ကြွရှလှပသော ခေါင်းဘယက်ကြီးတစ်ကုံးကို လည်တိုင်မှာ ကပ်ဆွဲထားသည်။

မျက်နှာပြင်မှာ မိတ်ကပ်ပြေပြေနှင့် နှုတ်ခမ်းမှာ ဗေဒါရောင်နှုတ်ခမ်းနီလက်လက်ကလေးကိုတင်ထား၏။

ရှည်လျားကော့နက်သော မျက်တောင်ရှည်တို့နောက်မှာလည်း ဗေဒါရောင်နုနုလေး တင်ထားသည်။ လှလိုက်တာ ချာတိတ်ရယ်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျစ်ဆံမြီးလေးနှစ်ဖက်ကို ရိုးရိုးကလေး ကျစ်ချထားေ မယ့် ဒင်နာမှာရောက်နှင့်ပြီးကြသည့် အမျိုးသမီးတို့ရဲ့ အလှတရား တို့ဟာ ဂမုန်းရဲ့ လှပမှုများအောက်မှာ ဝပ်စင်းခယကုန်သည် နှယ်။

ဒင်နာမှာ အငယ်ဆုံးစုံတွဲဖြစ်သလို ငယ်ငယ်ချောချော လေးတွေမို့ အားလုံး သမင်လည်ပြန်လှည့်ငေးကြရသည့်စုံတွဲ။

သိမ်းပိုက်ချမ်းနဲ့ ဂမုန်းကလည်း မင်းညီလာ လှမ်းကြည့် လိုက်သည်နှင့် မြင်ပြီးသားဖြစ်သွားကြ၏။

'လာ… လာ… နောက်ကျလှချည်လား သိမ်းလေး… မင်းတို့စုံတွဲနဲ့ ကိုချစ်ဦးတို့ပဲ ကျန်တာ'

'လာ… ညီမလေး'

ကိုလှထွတ်ရဲ့ဇနီး မသီဂီဖူးက ဂမုန်းလက်ကလေးကို လာဆွဲသည်။

'မသီဂီ သူ့ကို ဘယ်ခေါ်မှာလဲ'

'ဟိုဘက်မှာ အမျိုးသမီးတွေကို နေရာပေးထားတယ် ကိုသိမ်းရဲ့'

'ဟဲ… ဟဲ… ကျွန်တော်က မိန်းမကို လက်ချင်းချိတ် ထားရမှ ကျေနပ်တာ'

'သြော်…ဒီလိုလား၊ မသိလို့ပါရှင်၊ ဒါဆို မခေါ်တော့ပါ ဘူး'





'အေးလေ၊ ငါ့မိန်းမကလည်း ဖွင့်ပြောမှ သိရသလားကွ'

'ဟား… ဟား… ဟား… ဟား'

ဟန်ဆောင်ရယ်ဖို့ကို သတိမရလိုက်ပေ။

သိမ်းပိုက်ချမ်း မျက်နှာ ရဲခနဲဖြစ်လေသည်။

ဒီဒင်နာမှာရှိသမျှ မိတ်ဆွေအားလုံး သူတို့ရဲ့ သုံးပွင့်ဆိုင် အဖြစ်ကို မသိတဲ့လူမရှိ။

အထူးသဖြင့် အမျိုးသမီးတွေရဲ့ မျက်လုံးများက သူတို့ သုံးယောက်ရဲ့ မျက်နှာများဆီမှာ…

ဂမုန်းနဲ့ မင်းညီလာရဲ့ မျက်ဝန်းများက သိုသိပ်မှုကင်းမဲ့ လျက်။ သူ ဂမုန်းလက်ဖဝါးလေးကို ခပ်ဖိဖိဆုပ်ပစ်၍…

'ဂမုန်း ငါရှိင်းတတ်တာ နင်သိတယ်နော်'

တိုးတိုးကပ်ပြောလိုက်မိသည်။

ဂမုန်း ဆတ်ခနဲ မျက်နှာလွှဲကာ သူ့လက်ဖဝါးကို ပြန်ဆွဲ သည်။ မင်းညီလာလည်း မျက်နှာငုံ့ကျသွားတာကို မြင်လိုက်၏။

ကိုလေးမျက်ဝန်းထဲမှာ မြင်နေရသည့် ကြေကွဲခြင်းတို့ကို ခဏလေးမြင်လိုက်တာနှင့် ဂမုန်းသိခဲ့ပါသည်။

ဟိုတုန်းကလို ရှင်းသန့်ချောမွေ့နေတတ်သည့် ရုပ်သွင် လည်း ပျောက်ကာ ဆံပင်တွေရှည်ကျသလိုရှိကာ မျက်ခွံတွေက အစ်နေသည်။ ကိုလေးရဲ့ ညှင်းသိုးသိုးပုံစံကို ဂမုန်းနောက်ထပ် တစ်ခါ ထပ်မကြည့်ရက်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



'ဂမုန်း'

ဘုရား…

ကိုလေး အနားမှာလာရပ်ပြီး…

ဂမုန်းပြန်မထူးရသေးခင် ဝိုင်တစ်ခွက်ငှဲ့ချကောက်ကိုင်၍ သိမ်းပိုက်ချမ်းက ခပ်ဖြည်းဖြည်းထရပ်၏။

ညှို့ခံပွဲသည် တိခနဲ တိတ်ကျသွား၏။

မင်းညီလာက သိမ်းပိုက်ချမ်းကို ပြုံးပြလိုက်ပြီး…

'ကွန်ကရက်ကျူလေးရှင်းပါ'

လက်ကမ်းပေး၏။

သိမ်းပိုက်ချမ်းက ဝိုင်ကိုမော့နေရင်း လက်ကိုစိုက်ကြည့်သည်။ ပြီးတော့ ဟင့်ခနဲ ရယ်၍ လက်ကိုပြန်ဆုပ်ကိုင်၏။

'ခင်ဗျား နေကောင်းသွားတယ်ပေါ့'

မေးပုံက မညင်သာ။ မင်းညီလာက မျက်နှာမပျက်ဘဲ ပြုံးလျက်နှင့်…

'ကိုယ်လည်း ဒီအဖြစ်ကို မလိုချင်ပါဘူး၊ ဒါပေမယ့် ကံဆိုးစွာကောင်းသွားတယ်၊ တစ်ခုတော့ရှိပါတယ်၊ ကိုယ့်ကြောင့် ဘယ်သူမှ စိတ်မညစ်ခဲ့ရဖူးဘူး'

သိမ်းပိုက်ချမ်းက ဝိုင်တစ်ခွက်ထပ်ငှဲ့၍ ခြေတစ်ဖက်ကို လွှတ်နေသည့် ကုလားထိုင်တစ်လုံးပေါ် လှမ်းတင်လိုက်သည်။

တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်နေကြသည်။





အခြေအနေက မကောင်း…။ ဂမုန်း ထရပ်လိုက်ရလေသည်။

'ကိုလေး ကိစ္စများ ရှိလို့လားဟင်'

မင်းညီလာ ဂမုန်းကို ပြန်ကြည့်သည်။

'ကိစ္စတော့မရှိပါဘူး၊ ဒါပေမယ့် မင်းစိတ်ဝင်စားဦးမယ် ထင်လို့ ကိုယ်လာပြောတာ'

'ဘာလဲဟင်'

'ဖေဖေ အသည်းအသန်ဖြစ်နေတယ်'

'ဟင်'

ဂမုန်း မျက်နှာလေး ငယ်သွားသည်။

'ကိုယ် နိုင်ငံခြား သွားဖို့ရှိတာလည်း ဖေဖေနေမကောင်းလို့ မသွားဖြစ်တာ'

'မမမေကရောဟင်'

'သူ မရှိတော့ဘူး၊ ဖေဖေနဲ့ ကွာရှင်းပြီးသွားပြီ'

မင်းညီလာက သိမ်းပိုက်ချမ်းကို တောင်းပန်သလို ကြည့်၍…

'ဖေဖေ့ကို ဂမုန်း ခဏလေးဖြစ်ဖြစ် သွားကြည့်စေချင်တယ်၊ မင်းအဆင်ပြေမယ့် တစ်ရက်ရက်ပေါ့၊ လာမယ့် နှစ်ဆယ့်နှစ်ရက်နေ့ ကိုယ်ဂျပန်သွားမှာ၊ ဖေဖေ့အခြေအနေလေး ကောင်းသွားမယ်ဆိုရင် ဟိုကို ကိုယ်ခေါ်သွားချင်တယ်'

'ခင်ဗျားအဖေက ဂမုန်းရောက်သွားမယ်ဆိုရင် သက်သာမယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဖေဖေက ဂမုန်းကို သံယောဇဉ်ကြီးခဲ့ဖူးတယ်၊ ဒါပေမယ့် ကိုယ်မတောင်းဆိုပါဘူး'

သူ ဂမုန်းကို ပြန်ကြည့်၍…

'ဂမုန်းဆန္ဒရှိမှ သွားပါ၊ မင်းတို့လင်မယားနှစ်ယောက်လုံးကို ကိုယ်ဖိတ်ပါတယ်၊ ကိုယ့်အဖေက လူထူမှ ထနိုင်တဲ့ ဒုက္ခိတမို့ သွားစေချင်တာတော့ အမှန်ပါပဲ'

မင်းညီလာ ဒါပဲပြောကာ ခပ်လေးလေးလှည့်ထွက်သွားလေသည်။

'ဟာ… ကိုညီ တစ်ခါတည်း ပြန်တော့မလို့လား'

'ဟုတ်ကဲ့၊ ခွင့်ပြုကြပါဦး'

မင်းညီလာရဲ့ ကျောပြင်ကို လှမ်းကြည့်၍ ဂမုန်းမျက်နှာလွှဲပစ်လိုက်သည်။ ငိုချင်နေသော စိတ်ကို ထိန်း၍ နေရာမှပြန်ထိုင်လိုက်၏။

သိမ်းပိုက်ချမ်းက တခြားစားပွဲကို လျှောက်သွားကာ တစ်ခွက်ပြီးတစ်ခွက် မော့နေတာ အရက်တွေမှန်း ဂမုန်းသိနေပါ၏။

သိမ်းပိုက် ရူးနေပြီ။

'မသွားရဘူး၊ နင် အဲဒီကို သွားလိုက်တာနဲ့ ငါဘာကောင်ဖြစ်သွားမလဲ၊ နင်သိလား'

ဂမုန်း နားထဲမှာ ကြားနေသည်။

မသွားသင့်ပေမယ့် သွားသင့်တယ်လို့လည်း လက်ခံနေမိသည်။ ဘာဖြစ်လဲ။ ဒါက နာရေးပဲ။

ကိုလေးဆီ သွားတာမှ မဟုတ်တာ။

ကိုယ့်ကိုယ်ကို အထပ်ထပ် အားပေးရင်း သူ့ပို့ပြီးပြန်ထွက်သွားတာနှင့် ရဲရဲကို ပြောကာ ဂမုန်းထွက်လာခဲ့သည်။

သူမ စီးလာသည့် အငှားကားလေး ကိုလေးတို့ခြံဝရောက်သည်နှင့်အထဲက ထွက်လာသည့် ကားနက်ကလေးနှင့် တည့်တည့်ဆုံလေသည်။

'ဟင်… ဂမုန်းပါလား'

'မမမေ့'



www.burmeseclassic.com

www.burmeseclassic.com



ကားချင်းကပ်ရှောင်တော့ မေက သူမကိုယ်တိုင်မောင်း
သည့် ကားကို ခပ်ဖြည်းဖြည်း လိုမ့်ရင်း…

'ကိုလေးဆီ လာတာလား'

'အို… မမမေကလည်း'

ဂမုန်းမျက်နှာ တင်းသွားကာ…

'ဂမုန်း ဦးဆီလာတာပါ'

'သိဘူးလေ၊ မင်းက သိမ်းပိုက်ချမ်းကတော်ဖြစ်ပြီ
အငှားကားနဲ့ တစ်ယောက်တည်းဆိုတော့ ဟင်း… ဟင်း'

မေက ပခုံးတွန့်၍ ခနဲ့သလိုလိုရယ်ကာ ကားကို ထွေ
မောင်းသွားသည်။

'ရပြီ ဦးလေး'

ကားပေါ်က ဆင်းကျန်ခဲ့ရင်း ဂမုန်း စိတ်တွေလေးသွား
သည်။ မမမေ မျက်နှာပေါ်က အပြုံးကို စိတ်ထဲမှာ ကြောက်နေမိ
၏။ သို့သော် ခြေလှမ်းတို့က အိမ်ထဲကို လှမ်းဝင်ပြီးသား
ဖြစ်နေပြန်သည်။

'ဟင်… ဂမုန်း'

သူမ အထဲဝင်လိုက်သည်နှင့် အပေါ်ထပ်က ဆင်းလာ
သည့် မင်းညီလာနှင့် မျက်နှာချင်းဆိုင်မိလေသည်။

'ဘာလို့ရပ်သွားတာလဲ ဂမုန်း၊ လာလေ၊ ကိုယ့်ကိုတွေ့
လို့ မလာရဲတာလား'





'မ… မဟုတ်ပါဘူး ကိုလေးရယ်'

ဂမုန်း ကိုလေးကို သနားသွားမိကာ ရှေ့ဆက်တိုးလာခဲ့
၏။

'ဖေဖေ့ကို လာကြည့်တာလား'

'ဟုတ်ကဲ့ ကိုလေး'

'ခုနပဲ ဆေးရုံဆင်းပြန်သွားတယ်'

မင်းညီလာက ဂမုန်းနဲ့အတူ အပေါ်ကို ပြန်လိုက်လာ
သည်။

'ဂမုန်းက အရင်ကလိုပဲနော်၊ ဘာမှမပြောင်းလဲဘူး'

'ဘာဖြစ်လို့လဲဟင်'

'ဘာမှမဖြစ်ပါဘူး'

မင်းညီလာ မျက်နှာလွှဲ၍ ပြောသည်။

အခန်းထဲရောက်တော့ ဦးမင်းကျော်ဇင် နှစ်နှစ်ခြိုက်ခြိုက်
အိပ်နေ၏။

ဂမုန်း ဦးရဲ့ခြေဖျားကို ဖွဖွလေး ဆုပ်ကြည့်၏။

'အို… အေးစက်လို့ပါလား'

'ဟုတ်တယ်၊ ညဘက်ကျတော့ အပူတွေပြန်တယ်၊ အခု
သူ့ကို ရေပဲတိုက်လို့ရတယ်၊ ဘာမှမစားဘူး၊ အစက အနားမှာ
စကားသွားပြောရင် သူနိုးတယ်၊ အခု မသိတော့ဘူး'

'ဦးရယ်'



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်း ခြေရင်းမှာ ထိုင်ရင်း မျက်ရည်ကျလေသည် အကယ်၍သာ ကိုလေးနဲ့ ဂမုန်း လက်ထပ်ဖြစ်ခဲ့လျှင် ဦး... နေ့နေ့ညည ဂမုန်း ပြုစုမည်သာ။

'အခု ခေါ်ဖြိုးနဲ့ကိုယ်ပဲ လူလဲပြုစုရတယ်၊ အဖြင်... ခေါ်ဖို့ဆိုတာ မလွယ်ဘူးလေ၊ ကိုယ် ဂမုန်းကို ဖေဖေ့ကို ... ကြည့်ဖို့ ခေါ်တုန်းက ဖေဖေ သတိကောင်းသေးတယ်'

'ဖြစ်ရလေ ဦးရယ်'

ဂမုန်း ပါးစပ်ပိတ်ရှိုက်ကာ လွယ်အိတ်ထဲက လက်ကိုင် ပဝါထုတ်သည်။

'ရှော့... ဒါနဲ့ သုတ် ဂမုန်း၊ မငိုပါနဲ့ကွာ၊ ကိုယ်ဖြ... ချင်သလို ဖြစ်ရတာမှ မဟုတ်တာ'

မင်းညီလာက ဂမုန်းလက်ထဲက လက်ကိုင်ပဝါလေး... ဆွဲယူလိုက်ကာ သူ့အိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ပေးသည်... ဂမုန်း ရုတ်တရက် မယူဖြစ်ဘဲ ငေးကြည့်နေသဖြင့်...

'ကိုယ့်လက်ကိုင်ပဝါကို မယူချင် ထားခဲ့ပါ ဂမုန်းရယ်... မင်းလက်ကိုင်ပဝါကိုတော့ ကိုယ့်ကို ပေးခဲ့ပါ၊ လက်ကိုင်ပဝါ... ပေးရင် ဝေးရတယ်တဲ့၊ ကိုယ်တို့က ဝေးခဲ့ပြီးပြီပဲ၊ ဒီလက်ကိုင်... ပဝါလေးရှိလို့ ကိုယ့်အနားမှာ မင်းရှိနေသလို ကိုယ်ဖြေလို့ရမယ်... ထင်လို့ပါ'

ဂမုန်း ဘယ်လိုအင်အားနဲ့ ပြန်တောင်းရမှန်းမသိ။





သူပေးနေသည့် လက်ကိုင်ပဝါကိုလည်း ဆုပ်ကိုင်ထားမိပြန်သည်။ ဂမုန်း မှားပြီလား။

'လာ... ကိုယ်တို့အောက်မှာ စကားသွားပြောရအောင်'

'ဦး... အိပ်နေတာမှ ဟုတ်ရဲ့လား ကိုလေးရယ်၊ ခေါ်ကြည့်ပါဦး'

'သူ ဒီလိုပဲ ဂမုန်း၊ ဒီညစောင့်ကြည့်လို့မှ အခြေအနေထူးရင် ကိုယ်တို့တစ်မျိုးလှည့်ကြိုးစားကြည့်မယ်လို့ ဒေါက်တာချစ်ဝင်းနဲ့ တိုင်ပင်ထားတယ်၊ မနက်က သမားတော်ကြီးတွေလည်း ပြောသွားတယ်၊ ဘယ်တတ်နိုင်မလဲ ဂမုန်းရယ်၊ ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့ရတာမှ မဟုတ်တာ'

မင်းညီလာက နူးညံ့သောအပြုံးနှင့် ဂမုန်းကို လှည့်ကြည့်သည်။

'ကိုယ် နားလည်ပါတယ်၊ မင်းကိုယ့်လက်စွပ်လေးကို ချွတ်ပစ်လိုက်ပြီနော်'

ဂမုန်း ယောင်ရမ်း၍ လက်ကိုဝှက်လိုက်မိသည်။

'ဒါ မှန်ပါတယ် ဂမုန်းရယ်၊ မင်းကို ကိုယ်ပိုင်ဆိုင်ခွင့်ရှိတော့တာမှ မဟုတ်ဘဲ၊ ကိုယ်ပိုင်ချင်လို့ ပေးခဲ့တဲ့ ပစ္စည်းကို မင်း စွန့်ခဲ့တာ မှန်ပါတယ်'

'ဂမုန်းကို ခွင့်လွှတ်ပါ ကိုလေးရယ်၊ ဂမုန်း သူ့ကိုချစ်ချစ် မချစ်ချစ် အခု သူက ဂမုန်းရဲ့ယောက်ျား၊ အိမ်ဦးနတ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ပြီးတော့ သူဟာ တကယ်ထက်တဲ့ ယောကျ်ားပါ၊ မင်းအတွက် ကံကောင်းပါတယ်'

'ကိုလေး'

'ဟင်'

'ကိုလေး အရက်မသောက်ပါနဲ့နော်'

မင်းညီလာက မျက်နှာလွှဲပြီးမှ ခပ်မဲ့မဲ့ရယ်သည်။ မဲ့လိုက်တာဟာ မလိုတမာမဲ့ခြင်းမျိုး မဟုတ်ပါ။ မရယ်နိုင်လို့ မဲ့သွားရသည့် နှုတ်ခမ်းမှာ ကြေကွဲခြင်းတွေ အပြည့်။

'မင်းကို ကိုယ်ဆုံးရှုံးခဲ့ရတာဟာ ကိုယ့်ဘဝတစ်ခုလုံး ပျက်စီးသွားသလိုပါပဲ ဂမုန်း၊ ဒါကို ကိုယ်ခံနိုင်အောင် ကြိုးစားနေရတာ အရက်က ကိုယ့်အဖော်ပဲ၊ ဒါတော့ ကိုယ်ကတိမပေးနိုင်ဘူး'

'ကိုလေးရယ်'

သူမ ကားငှား၍ပဲ အိမ်ကိုပြန်မည်။ သိမ်းပိုက် သိသွားရင်လည်း အမှန်တိုင်းပဲ ဝန်ခံလိုက်တော့မည်။ ဂမုန်း ကားငှားရမှာမို့ လမ်းမဘက်ရောက်အောင် လျှောက်ထွက်လာခဲ့၏။

ထိုစဉ် ခေါင်းငုံ့လျှောက်နေသော ဂမုန်းရှေ့မှာ ကားတစ်စီးက ထိုးရပ်သွား၏။ ဒီတော့မှ ဂမုန်း ခြေလှမ်းတန့်သွားကာ မော့ကြည့်ဖြစ်၏။

'သိမ်းပိုက်'





သိမ်းပိုက်ချမ်းက တံခါးလှမ်းဖွင့်ပေးကာ…

'တက်… ကားပေါ်'

မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် အေးစက်တင်းမာနေလျက် အပိုစကားတစ်ခွန်းမှ မဆိုတော့တာ အိမ်ရောက်တဲ့အထိ။

'နေပါဦး'

အိမ်ထဲဝင်တော့ ဂမုန်း အခန်းထဲထိအောင် လျှောက်ဝင်ခဲ့စဉ် သိမ်းပိုက်ချမ်းက လက်ကိုဖမ်းဆွဲထား၍…

'ပြောစမ်းပါဦး၊ ခင်ဗျားကို ကျွန်တော် အခန်းထဲထိ ထည့်ပေးခဲ့လျက်နဲ့ မင်းညီလာဆိုတဲ့ ခပ်ကြောင်ကြောင်ကောင်ဆီ ဘယ်လိုရောက်သွားတာလဲ'

'မင်းညီလာဆီ သွားတာမဟုတ်ဘူး၊ လူမမာသွားမေးတာ'

'လုပ်မနေစမ်းပါနဲ့၊ လက်ကျဲကြီးနဲ့မှန်း အသိသာကြီးပါ၊ နင်တို့ချိန်းတွေကြတာက အိမ်မှာပေါ်တင်ကြီးပါလား'

'နင် ငါ့ကိုမစွပ်စွဲနဲ့နော် သိမ်းပိုက်၊ ငါ ရိုးသားလို့ ပေါ်တင်သွားတာ၊ မယုံရင် အဲဒီမှာ သွားကြည့်၊ လူနာက နေ့လား ညလား ဖြစ်နေတာ'

သိမ်းပိုက်ချမ်းက ခနဲ့ခနဲ့ ရယ်သည်။

'ဟုတ်လား၊ ပေါ်တင်သွားတာကလည်း ကျောင်းခွင့်ယ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကြီးနဲ့၊ ကကနဲ့ပါလား၊ ပြောပါဦး၊ အဲဒီကနေ ဘယ်... ဆက်သွားဖို့ အစီအစဉ်ရှိသေးလဲ'

'အိမ်ကိုပြန်လာတာ၊ ငါ ဘာကိုမှ ကွယ်ဝှက်ထား... မရှိဘူး သိလား၊ ကျောင်းကနေ မသိအောင်သွားတာက နင့်... ပြောရင် လွှတ်မှာမဟုတ်မှန်းသိလို့ လိပ်ပြာသန့်သန့်နဲ့ ငါသွား... တာ၊ သွားပြီးမှ ဘာပြောပြောဆိုပြီး ငါ့ခွတ်ထွက်သွားတာ'

'ဘာပြောပြော ဟုတ်လား၊ ပြောလိုက်ရလို့ ဒီရင်ဘ... ကြီးက ပေါ့ပါးပျောက်ပျက်သွားတယ် ထင်လား၊ ခုန နင်လု... တာကို ငါသူများဖုန်းဆက်ပြောမှ သိရတာ၊ ငါ ဘာကောင်ဖြ... သွားလဲ၊ ပြောတဲ့သူက ငါ့ကိုဘာကောင်လို့ သဘောထားပြီ... ပြောသွားတယ် ထင်လဲ'

'ဘာပြောပြော ငါမဟုတ်ဘူးလို့ ပြောပြီးပြီပဲ'

'သိတယ်၊ မဟုတ်တာကို ငါသိတယ်၊ ပတ်သက်ချင် နေတာကို မခံနိုင်တာ၊ လက်ကျန်သံယောဇဉ်တွေ မပြတ်နိုင် တာကို ဒေါသဖြစ်နေတာ၊ နင် ဘာဖြစ်လို့ အဲဒီကောင်ကို မေ့မ... ဖြစ်နေတာလဲ ဂမုန်းဟင်'

'အို… မသိဘူး၊ မပြောနဲ့၊ ဘာမှမကြားချင်ဘူး'

'မကြားချင်လည်း ပြောရမှာပဲ၊ နင် နောက်နေ့ကစပြီး ကျောင်းမတက်နဲ့တော့'

'ဘာ'





'ဟုတ်တယ်၊ လုံးဝကို စိတ်မချတော့တာ၊ ဆရာဝန်မဖြစ် လို့ ဘာမှမဖြစ်သွားဘူး၊ ဒီမှာတငွေ့ငွေ့လောင်နေလို့ အတွင်းမှာ ပြာကျနေပြီ'

'သိမ်းပိုက်'

'မပြောနဲ့၊ လုံးဝဆုံးဖြတ်ချက်ချပြီးမှ ပြောတာ'

သိမ်းပိုက်ချမ်း ချာခနဲ လှည့်ထွက်သွားသည်။

ဂမုန်း ဒေါသလည်းဖြစ်၊ ဝမ်းလည်းနည်းကာ ဆိုဖာ ပေါ်ကို လွယ်အိတ်ပစ်ချ၍ ထိုင်ငိုတော့သည်။

သိမ်းပိုက်…, အလကားကောင်။

ဒါ သက်သက် ပါဝါပြတာ။

တွေးလေ ဖြေမရနိုင်လေ။

○

www.burmeseclassic.com

www.burmeseclassic.com

'လင်နဲ့မယား လှူဖို့သွားတဲ့၊ ဖြစ်ပြီးရင် ပြီးပြီပေါ့၊ အပြီးအမှတ်ထားစရာလား၊ နင်တို့ကလည်း'

ဂမုန်းက စားသောက်ပွဲတွေကို ဘေးတိုက်ထိုင်ကာ မျက်နှာလွှဲလျက် မျက်ရည်တွေဝဲနေသည်။ ကိုလေးနဲ့ပတ်သက်ခဲ့သမျှ စိတ်ချမ်းမြေ့ခဲ့ရသလောက် သိမ်းပိုက်ချမ်းနဲ့ ပတ်သက်လာခဲ့တဲ့ အပိုင်းမှာ ဂမုန်း မျက်ရည်နဲ့မျက်ဝန်းဟာ ခြောက်သွေ့ခဲ့သည်မရှိပေ။

အမြဲတမ်း မေ့မရတာလည်း မဟုတ်ပေမယ့် ရင်ထဲမှာ ခါးသီးစွာ ခံစားလာရတဲ့အခါ ယှဉ်ကြည့်မိသည်။

အချစ်ဆိုတာ ဘာလဲ။

သည်းခံခြင်း၊ လိုက်လျောခြင်းဆိုတာသာ အချစ်ဆိုပါလျှင် ကိုလေးနဲ့ သိမ်းပိုက် ဘယ်သူ့မှာအချစ်ရှိပါသလဲ။





ဂမုန်း မျက်ရည်ပေါက်ခနဲကျတော့ မျက်နှာချင်းဆိုင်ထိုင်နေသည့် သိမ်းပိုက်ချမ်း ကျွတ်ခနဲ စုတ်သပ်လျက် လက်ထဲက တူကိုပင်ချလိုက်သည်။ ကြားထဲက ဟေမာန် ဘယ်သူ့ကိုနှစ်သိမ့်ရမှန်းမသိ တော့ပေ။

'နင်တို့ကလည်းဟယ် စားသောက်ဆိုင်ကြီးထဲမှာ လူတွေကြည့်ကုန်ပါ့မယ်'

'ဂမုန်း ငါက လွန်ခဲ့တာမဟုတ်ဘူးနော်၊ ဒါပေမယ့် ငါ နင့်ကို တောင်းပန်ခဲ့တယ်၊ ငါဘာမှားသလဲ ပြော'

ဂမုန်း ဘာမှမပြောဘဲ နေရာမှ ဆတ်ခနဲထထွက်သွားလေသည်။

'ဂမုန်း'

ဟေမာန်နဲ့သိမ်းပိုက် ဘာမှမစားရသေးဘဲ ငွေချေခဲ့ရပြီး ထလိုက်လာကြရသည်။

ဂမုန်း ကားပေါ်မှာ တောင့်တောင့်လေး သွားထိုင်နေတော့ ဟေမာန်က နောက်ကဝင်ထိုင်ပြီး သိမ်းပိုက်ချမ်း မောင်းသူနေရာမှာ ထိုင်သည်။

ဒါပေမယ့် မမောင်းဖြစ်ပေ။

'ဂမုန်း··· နင်··· တစ်ခါတလေလာတဲ့ ဟေမာန့်ကိုတောင် မငဲ့ဘူး၊ ငါ တောင်းပန်တာလည်း မရဘူး၊ ဘာဖြစ်နေတာလဲ ပြော'



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်း ဆတ်ခနဲ လှည့်ကြည့်သည်။

'ပြောရင် နင်က ဘာလုပ်ပေးမှာလဲ'

'နင် ဘာပြောချင်တာလဲ'

'ငါမေးတာကိုပဲ ဖြေပါ'

သိမ်းပိုက်ချမ်းက ဂမုန်းကို စေ့စေ့ကြည့်ကာ…

'မပေးဘူး၊ နင်ဖြစ်ချင်တာ ငါ ဘာမှလုပ်ခွင့်မပေးနိုင်ဘူး'

'အို… ကျောင်းတက်မှာကိုလား၊ သိမ်းပိုက် နင်ပဲ စောစောကပြောတော့ ဒေါသဖြစ်လို့ပြောတာဆို'

သိမ်းပိုက်ချမ်း ခေါင်းခါပြသည်။

'အဲဒါ မဟုတ်ဘူး၊ သူ ဘာပြောတယ်ဆိုတာ ငါသိတယ်၊ ဒီမှာဂမုန်း နင်ဘာဖြစ်ဖြစ် ငါဘာပဲဖြစ်ဖြစ် နင့်ကိုငါ လုံးဝကွာမပေးဘူး၊ အဲဒါ မှတ်ထား'

'ဟင်'

ဂမုန်းက နာနာကြည်းကြည်းမဲ့၍ ဆတ်ခနဲ လှည့်သွားသည်။

'ဒီလောက်ထိ မဖြစ်ကြပါနဲ့ဟယ်၊ ဟိုတုန်းကတည်းက သူငယ်ချင်းတွေပဲဟာ၊ တစ်ယောက်အကြောင်းတစ်ယောက် မသိကြတာလည်း မဟုတ်ဘူး၊ အခု ကျောင်းမတက်ရဘူးဆိုလို့ ဖြစ်ကြတာမဟုတ်လား၊ သူကျောင်းတက်ခိုင်းနေရင်လည်း နင်က ကျေနပ်လိုက်ပါတော့'





'မဟုတ်ဘူး ဟေမာန်၊ နင် ဘာမှမသိဘူး၊ ကျောင်းတက်ဖို့ကို ငါဘယ်လောက်အလေးထားမှန်း သူသိတယ်၊ ဒါကိုပဲ သူတားဆီးတာ နှစ်ခါရှိပြီ၊ ကြောက်ပါတယ်ဆိုတဲ့လူကို ဖြဲခြောက်နေတာနဲ့ မတူဘူးလား၊ အရှုံးပေးတဲ့ သူကို ခဏခဏလက်မြှောက်ခိုင်းပြီး ရိုက်နေတာ မဟုတ်ဘူးလား၊ နောက်လည်း သူ ဒီလိုပဲ ငါ့ကို ပြောပြောပြီး အနိုင်ကျင့်နေမှာပဲ၊ ဒါကြောင့် ငါ မခံစားချင်တော့ဘူး'

'အကြောင်းပြချက်က ကောင်းလှချည်လား ဂမုန်း၊ နင် ငါ့ကို ပြတ်စဲချင်လို့ အကြောင်းရှာနေတာ၊ ဖွင့်တွေ့သွားပြီလား၊ ဒါပေါ့၊ ဟိုတစ်ယောက်က ထွက်ပေါက်က ဗျိုင်းကြီးစောင့်သလို အသေရရ အရှင်ရရ စားမယ့်သူ အဆင်သင့်ရှိတာကိုး'

'နင် နင် ငါ့ကို မစော်ကားနဲ့နော်'

'ပြောချင်အောင် နင်လုပ်တာပဲ'

အိမ်ပြန်ရောက်တဲ့အထိ ရန်ဖြစ်လို့ မပြီးသေးတော့ ဟေမာန် ခေါင်းကုတ်လေသည်။

မိုးချုပ်လို့ ထမင်းစားသောက်ပြီးတော့မှ ဂမုန်းနဲ့ဟေမာန် စကားပြောခွင့်ရလေသည်။

'ဟေမာန်'

'ဟင်'

'နင် အကြာကြီးနေနော်'



www.burmeseclassic.com

www.burmeseclassic.com



'အယ်… မဖြစ်ဘူးဟ၊ မေမေက ငါ နင်တို့မင်္ဂလာ ဆောင် မသွားလိုက်ရတာ သူ့ကြောင့်ဆိုပြီး အခုလွှတ်လိုက်တာ ဖေဖေက ခဏခဏ ခရီးထွက်တော့ မေမေ တစ်ယောက်တည်း ရယ်'

'ဒါဆို နင်က တန်းပြန်မှာပေါ့'

'အင်း နှစ်ရက်လောက်တော့ နေဦးမှာပါ'

'နင်ကလည်းဟာ'

ဂမုန်း မျက်နှာလေး ညှိုးကျသွားသည်။ တစ်အိမ်လုံးမှာ နှစ်ယောက်တည်းက မျက်နှာချင်းဆိုင်တာနဲ့ ရန်ဖြစ် တစ်ယောက် ကိုတစ်ယောက်က အကောင်းမမြင်။

ဒီအချိန်မှာ အဖော်ကောင်းတစ်ယောက်နဲ့ နေချင်မိသည်။ ဟောမာန် မနေနိုင်ပါ။

'ဂမုန်း'

'ဟင်'

'နင်တို့ကလေးမွေးရင် လှမှာဟ နှစ်ယောက်လုံး ချစ် စရာလေးတွေ'

'နင်ကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိဘူး'

ဟောမာန်က တခစ်ခစ်ရယ်ကာ…

'ငါက အကျည်းတန်တယ်လေ၊ ချစ်မယ့်သူရှိမှာမဟုတ် ဘူး၊ ရှိတာတွေကျတော့လည်း ငါမမှန်းချင်တဲ့ ဟာမျိုးတွေ၊ ဒီ





ဟာ ငါ ယောက်ျားရဖို့က မလွယ်ဘူး၊ နင်တို့မွေးမယ့်ဟာလေး တွေကိုပဲ ချီမယ် ထိန်းမယ်၊ ဒါပဲနော်၊ ပြီးမှ သည်းသည်းလှုပ် နေနဲ့၊ မွေးတာနဲ့ ငါက ခေါ်ထားမှာပဲ'

'အောင်မယ်'

'အောင်မယ် မလုပ်ပါနဲ့၊ အပိုင်မဟုတ်ဘူးလေ၊ နင်က နို့တိုက်၊ ငါက ထိန်းမယ်၊ အမေနှစ်ယောက်ပေါ့'

တစ်ယောက်ကိုတစ်ယောက် တွန်းထိုးရင်း ရယ်မိကြ ပြန်သည်။

'ကဲ… ပြောစရာတွေက မကုန်နိုင်တော့ဘူးလား'

'ဘာဖြစ်လဲ၊ ငါ တစ်ခါတလေမှ လာတဲ့ဥစ္စာ'

သိမ်းပိုက်ချမ်း စားပွဲမှ ထလာကာ ဂမုန်းဘေးမှာ ဝင် ထိုင်သည်။

'တစ်ခုခုစားဖို့ သွားလုပ်ပါလား'

'ဘယ်သူစားဖို့လဲ'

'အားလုံးစားဖို့လေ၊ ဆယ့်တစ်နာရီတောင် ထိုးနေပြီ၊ ဗိုက်တွေဆာပြီပေါ့'

သိမ်းပိုက်ချမ်း ဂမုန်းကို ချော့ဖို့ ကြိုးစားနေမှန်း ဟောမာန် ရိပ်မိ၍ နေရာမှ ထရပ်လိုက်ကာ…

'ကဲပါ ကျွန်မပဲ သွားလုပ်ပါ့မယ်၊ ကြက်ဥနဲ့ပေါင်မုန့် ကြော်ခဲ့မယ်၊ နို့ကျိုခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ထဲ နှစ်ယောက်အတူဝင်ပြီးပြီမို့ ဘယ်မှာ
ရှိတာကို ဟေမာန် သိနေပြီဖြစ်၏။

'နေပါ ဟေမာန်ရယ်၊ နင်က ချော့သည်ဟာကို၊ ငါလုပ်
ပါ့မယ်'

'ဒီရုပ်ကြီးက ချော့သည်လား၊ မိန်းမနော်၊ မစိမ်းကားနဲ့'

ဟေမာန် ထွက်သွားသည်နှင့် သိမ်းပိုက်ချမ်းက ဂမုန်း
လက်ဖဝါးလေးကို ဆွဲယူလိုက်သည်။

'ငါ့ကို စိတ်မပြေသေးဘူးလား'

'မပြေရအောင် ငါက စိတ်ကောက်နေလို့လား'

'လေသံကလည်း မာလိုက်တာကွာ၊ ဒီလောက်ချော့နေ
တာတောင်မှ'

'ချော့စရာမလိုပါဘူး၊ နင်က မှားခဲ့တာမှ မဟုတ်တာ
နေသာသလိုနေ'

သိမ်းပိုက်ချမ်း ကျွတ်ခနဲ စုတ်သပ်၍ ဂမုန်းကို စိုက်
ကြည့်နေသည်။

'နင်နဲ့ငါ့ရဲ့ကြားက သံယောဇဉ်ဟာ ချစ်ကြဖို့အတွက်
မခဲယဉ်းနိုင်ဘူးလို့ ငါထင်ထားခဲ့တာ'

ဂမုန်း လက်ကလေးပိုက်၍ မျက်လွှာချနေ၏။

စတော်ဘယ်ရီရောင် လည်ဟိုက်လက်ပြတ်လေး ဝတ်
ထားသည့် ဂမုန်းရဲ့ ပခုံးသားဝင်းဝင်းကလေးကို သိမ်းပိုက်ချမ်း





...နမ်း၍ ပြန့်ဝဲကျနေသည့် ဆံပင်ရှည် ပျော့နွဲ့နွဲ့တွေကို စုယူ
နမ်းရှိုက်သည်။

'အချစ်ဟာ အဲသလောက် ခက်ခဲနက်နဲလိမ့်မယ်လို့
ထင်ခဲ့တာ ငါဟာ မချစ်ဖူးခဲ့တဲ့ကောင်မို့ပါ၊ အချစ်မရှိလို့
ဟုတ်ပါဘူး'

ထူးဆန်းစွာ နူးညံ့သော အကြင်နာတွေဆိုနေသည့်
သိမ်းပိုက်ချမ်းရဲ့ လေသံတို့က မြတ်နိုးမှုတွေအပြည့်။

သူ ဂမုန်းကို တစိမ့်စိမ့်ကြည့်နေရင်း ပို၍ပို၍ ချစ်နေမိ
ခဲ့တာဟာ မာနများကို အရည်ပျော်စေ၏။

သူ ဂမုန်းကို ချစ်လေ၊ မင်းညီလာဟာ ဂမုန်းနဲ့ တစ်
အိမ်တည်းမှာ ကြာမြင့်စွာနေခဲ့တဲ့သူ ပြီးတော့ ဂမုန်းကလည်း
စွဲလမ်းချစ်ခင်နေတဲ့သူ။ ထိုသူ့ရင်ထဲမှာ ဘယ်လိုနေမလဲ။

သဝန်တိုစိတ်ဟာ ပြင်းပြစွာ ဖြစ်ထွန်းနေသည်။ နဂိုက
မာနကြီးသည့်စိတ်က နှုတ်ဖျားမှ မညီညာသော စကားလုံး
ကြမ်းကြမ်းတို့ကို ဖန်တီးစေခဲ့တာဖြစ်၏။

'ဂမုန်း'

'ငါ ဟေမာန့်ကို သွားကူလိုက်ဦးမယ်'

'မကူနဲ့'

သိမ်းပိုက်ချမ်းက လက်ကိုဆွဲထားလျက်...

'ငါတို့ ရန်မဖြစ်ဘဲ နေရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ချင်လို့ဖြစ်နေတာ မဟုတ်ဘူး၊ ဖြစ်စရာပြောင့် ဖြစ်တာ'

'ရုန်ဖြစ်စရာ မပြောဖြစ်အောင် နှင်နေလေ'

'အောင်မာ သူ့ကိုယ်သူကျ မပြောဘူး'

သိမ်းပိုက်ချမ်းက ရယ်၍…

'ပါတာပေါ့၊ ငါလည်းပြင်မယ်၊ ငါနှင့်ကို ဘာ ခွင့်လွှတ်တယ်၊ ဟိုကောင်နဲ့ ပတ်သက်ပြီး နှင်'

သူ စကားရပ်သွားသည်။ ဂမုန်းမျက်နှာလေး ပျက်သွား ၍ပါ။

'အိမ်ထောင်တစ်ခုကိုပဲ နှင် ခေါင်းထဲမှာထားပြီး အားလုံး မေ့ပစ်လိုက်ပါ၊ ငါ့ကိုမချစ်ရင်တောင် နှင် သူ့ကိုမေ့ပေးပါ'

ဂမုန်း ခေါင်းလေးငုံ့သွားသည်။

'ပြောလေ ဂမုန်း'

ဂမုန်း ခွန်းတုံ့မပြန်ပေ။

သိမ်းပိုက်ချမ်း မျက်နှာပျက်လာ၏။

ဒီလောက်ထိ ဂမုန်းရင်ထဲမှာ နက်ရှိုင်းနေခဲ့ပြီလား။

သူ ထပ်မမေးရဲတော့ပါ။

သို့သော်…

'ငါ နှင့်ကို အားလုံးခဝါချဖို့ တောင်းပန်တာပါ၊ ငါ သဘောပေါက်ပါပြီ'





ဂမုန်း သူ့ကိုမော့ကြည့်လေသည်။ ပြီးတော့ သူ့ပခုံးမှာ ခေါင်းလေးမှီချလိုက်၏။

မေ့မရနိုင်ပါဆိုသောအဖြေကို နှစ်သိမ့်မှုများနဲ့ ပေးလိုက် ၏းသိပေမယ့် သိမ်းပိုက်ချမ်း ချစ်သူရဲ့နှစ်သိမ့်မှုကို မြတ်နိုးသော အနမ်းများနှင့် တုံ့ပြန်ခဲ့မိလေသည်။

ငါ ရှုံးနေရတာပါ ဂမုန်းရယ်…။

○

www.burmeseclassic.com

www.burmeseclassic.com

‘တောက်’

ဖုန်းကို ဗွက်ခနဲချ၍ တောက်ခေါက်သည်။

ခေါင်းကို နှစ်ချက်သုံးချက်ကုတ်၍ ဆိုဖာနောက်မှ ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။

‘ဟဲ့… ငါ့ကိုလည်း ပြောပါဦး၊ ဟိုကဘာတဲ့လဲ’

‘လုံးဝမရဘူးတဲ့၊ မပေးနိုင်ဘူးတဲ့၊ ဘယ်လောက်ငွေ ပိုပို Export အတွက်မို့ မရဘူးတဲ့’

‘အို… ငါတို့က Export ထက် ပိုပေးထားတာပဲ’

‘အဲဒါကို မရတာ၊ ဒီကောင့်ပုံစံကြည့်ရတာ ကျွန်တော် တို့ကို သက်သက်နှိပ်ကွပ်သလိုပဲ၊ မမနဲ့များ ငြိဖူးသလား’

‘ဘာငြိတာလဲ’

‘ဘာငြိငြိ၊ တစ်ခုခုငြိထားတာ ရှိရမယ်’

‘ဒီလောက် သွေးနားထင်ရောက်နေတဲ့သူကို ငါနဲ့များ နင်မို့ထင်တယ်’





အရေးထဲ သူက စိတ်ကူးယဉ်နေပြန်ပြီဆိုသော ရှုံ့မဲ့ခြင်း များနှင့် ထိန်ဝင်းက စီးကရက်မီးညှိရင်း အစ်မဖြစ်သူကို စိတ် ချက်သလိုလှမ်းကြည့်သည်။

‘လုပ်ငန်းချင်း ရန်ငြိုးရန်စ တစ်ခုခု ဘာညာကိုပြော တာ’

ဟု ခပ်ဆောင့်ဆောင့် ပြောသည်။

‘ရှိရအောင် ငါတောင် အခုမှ ဒီအလုပ်တွေလုပ်ဖူးတာ၊ သူနဲ့ဘာအဆက်အဆံရှိမှာလဲ ထိန်ရယ်’

‘မသိဘူး၊ မမ မသိပေမယ့် သူကတော့ ရှိတာသေချာ တယ်၊ ဒါမှမဟုတ် မမယောက်ျားနဲ့ ငြိထားဖူးလို့ မမကို မကြည့် တာများလား’

‘မကြည့်စရာဘာရှိသလဲဟ၊ ငါနဲ့သူ့က စာရင်းပြတ်ပြီ ဥစ္စာ၊ ဘာမှမဟုတ်ဘူး၊ အဲဒါ ငါသိတယ်’

‘သိရင်လည်း စောစောက ပြောပါလား’

မေဥယျာဉ်က ပြုံးလဲ့လဲ့နှင့်မဲ့သည်။

‘ဂမုန်းနဲ့ပတ်သက်ပြီး သူ့ကိုငါ တစ်ခါရိုလိုက်ဖူးတယ်၊ အဲဒါပဲ ဖြစ်မယ်’

တကယ်က ဒါတွေဟာ ရင်ထဲမှာ မခံနိုင်ပြည့်ကျပ်နေ ခြင်းများကြောင့် ဖွင့်အန်ထွက်သွားခဲ့ခြင်း ဖြစ်သည်။

ဂမုန်းကို သူမ တစ်ချိန်က ချစ်ခဲ့ဖူးပါသည်။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကအစ ဆံပင်လေးအဆုံး တောရိုင်းပန်းကလေးဟာ နှမ်းထိုက်တဲ့ပန်းလို တင့်တယ်နိုင်ဖို့ သူမ မြေတောင်မြှောက်ပေးခဲ့တာဖြစ်သည်။ ဒါပေမယ့် ခုတော့ ဒီမျက်နှာ ဒီဆံပင်တွေဟာ မုန်းစရာ ဖြစ်နေခဲ့ပြီ။

'ဆင်းရဲနုံချာတဲ့ မိန်းမတစ်ယောက်ဟာ မြို့ကိုရောက်လာပြီး သူဌေးတစ်ယောက်နဲ့ ချစ်သွားတယ်၊ နောက်ထပ် သူဌေးတစ်ယောက်က ချစ်ပြီး ခိုးယူသွားတယ်၊ ကျန်ခဲ့တဲ့ သူဌေးဟာ အချစ်စိတ်နဲ့ အရက်သမားကြီး ဖြစ်သွားခဲ့တယ်၊ မိန်းမတိုင်းဟာ အဲဒီကောင်မလေးရဲ့ အငွေ့အသက်လေးလောက်တောင်မှ သူ့ကို မဖမ်းစားနိုင်ဘူးတဲ့၊ ဟိုတစ်ယောက်ကျတော့လည်း ဒီကောင်မလေးကိုပဲ ဖူးဖူးမှုတ်၊ ဘဝတစ်လျှောက်လုံး ကံဆိုးခြင်းများစွာကို ရင်ဝယ်ပိုက်ခဲ့ရတဲ့ မိန်းမတစ်ယောက်ရဲ့ နောက်ပိုင်းကံဟာ ဒီလောက်ထိ သာယာနိုင်သတဲ့လား၊ သူ ဘာဖြစ်လို့ ဒီလောက်ကံကောင်းခဲ့တာလဲ။ ဂမုန်းနက်ဆိုတဲ့ မိန်းကလေးဟာ ငါ့ရဲ့ မျှော်လင့်ချက်တစ်စကို ဖျက်ဆီးသွားခဲ့တဲ့သူ။ သူ့ကို ငါ မုန်းတယ်။ မုန်းလို့ ငါလုပ်တာ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။

'ဘာလဲ၊ ဘာလုပ်တာလဲ၊ လုပ်ရင် အောင်မြင်အောင်လုပ်လေ'

'နင် စဉ်းစားကြည့်စမ်း၊ တကယ်ဆို ငါမွေးတဲ့မျောက်က ငါ့ကိုပြန်ခြောက်တာ၊ ရလိုက်တာတွေက ငါမုန်းထားတဲ့သူနဲ့ ပေါင်းနိုင်ခဲ့တဲ့အခွင့် အခု သူနဲ့ပတ်သက်ပြီး ငါတို့ အကျိုးစီးပွားနစ်နာရပြီ'

'ဟုတ်တယ်၊ ဂမုန်းနက်ဆိုတဲ့ ဟာမလေးက ကဝေမလေးပဲ၊ ယောကျ်ားနှစ်ယောက် သူ့ကြောင့် အလူးအလဲဖြစ်နေကြတာ၊ ပွဲက ကြည့်လို့မကောင်းဘူး'

'မိန်းမချင်း ငါ သူ့ကို မရှုစိမ့်နိုင်ဘူး ထိန်၊ အဲဒါကြောင့် ဟိုနေ့က သူညီဆီသွားတာကို သိမ်းပိုက်ချမ်းဆီ လှမ်းပြောလိုက်တာ၊ မခံချင်ဖြစ်သွားအောင်နည်းနည်းရိပေးလိုက်တာ၊ အဲဒါယောကျ်ားတော့အထိမခံဘဲ ပြုံးတော့ ငါ့ကိုပြုံးတာ ရှင်းရှင်းကြီး'

'မမကိုက သူဌေးငယ်ငယ်ချောချောလေးတွေ တစ်ပုံကြီးရှိတဲ့ကြားက ဒီအဘိုးကြီးကိုမှ သွားယူတာကိုး၊ ခုတော့ အားလုံး လာဘ်ပိတ်ကုန်တာပေါ့၊ မဟုတ်ရင် ဒီကောင်နှစ်ကောင်ထဲက ကြိုက်တာဖြတ်ချရုံပဲ'

မောင်လုပ်သူက အစ်မအားကိုးနဲ့ တောက်ခေါက်နေသည်။ အစ်မလုပ်သူက သွေးကြွနေလျက် အံတကြိတ်ကြိတ်။

'ကျွန်တော် ဒီစားသောက်ကုန်လုပ်ငန်းကို လုံးဝမလုပ်ချင်တော့ဘူးဗျာ၊ စိတ်မပါဘူး၊ ဘာလုပ်လုပ်အဆင်ကိုမပြေဘူး'

'ပြေမလား၊ နင်မှဂရုမစိုက်ဘဲ၊ ဝန်ထမ်းတွေကိုချည်းပစ်ထားရတာ၊ ဒီကုမ္ပဏီဘာဖြစ်လာမှာလဲ၊ အချိုးအဆ အချိန်အတွယ်မမှန်တော့ ထွက်လာတဲ့ မုန့်တွေက ငံလိုက် ချိုလိုက်







www.burmeseclassic.com

www.burmeseclassic.com

ပျော့လိုက်၊ ကြော်ငြာကျတော့ မပြတ်အောင် မထည့်ဘူး၊ တစ်လောက်ထည့်လိုက် ငါးလလောက်ပျောက်သွားလိုက်၊ ပြန်တဲ့ကြော်ငြာကျတော့လည်း ဒါပဲ၊ ဒီခေတ်က ကြော်ငြာကောင်းတိုးတက်တာ'

'ကျွန်တော်တို့မှာ ဂရုစိုက်စရာ မိဘလည်း ရှိတော့တာမဟုတ်တာ၊ ဒီလောက်လုပ်ငန်းကြီးမလိုပါဘူး မမရာ၊ နှစ်ဝင်နှစ်ခါးလောက်အတွက် ဒီလောက်စိတ်ညစ်ခံမနေပါနဲ့၊ ဒီကမ္ဘာကြီးကို ဖြတ်ပစ်လိုက်ရအောင်ပါ၊ ခုဆို အရောင်းမြှင့်တင်ရေးဘက်က ကိုမောင်ထွက်သွားလိုက်တာလည်း လက်မောင်းဖြုတ်သွားသလိုပဲ၊ အလုပ်သမားဝန်ထမ်းတွေကိုက ကိုညီနဲ့ ကျွန်တော်တို့အပြောင်းအလဲကို သိနေကြပြီ၊ ကျွန်တော်တို့ကို လက်မခံချင်တာ'

'ဟုတ်တယ်၊ အလုပ်သမားတွေကိုက ဘယ်ကပဲလခရေအေးဆေးမယူချင်ဘူး၊ လူကို ဝါးစားလို့ရတာ ကျနေတာပဲ၊ ပုဂ္ဂိုလ်စွဲနဲ့'

မေတ္တာရဲ့ သဘောတရားကို သူမ လက်မခံချင်ပါ။

ကိုယ်ပေးတဲ့ အတိုင်းပဲ ရတတ်တဲ့ သဘောကို နားလည်ပါ။ မောင်နှမနှစ်ယောက် ခေါင်းချင်းရိုက်ကြသည်။ တစ်နေ့တော့ ဖြစ်လာမည်သာ။

○



'မိန်းမဆိုတာ လှည့်ဖျားတဲ့အမျိုး၊ ယောကျ်ားကကော့ ရှုးသွပ်တတ်တယ်၊ မိန်းမတွေလှည့်စားတာသိလျက်နဲ့ လှည့်စားခံပြီး အရူးအမူးဖြစ်နေကြတဲ့အထဲမှာ ခင်ဗျားပါနေပြီ ကိုသိမ်းပိုက်ချမ်း'

'ဟော့ကောင်.... မင်း ဘယ်သူလဲ၊ ဘာတွေလာပြောနေတာလဲ'

ဖုန်းကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း ဒေါသကဖြစ်လာသည်။ အလုပ်က အရေးကြီး၊ ဂမုန်း ခုတလော မူးမူးနေလို့ ကျန်းမာရေးမကောင်းတာကို စိတ်ကမဖြောင့်။

ဒီတယ်လီဖုန်းကတစ်မျိုး။

ဖုန်းချပစ်ဖို့လည်း လက်ကမရောက်။

'တကယ်ပြောတာဗျ။ ခင်ဗျား မိန်းမက ခင်ဗျားကို အချိုသတ်ပြီး အခြေအနေနဲ့ အချိန်အခါကို စောင့်နေတာ၊ အခု သူတို့ပြေးကြတော့မှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ'

'ဒါမျိုးကို မှန်းပြောလို့မရဘူးနော်၊ ခင်ဗျားလည်း မမြင်ရဘဲ ယုံမှာမှ မဟုတ်တာ၊ မင်းညီလာက သူ့အဖေသေလို့ ဂျပန်လစ်တော့မှာ၊ အဲဒီမှာခင်ဗျားမိန်းမ လိုက်သွားလိမ့်မယ်'

'ဟေ့ကောင်... မင်း... မင်း... ဘယ်သူလဲ၊ ဘယ်မှာလဲ၊ သတ္တိရှိရင် မျက်နှာချင်းဆိုင်ပြောကွာ'

'ဘယ်သတ္တိရှိမလဲ၊ ခင်ဗျားက မမြင်ဘဲ ယုံမှာမှ မဟုတ်တာ၊ လက်တွေ့မပြနိုင်သေးဘဲ လူလုံးပြလိုက်ရင် ကျုပ်မှာသွားမှာပေါ့၊ လာမယ့်တစ်ရက်နေ့မှာ မင်းညီလာ ဂျပန်ကိုသွားမှာ၊ ခင်ဗျားမိန်းမကို ခင်ဗျားစောင့်ကြည့်ပေတော့၊ သေချာဖမ်းချင်ရင် စိတ်ရှည်ရှည်ထားပေါ့ဗျာ၊ သူတို့ချင်း အချိန်းအဆက်လုပ်နေတာကို ကျုပ်သေချာသိလို့ပြောတာ၊ ခင်ဗျားလည်း မြင်မှပဲ ယုံပေါ့ဗျာ၊ မဟုတ်ဘူးလား၊ ဒီမှာ ပတ်ဝန်းကျင်စကားဆိုတာ ယုံသင့်တာတွေလည်း ရှိတယ်နော်၊ အားလုံးကိုပယ်ပြီး နားပိတ်ထားရင် ခင်ဗျား စုံလုံးကန်းတဲ့ဘဝရောက်သွားလိမ့်မယ်'

ဖုန်းချသွားပြီ။

သူ စားပွဲမှာ အံကြိတ်ထိုင်ရင်း ဖုန်းကို မကျေမနပ်ကြည့်မိသည်။ မဟုတ်ကဟုတ်ကဲ့တွေပဲလို့ စိတ်ကသိနေပေမယ့် ဒေါသ ဖြစ်တင်ကျန်ခဲ့တာက ပျောက်လို့မရပေ။

သူ ဖုန်းကောက်ဆက်လိုက်၏။





'ဘယ်လိုဖြစ်တာလဲ'

ဖုန်းဝင်နေပါလျက်နှင့် ကိုင်မည့်သူမရှိ။

သုံးခါတိတိ စောင့်ခေါ်သည်။

ဖုန်းမကိုင်သောအခါ...

'ဝင်းမောင်'

'ဗျာ... ဆရာ'

သူ ရုံးခန်းထဲက ထွက်လာခဲ့သည်။

'ညနေ ကုန်ရောက်ရင် မင်းသွားစစ်လိုက်'

'ဗျာ... ဟုတ်ကဲ့'

သူ စစ်ပြီးသည့် စာရင်းတွေမှာ လက်မှတ်ထိုး၍ ထွက်လာခဲ့သည်။

○

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းလာနေသံကြားပေမယ့် နောက်မှာ တဝေါဝေါထိုးအန်နေသဖြင့် ဂမုန်း အသားဆတ်ဆတ်တုန်ကာ ဖုန်းဆီကိုမသွားနိုင်ခဲ့ပေ။

ကျောင်းပိတ်ရက်မို့ ဟင်းလေးဖွယ်ဖွယ်ရာရာချက်ပြုတ်ပေးချင်ပေမယ့် မချက်နိုင်။

'ဂမုန်း'

ကားသံမကြား ဘာမကြားနှင့် နောက်ကသွားခနဲ ပေါ်လာတာကြောင့် ဂမုန်းလန့်ဖျပ် လှည့်ကြည့်မိသည်။

သိမ်းပိုက်ချမ်းမျက်နှာက ပျော့ပျောင်းနူးညံ့မှုမရှိ။

ဂမုန်းမျက်နှာကိုတင်းပစ်လိုက်ပြီး

'ဘာလဲ'

'ငါဖုန်းခေါ်နေတာ သုံးခါတောင် နင်ဘာလို့မကိုင်တာလဲ'

'မအားလို့'





'မအားဘူးဘဲ ထားပါ၊ ဒီလောက်အကြာကြီးခေါ်နေတဲ့အထိ မအားတာ ဘာလုပ်နေလို့လဲ'

'ငါလည်း ငါ့အလုပ်နဲ့ငါ ရှိနေတာပဲ သိမ်းပိုက်၊ နင့်ကို ရှင်းပြနေရဦးမှာလား၊ ဖုန်းမကိုင်မိတာ ငါ့မှာအပြစ်တော်တော်ကြီးသွားသလား'

'ဟ… ကြီးတာပေါ့၊ ငါက နင့်ယောက်ျား၊ နင့်ကို စိတ်မချလို့ နေထိုင်ကောင်းရဲ့လားလို့မေးမလို့ စေတနာနဲ့ဆက်တာ၊ နင်က လူမထင်စွာ ဂရုမစိုက်စွာ တုံ့ပြန်လိုက်တာ၊ ငါက ဘာကောင်လဲ'

ဂမုန်းမျက်နှာလွှဲပစ်လိုက်၏။

သူ ဂမုန်းရဲ့ ပခုံးနှစ်ဖက်ကို သူ့ဘက်ဆွဲလှည့်လိုက်ပြီး

'နင် ငါ့မျက်လုံးရဲ့ တည့်တည့်ကို ကြည့်စမ်းပါ၊ ငါမသိအောင် ဘာတွေလုပ်ဖို့ စိတ်ကူးရှိနေသလဲ၊ အိမ်မှာတစ်ယောက်တည်းရှိတဲ့အချိန် ဘာတွေစိတ်ကူးပြီး ဘယ်လိုနေသလဲ ပြောဟာ'

'ဘာပြောတယ်'

ဂမုန်းအသံက ဟိန်းထွက်သွား၏။

အောက်နှုတ်ခမ်းကို နာကျင်လာသည်ထိ ဖိကိုက်ကာ…

'ငါတစ်ယောက်တည်းရှိနေကာမှ ငါစိတ်ကူးချင်ရာ ကူးတာပေါ့၊ ငါကြံချင်ရာကြံမယ်၊ ဘယ်သူမှသိဖို့မလိုဘူး'

'ဂမုန်း… နင်'



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားသည့် သူ့လက်တွဲဖြုတ်ကျသွားသည်။

တစွတ်ထိုးဆန်တတ်သည့် စူးရဲသောမျက်လုံးတို့မှာ ……တငွေ့ငွေ့ ပြောင်းလွင့်သွားကာ…

'ရတယ် ကြံ့၊ နင်ကြံ့စည်ပါ၊ ငါကတော့ နင့်ကို'

သူ ချာခနဲလှည့်ထွက်လာခဲ့သည်။

နူးညံ့ရိဝေသော မင်းညီလာရဲ့မျက်နှာကို မြင်ယောင်လာ၏။ ဒီမျက်ဝန်းများမှာ ဂမုန်းကို အမြဲတမ်းမျှော်လင့်မှုတွေ ကိန်းအောင်းနေတာ သူသိသည်။

ဂမုန်း သူ့ကို မချစ်နိုင်ဘူးဆိုတာလည်း အချိန်တိုင်းသေချာနေတဲ့အဖြစ်။ ဒါဆို ဖုန်းဆက်တာ မှန်နေပြီလား။

○

'တီ… တီ'

ရောဂါသည်း၍ အိပ်ယာထဲလဲနေသမျှ ကာလပတ်လုံး သူ ဘယ်ဖုန်းကိုမှ လက်ခံစကားမပြောခဲ့ပါ။

ဒီနေ့တော့ ခရီးထွက်တော့မှာမို့…

'ဟဲလို'

'ဟဲ… ဟဲ… နေကောင်းတယ်နော် ကိုမင်းညီလာ'

'ဟုတ်ကဲ့၊ ကောင်းနေပါပြီ၊ ဒါနဲ့မိတ်ဆွေက ဘယ်သူများလဲခင်ဗျ၊ အသံကိုမကျက်မိတာတော့ ခွင့်လွှတ်ပါ'

'ရပါတယ်ဗျာ၊ ကျွန်တော်က ကိုမင်းညီလာရဲ့ အသိမိတ်ဆွေမှ မဟုတ်တာ၊ ဒါပေမယ့် ဂမုန်းရဲ့မိတ်ဆွေပါ၊ ဆင်ဖြူကျွန်း ဘုရားကြီးကုန်းပိုင်းမှာပဲ နေတာလေ'

'ဪ… ဒါဆို အခု ဂမုန်းနဲ့နေတယ်ပေါ့နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ သူ့ဆီလာတာ မဟုတ်ပေမယ့် သူရှိ… တယ်ဆိုတော့ ဘယ်မှာမှမတည်းဖြစ်တော့ဘူးပေါ့ဗျာ၊ ခွေး… လိုနေကြတာမဟုတ်လား'

'ဒါပေါ့ဗျာ'

မင်းညီလာစိတ်တွေ လန်းကြည်သွားသည်။

ဂမုန်းဆိုတဲ့ နာမည်လေးကြားသည်နှင့် သူ့မှာကြည်နူး… ပီတိဖြစ်ရလေသည်။

'ဂမုန်းကို ခင်ဗျားကယ်မှဖြစ်မယ် ကိုမင်းညီလာ'

'ဗျာ'

မထင်မှတ်သည့်စကားကြောင့် သူကြောင်တောင်တောင် ဖြစ်သွားသည်။ ထိုသူကဆက်၍…

'ခင်ဗျားမသိပေမယ့် ခင်ဗျား ဆင်ဖြူကျွန်းကို လာတုန်းက ကျုပ်သိပါတယ်'

'ဟုတ်ကဲ့ ပြောပါ'

'သိမ်းပိုက်ချမ်းဟာ ကျွန်တော်နဲ့ တစ်မြို့တည်းသားပါ၊ ဒါပေမယ့် ဂမုန်းကို နှိပ်စက်လွန်းတယ်ဗျာ၊ မကျေနပ်လို့ ကွာရှင်း ပေးလိုက်တာမျိုးလည်းမဟုတ်ဘူး၊ နေ့ရှိသရွေ့ ခင်ဗျားနဲ့ပဲ သမုတ်ပြီး ရန်လုပ် ရိုက်နှက်'

'ဘာ ဂမုန်းကို သူ ရိုက်တယ် ဟုတ်လား'

'ဟုတ်တယ်၊ ဂမုန်းခမျာ သနားစရာပါဗျာ၊ ခင်ဗျား





…နှန်ကိုသွားတော့မှာ သူသိတယ်၊ သူလည်း သိမ်းပိုက်ချမ်း သိမ်းပိုက်ထားလို့ ပေါင်းနေရပေမယ့် စိတ်က ခင်ဗျားဆီမှာပဲ၊ ခင်ဗျား သွားတော့မယ်ဆိုတော့ ပိုဆိုးသွားတာပေါ့၊ သိမ်းပိုက်ချမ်း ကလည်း နှိပ်စက်ပြီး ကွာမပေးတော့ သူ့ကိုယ်သူသတ်သေ တော့မယ် ဖြစ်နေတာ'

'ဒီလောက်ထိဖြစ်နေသလားဗျာ'

'ပိုဆိုးတယ်၊ ကျွန်တော်ပဲ အကြံပေးလိုက်တာ၊ ဂမုန်း အတွက်မခံချင်လို့ပါ၊ ချိုးမွှမ်း ခုနစ်ရက်၊ ကွဲရဲ့ ခုနစ်ရက်ပဲ၊ ခင်ဗျားလည်း လစ်တော့မှာပဲဆိုတော့ ဂမုန်းကို ခေါ်သွားလိုက် ပါ၊ ခင်ဗျားမှ မကယ်ရင် ဂမုန်းမကြာခင် သူ့ကိုယ်သူသေ ကြောင်းကြံမှာပဲ'

'နေပါဦး၊ ဒါတွေအမှန်ပဲလားဗျာ၊ အခု ဂမုန်းရှိလား၊ စကားပြောပါရစေ၊ သူသာ တစ်ခွန်းပဲဝန်ခံ၊ ဘာဖြစ်ဖြစ် ကျွန်တော် ရင်ဆိုင်ဖို့ ဝန်မလေးဘူး'

'သိမ်းပိုက်ချမ်းကို ခင်ဗျားက လျှော့တွက်ထားသလား ကိုမင်းညီလာ၊ အခု ကျွန်တော့်လမ်းဘေးက ဆက်နေတာဗျ၊ ဂမုန်းက အိမ်မှာ အဲဒီတော့ လေဆိပ်ကို စောစောရောက်နှင့်ပါစေ၊ ဂမုန်းကို ကျွန်တော်ကိုယ်တိုင် ခေါ်ထုတ်ပေးမယ်၊ ဒါပဲ'

ဖုန်းကိုင်ရင်း မင်းညီလာ စိတ်တွေလှုပ်ရှားကာ ဗိုက်ထဲ က အောင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွတ်… ကျွတ်… ကျွတ်'

ဗိုက်ကိုအသာထိကိုင်၍ သူ စဉ်းစားနေမိသည်။

ဖြစ်နိုင်သည်လည်းရှိကာ ယုံလည်းမယုံရဲပေ။

ခုတလော ဂမုန်းကျောင်းမတက်တာလည်း သူသိနေ ပြန်ရာ…။

○

'တကယ်ပြောတာပေါ့၊ သူကတော့ မင်းကို ဘယ်တော့မှ ဖွင့်ပြောမှာမဟုတ်ဘူး၊ သူ့မှာအရက်ကြောင့် အစာအိမ်ရောဂါ ဖြစ်ထနေလို့ နိုင်ငံခြားကို ထွက်ရတာ၊ ဒါပေမဲ့ သူသေမှာပါ'

'အို'

'သူ ဒီမှာမသေချင်ဘူး၊ အထူးသဖြင့် သူ့ရဲ့မကောင်းကြောင်းသတင်းကြောင့် မင်းကိုဒုက္ခမဖြစ်စေချင်ဘူးတဲ့၊ ဒါကြောင့် ဂျပန်ကိုထွက်တာ၊ သူအလွန်ဆုံးခံရင် နှစ်လပဲလို့ ဆရာဝန်က ဒိတ်ပေးထားပြီးသား'

'ကိုလေးရယ်'

'ငါတို့ချင်းက ငယ်ပေါင်းတွေဆိုတော့ သူက ရင်ဖွင့်တာပေါ့၊ သူမသွားခင် မင်းကို တွေ့ချင်တယ်တဲ့၊ ဒါပေမယ့် မဖြစ်နိုင်တော့ပါဘူးဆိုပြီး သူ မျက်ရည်ကျနေတယ်၊ အဲဒါကြောင့် ငါတို့စိတ်မကောင်းလွန်းလို့ အားလုံးတိုင်ပင်ပြီးမှ မင်းဆီကိုဆက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အိမ်ကိုလူနှာမေးသွားရင်ရပေမယ့် မင်းယောက်ျားသီး မသင့်တော်ဘူး မဟုတ်လား၊ ဒီတော့ လေဆိပ်ကို မင်းသွားလို ပါလို့ ငါတို့မေတ္တာရပ်ခံချင်တယ်၊ သူက သေရတော့မယ် ပါ၊ လေဆိပ်မှာဆိုတော့ ဘာမဆို မင်းအတွက် ပြောဆိုကော ပါတယ်၊ တင့်တယ်မှာပါ၊ သူ့အတွက် အမှတ်တရပစ္စည်းတစ် ခုပါ မင်းယူသွားလိုက်ပါနော်'

ဂမုန်း ဖုန်းကိုင်ရင်း မျက်ရည်ကျနေခဲ့လေသည်။

ကိုလေးရယ် ဖြစ်ရလေရှင်။

○

ဂမုန်းကို မြင်လိုက်တော့ သူ့စိတ်တွေ လှုပ်ရှားကာ နေရာမှ ထရပ်လိုက်မိသည်။

'ကိုလေး'

'ဂမုန်း'

သူ့ဆီလာတာပဲဆိုသော အသိကြောင့် သတိလက်လွတ် နှင့် သူ ဂမုန်းလက်ကလေးကို လှမ်းကိုင်လိုက်မိသည်။

'အို… ကိုလေး'

ဂမုန်း အလန့်တကြားနောက်ဆုတ်၏။

'ဂမုန်း တကယ်ရောက်လာတယ်နော်၊ ကိုယ် ကိုယ် ဝမ်းသာလိုက်တာ ဂမုန်းရယ်၊ ကိုယ် တကယ်ကိုပျော်သွားတာ'

'လူယုတ်မာတွေ'

ခပ်ကြိတ်ကြိတ်အသံတစ်သံနှင့်အတူ…

'ခွပ်'



www.burmeseclassic.com

www.burmeseclassic.com



မင်းညီလာ မျက်နှာလည်ထွက်သွားကာ လူပါ ပုံး
လဲကျသွား၏။

'ကိုလေး'

'ဖယ်စမ်း'

'မလုပ်ပါနဲ့ သိမ်းပိုက်၊ မလုပ်ပါနဲ့ ကိုလေးက လူမော
ပါ'

'ခွပ်'

'အောင်မလေး လုပ်ကြပါဦး'

လေယာဉ်အဆောက်အအုံထဲမှာ လူတွေ ရှုတ်ရှတ်သဲသဲ
ဖြစ်သွားကြ၏။

'ဟာ… ဟိုလူ သတိမရတော့ဘူး'

'လုပ်ကြပါဦးဟ'

'ဟောကောင်… မင်းနဲ့ ဘာပတ်သက်လို့လဲ'

'တောက်'

မိန်းကလေးတစ်ယောက်က အလယ်မှာမို့ ဘာဖြစ်ကြ
သည်ကို ခန့်မှန်းမိကာ လူတွေက သိမ်းပိုက်ချမ်းကို မကြည်သလို
ကြည့်ကြသော်လည်း ထိပ်တိုက်ဝင်မပါကြပေ။

'ဟာ… ကိုညီ'

'ကိုမင်းညီ ဘာဖြစ်တာလဲ'

'လုပ်ကြပါဦးရှင်၊ သူ… သူ… ဘာဖြစ်သွားမလဲ'





ဂမုန်း ရှေ့တိုးတော့ သိမ်းပိုက်ချမ်းက ဆောင့်ဆွဲထား
သည်။ ဂမုန်း ဆတ်ခနဲ လှည့်ကြည့်ကာ ဒေါသကြောင့် လက်
တစ်ဖက်က ရိုပ်ခနဲ မြောက်တက်သွား၏။

'ဖြန်း'

'ဟာ'

မထင်မှတ်သော အလစ်ငိုက်မို့ သိမ်းပိုက်ချမ်း ကိုယ့်ပါး
တိုယ် ပြန်စမ်း၍ လူကြားထဲမှာဆိုသော အသိက နောက်မှဝင်
ကာ မျက်နှာရဲတွတ်သွား၏။

'နင် မကျေနပ်ရင် ပြန်ရိုက်လေ၊ သတ်ပစ်လိုက်စမ်းပါ၊
သိမ်းပိုက်ရဲ့'

ကားပေါ်ပွေ့သယ်သွားကြသော မင်းညီလာဆီကို လှမ်း
ကြည့်၍

'သေတော့မယ့်လူကို မသေသေအောင် လက်သီးနဲ့ သုံး
လေးချက်ထိုးချရဲတဲ့ နင့်ကို ငါချီးကျူးပါတယ်၊ ငါကိုပါ ထိုးပါ၊
သတ်ပစ်ပါ၊ နင်မသတ်လည်း ငါသိက္ခာ ငါ့မှာဘာမှမရှိတော့ပါ
ဘူး အဟင်း'

လူတွေဝိုင်းဝန်းကြည့်နေကြတဲ့ကြားထဲမှာ ဂမုန်း သူ့ကို
လက်ညှိုးထိုးပြောနေသည်။

ငိုနေသည်။

မင်းညီလာ သွေးအလူးလူးနှင့် ကားပေါ်ပါသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

သူ့ပါးစပ်တစ်ဖက်မှာ ပူထူနေဆဲ။

ဘာတွေဖြစ်ကုန်တာလဲ။

သူ ဂမုန်းလက်တစ်ဖက်ကို ဆုပ်ထားခဲ့သည့် လက် မဖြုတ်သေးပေ။

○

အမေရယ် ဟောမာန်ရယ် ဝင်လာကြတာကို မြင်နေရလည်း သူ ထကြို့ရမှန်းမသိ။

ဟောမာန်က လက်ထဲက အိတ်ကြီး ဘုန်းခနဲ ပစ်ချကာ အနားပြေးရောက်လာ၏။

'ဘယ်လိုဖြစ်ကြတာလဲ သိမ်းပိုက်ရယ်၊ ဂမုန်းမရှိတော့ဘူးလား၊ ငါတို့ဆီ ဖုန်းဆက်မေးကတည်းက ထွက်သွားတာလား၊ ဘာဖြစ်ကြတာလဲ ပြောစမ်းပါ'

'မင်းပဲလွှန်တာ မဟုတ်လား၊ အခု ဘယ်မှာမှ ရှာမတွေ့တော့ဘူးလား'

'မတွေ့တော့ဘူး အမေ၊ ဂမုန်းပြန်လာမှာ မဟုတ်တော့ဘူး၊ ကျွန်တော် သိတယ်'

'ဟဲ့… မင်းက ဘာလုပ်လွှတ်လိုက်လို့လဲ၊ ဘယ် လောက်များ အပြစ်ကြီးကြီး ရှိလို့ဖြစ်ကြတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မှားသွားတယ် အမေ'

'အလိုလေး ငါ့သားက မှားတယ်လို့ ဝန်ခံလို့ပါလား ပြောပါဦး၊ ဘာဖြစ်ကြတာလဲလို့'

သိမ်းပိုက်ချမ်းက ဖြစ်ပုံကို သေချာပြောပြသည်။ စကားသံက ပြတ်သွားလိုက် ပြန်ဆက်လိုက်။

သူ ဂမုန်းကို လွမ်းသော လူရမ်းကားအဖြစ် နာမည်ဆိုးတွင်သွားခဲ့ရသော အပြစ်များစွာအတွက် ယူကျုံးမရခြင်းက အထင်းသား။ မျက်ရည်များပင် ဝဲနေလေသလားဟု ဒေါ်သိန်းသိန်းက သားရဲ့မျက်လုံးတွေကို မှိုးရိမ်စွာကြည့်သည်။

သူငယ်ချင်းကို တွေ့တော့တစ်မျိုး။

ဟောမာန် ငိုလေသည်။

'ဒေါသကိုလျှော့ပါလို့ နင့်ကိုငါ အတန်တန်မှာခဲ့တယ်၊ ခုတော့ နင့်ဒေါသကို သူများက လုပ်စားသွားပြီပေါ့၊ ဂမုန်း သနားပါတယ်ဟယ်၊ သူ့ခမျာ ရွှေမရှိ ငွေမရှိနဲ့ တစ်ကောင်ကြွက်ရယ်'

'ကဲပါ သားရယ်၊ အမေတို့ပါ ဝိုင်းရှာကြတာပေါ့၊ သူ ဆင်ဖြူကျွန်းကို ပြန်မရောက်ဘူးဆိုတော့ ရန်ကုန်မှာရှိမှာပါ'

ဒေါ်သိန်းသိန်းက နှစ်သိမ့်သည်။

ဟောမာန့်ငိုသံက ဂမုန်းရဲ့ ရှိုက်သံများလို သူ့ကိုချောက်ချားစေလေသည်။ ပြီးတော့ မင်းညီလာ…





ခုံတွေကြားထဲ လဲကျသွားစဉ် သူ့ကို တောင်းပန်သလို ကြည့်သွားခဲ့သော မျက်လုံးများ…

သူ့စိတ်အာရုံမှာ ဘာကိုမှ ဖျောက်မရပေ။ သိမ်းပိုက်ချမ်းဆိုသော သိမ်းပိုက်ချင်တတ်သည့် လူတစ်ယောက်ဟာ ရှိခဲ့သောစရိုက်တို့နဲ့ ခြားနားစွာ ပြောင်းလဲသွားခဲ့သည့် မျက်နှာပြင်သည် အေးစက်တည်ငြိမ်လိုက်…

ဒေါ်သိန်းသိန်းသည် သားတစ်ယောက် လေလွင့်ပျက်စီးသွားမှာစိုးကာ ဂမုန်းသတင်းကို စုံစမ်းရင်း ရန်ကုန်မှာပဲ နေဖြစ်ခဲ့၏။ ဟောမာန် ဖုန်းတွေတဂွမ်ဂွမ်ဆက်ပေမယ့် သတင်းကောင်းမရခဲ့ပေ။ သူမခမျာ ဆင်ဖြူကျွန်းမှာနေသော်လည်း အေးအေးလူလူ မနေနိုင်ရှာ။ နောက်တစ်လလောက်ကြာတော့ ရန်ကုန်ကိုရောက်လာသေးသည်။

'ဟဲ့… ကျောင်းမှာ နင်သွားမစုံစမ်းဘူးလား'

'မသွားဘဲနေမလား၊ လာမတက်ဘူးတဲ့၊ သူ့မှာနေရေးထိုင်ရေး စားသောက်ရေးနဲ့ ဘယ်လိုလုပ်ကျောင်းတက်နိုင်မှာလဲ၊ ငါ အဲဒါကို စိတ်ပူတာ'

ရန်ကုန်မှာပဲ ရှာနေရင် အားမရတော့ ခရီးတွေထွက်။ သိမ်းပိုက်ချမ်း ယောက်ယက်ခတ်နေသမျှ ဒေါ်သိန်းသိန်းက အိမ်စောင့်။

○



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်လိုလဲ ကိုသိမ်း၊ ပျောက်လှချည်လားဗျ'

'ကျွန်တော် ရှိပါတယ်'

သိမ်းပိုက်ချမ်း ခပ်ယဲ့ယဲ့ပဲ ပြုံး၍ နေရာရွှေ့ထိုင်သည်။

'လာဗျာ ထိုင်'

အိမ်မှာအလုပ်သမားမရှိတာမို့ ဒေါ်သိန်းသိန်းကိုယ်တိုင်ပဲ ဧည့်သည်အတွက် ကော်ဖီနဲ့မုန့် လာချပေး၏။

'သောက် လူလေး၊ မုန့်လည်းစား'

ပြော၍ ချက်ချင်းထွက်သွားသည်။

'ကိုယ် မင်းတို့အိမ်ထောင်ရေးကို ကြားတယ်၊ တကယ် စိတ်မကောင်းပါဘူးကွာ၊ သူ့ကိုခုထိ ပြန်မတွေ့ဘူးနော်'

'ဟုတ်တယ် ခြောက်လတင်းတင်းပြည့်သွားပြီ'

ပြော၍ သိမ်းပိုက်ချမ်းက စီးကရက်မီးညှိသည်။ ပြီးမှ

'ရှေ့…. သောက်'





ကိုဟန်စိုးကို စီးကရက်ဗူးနဲ့ မီးခြစ်ထိုးပေး၏။

ကိုဟန်စိုးက စီးကရက်တစ်လိပ် ထုတ်သောက်ကာ

'မင်း ပြီးခဲ့တဲ့လက နယ်ထွက်သွားတယ်ဆို'

'ဟုတ်တယ်၊ တစ်နေ့ကမှ ပြန်လာတာ'

'ဟာ… ဒါဆို ကိုယ်ကံကောင်းတာပေါ့၊ ဦးမိုးလွင်ကျော်တို့လည်း ပြောတယ်၊ မင်းဆီကို ဖုန်းဆက်နေတယ်၊ တစ်ခါမှ မရဘူးတဲ့၊ အဲဒါနဲ့ ကိုယ်တမင်တကာ ဒီကိုထွက်လာခဲ့တာ'

'ကိစ္စရှိလို့လား'

ကိုဟန်စိုးက တောင်းတောင်းပန်ပန်မျက်နှာနှင့်…

'ကိုယ့်ကို ခြောက်ဆယ်လောက်ပေးပါ၊ ကိုယ့်စက်ရုံကို လည်း မင်းယူပါတော့၊ ရှေ့ကတင်ခဲ့သမျှတွေ မနည်းမနောဖြစ် နေပြီမှန်း ကိုယ်သိပါတယ်၊ ဒီတစ်ခါတော့ စက်ရုံကို ကိုယ် ကျေကျေနပ်နပ်ပေးတာပါ၊ ကိုယ့်အမျိုးသမီးကလည်း အားနာလို့ ပြောနေတာပါ'

'အားမနာပါနဲ့၊ ခင်ဗျား စက်ရုံကြီးကို ကျွန်တော်က စိတ်ကို မဝင်စားတာ၊ ခြောက်ဆယ်ကို ယူသွားပါ၊ ခင်ဗျား စက်ရုံရောင်းပြီးမှပဲ ပြန်ဆပ်ပါ၊ ယူထားသမျှတွေအားလုံးထဲက သုံးပုံနှစ်ပုံပဲ ကျွန်တော့်ကို ပြန်ပေး'

ကိုဟန်စိုး ပျာပျာသလဲဖြစ်သွားသည်။

'ဒီလောက်အထိ သဘောမကောင်းပါနဲ့ ညီလေးရာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချေးငှားခဲ့တာ အတိုးဘာညာလည်း မင်း သတ်မှတ်ခဲ့တာ မရှိဘူး၊ အတိုးနဲ့ဆို ငါ့အလုပ်လက်မဲ့ဖြစ်ရတာ ကြာနေပါပြီ မင်း ကိုယ့်စက်ရုံကို ယူပါကွာ၊ အခုခြောက်ဆယ်ကို စက်ရုံကို မင်းလွှဲယူတယ်ဆိုမှ ကိုယ်ယူဖို့ အမျိုးသမီးကလည်း မှာလိုက် တယ်၊ တကယ်ပါ'

သိမ်းပိုက်ချမ်း ဒုတိယအကြိမ် မျက်နှာကို ပွတ်သပ်မိ ပြန်သည်။

ကိုယ့်သောကနဲ့ ကိုယ်လည်း အေးအေးဆေးဆေးမနေ ရပါလား။

'ကျွန်တော် ခင်ဗျားရဲ့ အထည်ချုပ်စက်ရုံကြီးကို စိတ်ကို မဝင်စားတာ ကိုဟန်စိုး၊ မိန်းမတွေနဲ့ လုံးထွေးနေတဲ့ အလုပ်ကို လုံးဝမလုပ်ချင်ဘူး'

'မင်း လုံးမထွေးရပါဘူး၊ ပိုင်ရှင်လွှဲလိုက်တာကလွဲရင် စက်ရုံမှာ စိတ်ချရတဲ့ မန်နေဂျာတွေ၊ အများကြီးရှိတယ်၊ သူ့အခွင့် နဲ့သူ့လိုင်းအတိုင်း အုပ်ချုပ်တဲ့သူတွေ သူ့နေရာနဲ့သူ ရှိပြီးသား၊ စာရင်းအင်းတွေ မင်းစစ်ဆေးရုံပဲ၊ လစာထုတ်ပေး၊ ငွေသိမ်း ဒါပဲ'

သူ ငြိမ်နေတော့ ကိုယ်ဟန်စိုးက ဆက်ပြောသည်။

'စက်ရုံက အခု ငါ့လက်ထဲမှာကျနေတာတော့ အမှန်ပဲ၊ ဒါပေမယ့် မင်းလက်နဲ့ထိရင် ဘာမဆို ရွှေဖြစ်နေတဲ့အချိန်မှာ





ခင်းသာကိုင်လိုက်ရင် တိုးတက်ပြောင်းလဲသွားမှာ အမှန်ပဲ၊ မင်းက ဦးနှောက်ပြေးတာပဲကွာ၊ စက်ရုံကို တစ်ချက်ဝင်ကြည့်လိုက်တာနဲ့ ဘယ်နေရာ ဘာလိုတယ်ဆိုတာ ချင်ချင်းသိမှာပါ'

'အဲဒါဆိုလည်း ဖြည်းဖြည်းပဲဗျာ၊ လောလောဆယ်'

'လောလောဆယ်ပဲ မင်းလွှဲယူမှဖြစ်မယ် ကိုသိမ်း၊ တော်ကြာ ယောက္ခမက ကြားက ကန့်လန့်ကန့်လန့် ဝင်ပါလာ ရင် အားလုံးစိတ်ညစ်ကြရမယ်၊ အဘိုးကြီးက လူညစ်ကြီးကွ၊ မင်းစိတ်နဲ့ လွယ်မှာမဟုတ်ဘူး၊ ယူမယ့်ဟာပဲ မြန်မြန်ယူလိုက်ပါ ကွာ၊ စာချုပ်စာတန်း ရှေ့နေရှေ့ရပ်ကိစ္စ ကိုယ်အားလုံး စီစဉ်ထား လိုက်မယ်'

သူ ခေါင်းညိတ်လိုက်သည်။

○

www.burmeseclassic.com

www.burmeseclassic.com

'ဟား… တော်ပါသေးရဲ့ကွာ၊ ရောက်လာလို့'

တမျှော်မျှော်ဖြစ်နေပုံရသော ကိုဟန်စိုးက သူ့ကားလေးကို မြင်သည်နှင့် အပေါ်ပြတင်းမှ မျက်နှာခွာသွားကာ အောက်ထပ်တံခါးဝကိုချက်ချင်းရောက်လာတာ သိမ်းပိုက်ချမ်း အားလုံးမြင်သည်။

'လာပါ လာပါ၊ ရှေ့နေကြီးတွေလည်း စောင့်ပါဦးလို့တောင်းပန်ထားရတယ်'

စက်ရုံရဲ့ အလျှားအနံ သုံးထားသည့် စက်အမျိုးအစားများနဲ့အလုံးရေစာရင်းဖိုင်တွေ အားလုံး သူ့လက်ထဲရောက်လာသည်။

စက်ရုံက အစက ဖက်စပ်ရုံကြီးဖြစ်ကာ ကိုဟန်စိုး ကိုဟန်တိုး ညီအစ်ကိုနှစ်ဦးတည်းပိုင်ဖြစ်သွားခဲ့၏။

ဒီထဲမှာ လိုပျိုကြီး ဟိုဟန်တိုးက ကင်ဆာဖြစ်ပြီး ဆုံးသွားတော့ ကိုဟန်စိုးပဲ ကျန်ခဲ့သည်။

'သူဌေး… သူဌေး'





ဆံပင်ပခုံးလောက်ဝဲဝဲလေးနှင့် မိန်းကလေးတစ်ယောက် သူတို့နားထိပြေးထွက်လာကာ…

'မမြင့်ခင်အုပ်စုက အစ်မတစ်ယောက် မီးဖွားတော့မို့ ဗိုက်နာနေတယ်'

'ဟာ'

ကိုဟန်စိုး မျက်နှာပျက်ကာ သိမ်းပိုက်ချမ်း နှာခေါင်းရှုံ့သည်။ အဲဒါကြောင့် မိန်းမတွေကို သူ မအုပ်ချုပ်ချင်တာ။

မိန်းမများ ဗာဟီရကိစ္စက ခပ်များများ။

'သူဌေး ကျွန်မ အဖွဲ့ထဲက ဟိုကောင်မလေးတစ်ယောက် မွေးတော့မယ်'

ဆံပင်ကျစ်ဆံမြီးကျစ်နှင့် ခပ်ရင့်ရင့်အမျိုးသမီးတစ်ယောက်ပါထွက်လာ၍ သတင်းပို့၏။

ဘယ်နှယ့် ဒါ သူတို့နဲ့ ဘာဆိုင်လို့လဲ။

ကိုဟန်စိုး မျက်နှာကြီး ရှုံ့တွနေတာကို ကြည့်၍ သိမ်းပိုက်ချမ်း ကားပေါ်ဝင်ထိုင်ရင်း ပြုံးလိုက်မိသည်။

'ဘယ်နှယ့် နေ့စေ့လစေ့ ဗိုက်ကြီးသည်ကြီးကို မင်းတို့က အလုပ်ခန့်ထားရသလား၊ နားမလည်ဘူးလား'

'အယ်… သူ… သူ့ဗိုက်က ပါးပါးလေးဆိုတော့ လစေ့နေမှန်းမသိဘူး သူဌေးရဲ့၊ ပြီးတော့ အရမ်းဒုက္ခရောက်နေတယ်ဆိုလို့ သနားလို့ မန်နေဂျာကို ပြောပြီးသွင်းထားတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ရှုပ်ရှုပ်ယှက်ယှက်ကွာ၊ မွေးမှာရော ဟုတ်ရဲ့လား အဘောရှင်းဖြစ်တာဆို ခက်ဦးမယ်'

'မဟုတ်ဘူး၊ သူကိုယ်တိုင်ပြောတာပါ၊ နေ့စေ့လစေ့တဲ့'

သူ့စက်ရုံမှာက အဲသလိုပါဆို။

ကိုဟန်စိုး ခေါင်းကုတ်ရင်း ပြုံးစိစိဖြစ်နေသော ကားထဲ ရောက်နေပြီဖြစ်သည့် သိမ်းပိုက်ချမ်းကို ငုံ့ကြည့်ကာ...

'ကဲ... မင်္ဂလာလို့ပဲ မှတ်တော့ ပိုင်ရှင်အသစ်ရေ၊ မင်း လက်ထဲ စက်ရုံလွှဲမှပဲ ကလေးမွေးတာနဲ့ ကြုံနေပြီ'

ကိုဟန်စိုးက တဟဲဟဲရယ်၍...

'လက်စနဲ့ ပိုပြီးမင်္ဂလာရှိသွားအောင် လူနာကို ခေါ်တင် သွားပေးပါလား'

'ရပါတယ်၊ ခေါ်လေ'

သွေးတိုးစမ်းလိုက်တာပေမယ့် သိမ်းပိုက်ချမ်းက လက်ခံ တော့ ကိုဟန်စိုး ပျာပျာသလဲ အမိန့်ပေးသည်။

'ကဲ... လူနာကို သွားခေါ်ကြ၊ အဲဒီထဲက မမြင့်ခင်နဲ့ အိမ်ထောင်သည်နှစ်ယောက်ပါ လိုက်သွား'

'ဟုတ်ကဲ့'

သိမ်းပိုက်ချမ်း နာရီငုံ့ကြည့်ရင်း ပင့်သက်ရှိုက်မိသည်။ ညကိုးနာရီ ထိုးတော့မည်။

သူ ကားပေါ်ကနေ လှမ်းကြည့်လိုက်တော့ အမျိုးသမီး တစ်ယောက်ကို တွဲထွက်လာကြတာ မြင်၏။





စက်ရုံထဲက မီးရောင်နဲ့ လူရိပ်တွေကိုပဲ ခပ်ဝါးဝါးမြင်ရ တာ သူ ကားစက်နှိုးရင်း စောင့်နေလိုက်၏။

'အား'

'ညီမ... ညီမ... ယောက်ျားနာမည် ဘယ်သူလဲဟင်၊ ဆေးရုံမှာ ယောက်ျားနာမည်ပေးရမှာကွဲ့'

'သိမ်းပိုက်ချမ်း'

'အား'

'မောင်ရင်လေး'

'ဘုရား... ဘုရား'

နာမည်ကြား၍ မဟုတ်ပါ။

ကားက အရှိန်နဲ့ ပြေးနေရာမှ ငြိမ့်ခနဲ ထိုးရပ်သွားသဖြင့် ကားပေါ်မှာ လူနာကို ပွေ့ထားသူတွေ ရှေ့စိုက်တဲ့သူစိုက်၊ မေးစေ့ ဆောင့်မိတဲ့သူဆောင့်။

ကပြောင်းကပြန်တွေ ဖြစ်ကုန်ကြတာ ဖြစ်လေသည်။

သိမ်းပိုက်ချမ်း ကားကို ရပ်ပစ်ကာ နောက်ခန်းတံခါးကို ပြေးဆွဲဖွင့်သည်။

'ခဏ... ခဏ... ဆင်းပေးကြစမ်းပါဗျာ၊ အရေးကြီး လို့ပါ'

'ဟိုမှာ ဆေးရုံရောက်နေပြီပဲရှင်၊ အထဲထိတော့ လိုက်ပို့ ပါ'



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတွေ အဓိပ္ပာယ်ကောက်လွဲကာ မျက်နှာအေး တင်းကုန်၏။ သူတို့ကို လမ်းပေါ်မှာ ချထားခဲ့မည်ဟု ထင်သွားကြပုံ။

'မဟုတ်ပါဘူး၊ လူနာကို ကျွန်တော် ကြည့်ချင်လို့ပါ'

စိတ်မရှည်တော့ဘဲ အဖျားက အမျိုးသမီးကို ဆွဲချထားသူကားထဲဝင်လိုက်၏။

တွေ့ပါပြီ ဂမုန်း…။ ကားဆိုဖာထက်မှာ ခွေခွေလေး။

'ဂမုန်း'

သူ ဂမုန်းကို ကောက်ပွေ့လိုက်တော့ ဂမုန်း သူ့ကို မြင်သွားသည်။

'သိမ်းပိုက်'

'ဂမုန်းရယ် ဖြစ်ရလေဟာ'

'သိမ်းပိုက် အား နာတယ်'

ဂမုန်းသည် သူ့လက်မောင်းကို ဆွဲညှစ်၍ ချွေးသီးတွေ ထလျက်။ သူ ဂမုန်းကို ရှေ့ခန်းပေါ် ပြောင်းတင်ကာ တစ်ယောက်က ပွေ့ထား၍ ဆေးရုံထဲ မောင်းဝင်ခဲ့သည်။

နောက်ခန်းမှာ ပါလာကြသူတွေ မျက်လုံးပြူးကုန်ကြ၏။ တစ်ယောက်နဲ့တစ်ယောက် လက်တို့မေးကြသော်လည်း အဖြေက မရ။

○



ဆရာဝန်၊ ဆရာမတွေ၊ ပါရဂူတွေ အားလုံးဆီကို သူ ရောက်သည်။ လူနာက အားနည်းနေသည်ဆို၍ သူ ဘယ်လိုမှ ထိုင်မရဘဲဖြစ်နေခဲ့သည်။

'ကျွန်တော့်မိန်းမကို အတတ်နိုင်ဆုံး အနာသက်သာအောင် ကျန်းမာအောင် ဂရုစိုက်ပေးပါ ဒေါက်တာ'

အထပ်ထပ်အပ်ခဲ့သည်။

'ဂမုန်း အားမငယ်နဲ့နော်၊ အမေလည်းရှိတယ်၊ 'တော်ကြာလာမှာ'

လူတွေရှေ့မှာ သူ မရှက်နိုင်ဘဲ ဂမုန်းနဖူးလေးကို တယုတယ သပ်တင်ပေးရင်း တဖွဖွ အားပေးသည်။ ဂမုန်းနှုတ်ခမ်းလေးတွေ ဖြူဖျော့ကာ သူ့လက်ကို အားကိုးတကြီး ဆုပ်ထားရှာသည်။

မာနတွေ ဘယ်လောက်ပဲကြီးကြီး သားသမီးမွေးဖွားခါနီးတော့ သားသမီးမျက်နှာကြောင့် အားမငယ်ချင်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားသမီးလေးကို မိစုံဖစုံ မျက်နှာပွင့်ပွင့်နဲ့ မွေးဖွားချင်ကြသည်သာ။ ဂမုန်းလည်း သည်သို့သာပဲ ဖြစ်၏။

'ဆရာမ ကျွန်တော့်မိန်းမကို ဂရုစိုက်ပေးပါ'

ဂမုန်းကို သူ့လက်ထဲက ဖြုတ်၍ မွေးခန်းထဲ ခေါ်သွားကြသည်။ သူ ဘယ်လိုမှ ထိုင်နေလို့မရပါ။

ဂမုန်းမှာ ကိုယ်ဝန်ပါသွားတာ သူ လုံးဝမသိခဲ့ပါလား။ မာနကြီးလိုက်တာ ဂမုန်းရယ်…။

ဂမုန်း၏ မာနတစ်ခုအရင်းခံ၍ သူ့ရင်သွေးလေးတို့ မျက်နှာငယ် ချို့တဲ့ခံ၍ မွေးဖွားဖို့ထိ ဆုံးဖြတ်ရက်ခဲ့သည်။

စိတ်နာ၍ မဟုတ်ပါ။

ဂမုန်း ဆုံးဖြတ်ရက်တာကို သူချောက်ချားစွာ တွေးမိနေတာဖြစ်သည်။

ဒီကြားထဲ ရက်မှာ ဂမုန်း ကျန်းမာရေးကို ဂရုမစိုက်ဘဲ စားဝတ်နေရေးအတွက် ရုန်းကန်နေခဲ့ရှာမည်။

ဒီအတွက် ကိုယ်ဝန်ကတော့ အားနည်းခဲ့ပေမည်။

သူ့ရင်ထဲမှာ ပူလောင်နေ၏။

'သား'

ဆွဲခြင်းနဲ့အပြည့် ဘာတွေမှန်းမသိ။

သူဖုန်းဆက်လိုက်သဖြင့် ဒေါ်သိန်းသိန်း ရောက်ချလာသည်။





'မွေးပြီလား သား၊ ကျန်းမာရဲ့လား၊ သမီးရော'

'မွေးခန်းထဲမှာ အမေ၊ လူမှာ အားနည်းနေတယ်လို့ ဒေါက်တာပြောလို့ ကျွန်တော် စိုးရိမ်နေတာ'

'အို… အဲဒါ ဆရာဝန်တွေဆီ ခဏသွားဦးမယ်'

မိန်းမသားဆိုတော့ မွေးခန်းထဲဝင်ချသွားတာ အလွယ်တကူ အတော်ကြာတော့ ပြန်ထွက်လာ၏။

'မွေးတော့မယ် သား၊ မပူနဲ့၊ အားလုံးဂရုစိုက်ကြတယ်'

မပူနဲ့ပြောလို့ မပူဘဲ နေလိုက်လို့ရလျှင် ဘယ်လောက်ကောင်းမလဲ။ သိမ်းပိုက်ချမ်း လက်သီးဆုပ်ထားမိတာ ဖြေမချဖြစ်။

○

www.burmeseclassic.com

www.burmeseclassic.com

'ကလေးရော လူကြီးပါ ကျန်းမာတယ်၊ သောကြာနေ့ည ဆယ်နာရီတိတိမှာ သမီးလေးမွေးတယ်၊ ငါတို့က နာမည်ပါ ရွေးပေးပြီးပြီ'

'ဟယ်… ဟေမာန်'

ဟေမာန်တို့က လူမလာခင်ကတည်းက အသံကိုအရင် လွှတ်လိုက်တာဖြစ်သည်။

ဆွဲခြင်းနဲ့ အိတ်တွေနဲ့ ဒေါ်သိန်းသိန်းနဲ့အတူ ဝင်လာရင်း ဟေမာန့်ပါးစပ်က အနားရောက်လာတဲ့အထိ တောက်လျှောက်မနား။

'ဟင်း… ခုမှ ဟေမာန်မလုပ်ပါနဲ့၊ သူပဲရက်ရက်စက်စက် ပစ်ထားခဲ့ပြီးတော့၊ ငါတို့မှာ ဘယ်လောက်ယောက်ယက်ခတ်သွားတယ် မှတ်လဲ'





'ပြန်မစနဲ့ ဟေမာန်၊ ဂမုန်း စိတ်ညစ်သွားလိမ့်မယ်'

'အောင်မလေး ကဲနေလိုက်တာ၊ ဟုတ်ကဲ့ပါ၊ ကျွန်မ ပါးစပ်ပိတ်ထားပါ့မယ်'

ဂမုန်းက တစောင်းလေးလှဲနေရာမှ ပြုံးနေသည်။

'ပိန်သွားလိုက်တာ သူငယ်ချင်းရယ်၊ ဒါပေမယ့် ပါးလေးတွေ နှုတ်ခမ်းလေးတွေ ဝိုရဲလာတယ်၊ ပိန်ပေမယ့် ဖြူဖျော့ဖျော့လေးဖြစ်မသွားဘူး၊ လှတဲ့သူများ ကြံဖန်လှတယ်နော်'

'ဟုတ်တယ်၊ ငါ့သမီးနား သိပ်မကပ်နဲ့ နင့်အကျည်းတန်တွေ ကူးကုန်မယ်'

'သိမ်းပိုက်ကလည်း'

ဂမုန်းက ဝင်ဟန့်သည်။

'အောင်မလေး ပြောပါစေ၊ ရိုးနေပါပြီ၊ ဒီမှာ ကလေးမွေးရင် ငါမွေးစားဖို့ ဂမုန်းကို အစကတည်းက ပြောထားပြီးသား၊ ပြောလိုက်လေ သူငယ်ချင်း'

ဂမုန်းကပြုံး၍ ထောက်ခံခြင်းမပြုသောအခါ…

'ဟဲ့… ပြောလိုက်လေ'

'ဟား… ဟား'

'ကြည့်စမ်း'

အားလုံး ဝိုင်းရယ်ကြတာ ဆရာမလေးတွေပါ ပါလေသည်။ ဂမုန်းက သီးသန့်ခန်းထဲမှာမို့ ပို၍လွတ်လပ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟောမာန်က အနှီးလေးနဲ့ ထွေးထားသည့် ကလေးကို အသာလှပ်ကြည့်ကာ

'ချစ်ဖို့ကောင်းလိုက်တာဟယ်၊ နှုတ်ခမ်းကလေးက ထောင့်ချိုးညီပြီး ရဲတွတ်နေတာပဲ၊ အယ်… အယ်… ပါးစပ်ပြင်လိုက်တာ ပါးချိုင့်လေးပေါ်သွားတယ် ကြည့်စမ်း၊ လှလိုက်တာ၊ မျက်တောင်လေးတွေကို ကော့ပျံနေတာပဲ၊ မျက်ခုံးကြီးကျတော့ ဖအေတူသွားလို့ မလှပါဘူး'

အားမလို အားမရနှင့် ဟောမာန်က ကလေးကို ချို၍ သေသေချာချာ ကြည့်သည်။

'အမေက ဇင်ယော်တောင်ပံလို ကော့ပျံနေတဲ့ မျက်ခုံးလေးနဲ့ ဖအေနဲ့တူတော့ မျက်ခုံးက ထူထူထဲထဲကြီးဖြစ်သွားတာပေါ့၊ ဘာမဆို အနိုင်လိုချင်တဲ့ အတ္တမျက်ခုံးကြီး'

'ဟောမာန် နင် လွန်ပြီနော်၊ ငါ့သမီးကို မဦးမချွတ်'

'ငါ့သမီးကလည်း ပါးစပ်ကမချပါလား၊ ဟုတ်ပါ့ဟယ်၊ ဦးသိမ်းပိုက်ချမ်းကြီးရဲ့ သမီးပါ'

သိမ်းပိုက်ချမ်း ဆံပင်တစ်ချက်သပ်၍ ဟဲခနဲ ရယ်သည်။

ဘာလုပ်ရမှန်းမသိ မျက်လွှာချလျက် ဂမုန်းပါးလေးနားကို ကပ်ကာ…

'သမီးလေးကို ချစ်လားဟင်'

ဒါကို ဟောမာန်ကြားဖြစ်အောင် ကြားလျက်…





'အဖေကိုချစ်သလားလို့ မေးစမ်းပါဟယ်၊ ကိုယ့်မိန်းမကိုယ် ရည်းစားစကားမပြောရဘူးလို့ ဘယ်သူမှ တားမထားပါဘူး'

ဒေါ်သိန်းသိန်းက ဂမုန်းအတွက် အချိုပေါ့ပေါ့နှင့်ကော်ဖီဖျော်ရင်း ရယ်နေသည်။

ခုမှပဲ သားအတွက်လည်း စိတ်အေးရ၏ မြေးလေးလည်းရသူမ စိတ်ထဲမှာ အေးချမ်းနေလေသည်။

'ဟေး… တယ်သာယာနေပါလားကွ'

'ဟာ… လာ… ကိုဟန်စိုး၊ ကျေးဇူးပါပဲဗျာ'

'ဘာခုမှ ကျေးဇူးလဲ၊ ဒါလောက်နဲ့ မရဘူးနော်'

'ဘယ်ဒါလောက်ဟုတ်မလဲ၊ ခင်ဗျားကို ကျေးဇူးဆပ်တဲ့ ပွဲကို လုပ်ဦးမှာ'

'ဟား… ဟား… ဝါးရချည်သေးရဲ့'

ကိုဟန်စိုးကို ကိုယ့်သူဌေးအဖြစ်သာ မြင်တွေ့ဖူးခဲ့သော အလုပ်သမလေးအဖြစ် ဂမုန်းက ငေးကြည့်နေသည်။

ကိုဟန်စိုးက ဂမုန်းကို ပြုံးပြရာ…

'စက်ရုံက ခင်ဗျားတို့စက်ရုံဖြစ်သွားပြီ၊ တိုက်တိုက်ဆိုင်ဆိုင် ခင်ဗျားဗိုက်နာမှပဲ သူ့ကိုအဲဒီညက စက်ရုံလွှဲတဲ့ပွဲ ရုံးခန်းမှာ လုပ်နေတာလေ'

ပြော၍ ရယ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ... ကဲတွေကတော့ မျက်နှာသာပေးနေပြီ၊ ကိုယ့်စက်ရုံက မင်းတို့ကို အကျိုးပေးမယ့်နိမိတ်တွေနော်'

'စိတ်ချစမ်းပါ'

'ဖြစ်သွားပြီ အန်တီ တွေ့လား၊ ကျွန်တော့်မှာ စက်ရုံယူဖို့ကို ဘယ်လောက်ပြောယူရသလဲ ကြည့်စမ်း'

ကိုဟန်စိုး ဒီနေရာမှာ ကလေးလုပ်၍ တိုင်တောနေသဖြင့် အားလုံးရယ်နေကြသည်။

သူ ဂမုန်းလက်ဖဝါးလေးကို မနာအောင် ဆုပ်ညှစ်၍

'ဂမုန်း'

'ဟင်'

'နောက် ဘယ်တော့မှ ထွက်မသွားရဘူးနော်'

'အင်း'

'ဒီတစ်ခါဆို နင်သွားတဲ့နောက် သမီးလေးပါ ပါတော့မှာ၊ ငါ့ကို ရူးအောင် မလုပ်ပါနဲ့ ဂမုန်းရယ်၊ ဒီမှာကြည့်စမ်း၊ အသဲတစ်ခြမ်းပြာကျနေပြီ'

'တစ်ခြမ်းကျန်တာ တော်သေးတာပေါ့'

ဟေမာန်က ပြုံးစိစိပြောကာ ကလေးကိုပွေ့၍ ထထွက်သွားလေသည်။

သူ့ခမျာ ဒီမနက် ရန်ကုန်ကိုအရောက် ဒေါ်သိန်းသိန်းက ဆေးရုံကိုလာဖို့ ဆွဲခြင်းနဲ့အတွက် တစ်ခါတည်း ပါချလာခြင်း



BURMESE CLASSIC .com



ဖြစ်သည်။ ဟေမာန်ထွက်သွားမှ ဒေါ်သိန်းသိန်းနဲ့ စကားပြောနေသည့် ကိုဟန်စိုးကို တစ်ချက်ကြည့်၍...

'ကိုဟန်စိုးရဲ့ စက်ရုံကိုသာ အဲဒီညက ငါမရောက်ခဲ့ရင် ငါ့ကားနဲ့ တိုက်တိုက်ဆိုင်ဆိုင် လိုက်မပို့မိရင် နင် ငါ့အပေါ် မာနတွေထားပြီး ငါတို့မိသားစု ဆင်းရဲဒုက္ခတွေနဲ့ ဘယ်လောက် ဝေးနေကြဦးမလဲ မသိဘူး'

'နင် ငါ့ကို လေယာဉ်ကွင်းမှာ လုပ်လိုက်တာ ငါ တအားရှက်သွားလို့'

'အဲဒါ ငါတို့လုပ်ကြံခဲ့ရတာ'

သူ ပြောပြနေတော့ ဂမုန်း မျက်လုံးကလေးပြူး၍ နားထောင်နေသည်။

'အဲဒါ ဘယ်သူ လုပ်တာလဲဟင်'

'သိတယ်၊ ဒါပေမယ့် မသိတာပဲကောင်းပါတယ်၊ အဲဒါတွေ မေ့လိုက်တော့နော်၊ တို့မှာ သမီးလေးရှိနေပြီ၊ ငါလည်း နင် မကြိုက်တာတွေကို ပြင်မယ်၊ နင်ကလည်း ငါ့ကို နားလည်ပေးပါ'

ဂမုန်း သူ့ကိုမော့ကြည့်၍ ခေါင်းလေးညိတ်ပြသည်။

'သိမ်းပိုက်'

'ဟင်'

'ငါလေ နင့်ကို စိတ်နာပြီး ဝေးဝေးနေခဲ့မိတာ ချစ်လို့ ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ'

'ငါ့ကို အထင်လွဲရက်တယ်ဆိုပြီး ငါတမြေ့မြေ့ခံစားနေရတော့ တစ်နေ့မှလည်း နင့်ကိုမေ့မရဘူး'

'ဟား'

သူ ရင်ထဲမှာ လှိုက်ခုန်လိုက် ဂမုန်း နဖူးလေးကို ငုံ့နမ်းလိုက်မိ၏။

'ဟယ်… ဆရာဝန်တွေ လာကုန်ပြီ၊ လာပြီ၊ လာပြီ'

ဂမုန်းကို နမ်းစဉ် ဖျတ်ခနဲ ပြန်မတ်သွားမိတော့ ဟေမာန်က ခစ်ခနဲရယ်၍

'သမီးလေးက ငိုမလို့ ဟန်ပြင်နေတာကိုး၊ မငိုနဲ့နော်၊ ဆရာဝန်ကြီးတွေ ရိုက်လိမ့်မယ်'

သူ့မျက်နှာ ရှုတည်တည်ကြီးဖြစ်သွားတာကိုကြည့်၍ ဂမုန်းက ပြုံးသည်။

'ဟား… ဟား… ဟား'

စကားပြောနေသည့် ကိုဟန်စိုးက မမြင်ယောင်ပြုနေသော်လည်း ဟေမာန့်စကားနဲ့သူ့အဖြစ်ကိုမြင်ကာ တဟားဟားထရယ်လေသည်။

'သိမ်းပိုက်'

'ဘာလဲ ဂမုန်း ပြောလေ'

'သမီးလေးအတွက် ငါ နာမည်ရွေးထားတယ်'





'ဟုတ်လား ပြောစမ်း ဘာတဲ့လဲ'

'သမီးက နင်နဲ့တူတာ သောကြာသမီးလေ'

'ဟုတ်တယ်'

'သိမ်းပိုက်ရတနာလို့ ခေါ်မယ်'

'သိမ်းပိုက်ရတနာ'

'အင်း… နင်ကြိုက်လား'

သူ ဂမုန်းလက်ဖဝါးလေးကို နှုတ်ခမ်းမှာကပ်ထား၍…

'သိပ်လှတဲ့ နာမည်လေးပဲ၊ ဒါပေမယ့် နင့်နာမည်မပါဘူး'

'တမင်မထည့်တာ ဂမုန်းနက်ရဲ့ဘဝက ကြမ်းခဲ့ပါတယ် သိမ်းပိုက်ရယ်၊ သမီးလေးကို ငါ့လိုကြိုးစားစေချင်ပေမယ့် ငါ့ဘဝမျိုး မဖြတ်သန်းစေချင်ဘူး'

သိမ်းပိုက်ချင်း ကျေနပ်စွာ ခေါင်းညိတ်သည်။

နိဂုံးမှာစွာ ဆုံးဖြတ်၏။

သမီးလေးနဲ့ ဂမုန်းအတွက် သူဟာ ထာဝရအေးမြတဲ့ အရိပ်သာ ဖြစ်ရမည်ဟု…။

သျှင်မ

www.burmeseclassic.com